ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
tw(12)? trw(11) 2002 rw 7 wi pwixwa0on 1375 cEp? uqevqe; 13 &u ? A'[; ? (ar 22 ? 2013)

TRI
LIVES BRILLIANTLY



# မြို့တော်ရန်ကုန် ပြန်လည်အသက်ဝင်တော့မလား

**မိုးညို၊ ဆွေမွန်**

အင်္ဂလိပ်အစိုးရက အကွက်ချပျိုးထောင်ခဲ့သော ယနေ့ရန်ကုန်မြို့တော်မှာ နှစ်ပေါင်းနှစ်ရာကျော်ကြာမြင့်နေပြီဖြစ်ပြီး ပြီးခဲ့သည့်တပ်မတော်အစိုးရကာလတစ်လျှောက်လုံး မြို့တော်၏အင်္ဂါရပ်မှာတဖြည်းဖြည်း ယိုယွင်းပျက်စီးမှုများနှင့် ပုံရိပ်မှာ မှေးမှိန်လာခဲ့ရသည်။

စာ(၈)သို့

**ရန်ကုန်မြို့ လမ်းမတော်မြို့နယ်အတွင်း ချဲ့ထွင်ထားသော ကမ်းနားလမ်းမကြီးအား လွန်ခဲ့သည့်နှစ်လခန့်ကတွေ့ရစဉ်**
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ပြည်တွင်းလေကြောင်း လုံခြုံမှု ခရီးသည်အချို့ မေးခွန်းထုတ်

**ခန့်ထက်**

**ရန်ကုန်၊ မေ-၂၀**

ပြည်တွင်း၌ လေယာဉ်ခရီးသွားလာမှုများပြားလာပြီး လက်ရှိဖြစ်ပေါ်နေသော လေယာဉ်မတော်တဆဖြစ်မှုများကြောင့် ခရီးသည်များက အသက်အန္တရာယ်လုံခြုံစိတ်ချရမှုအပေါ် စိုးရိမ်လျက်ရှိသည်။

ပြည်တွင်းလေကြောင်း ခရီးစဉ်များတွင် ခြောက်လအတွင်း မတော်တဆမှုနှစ်မှုဖြစ်ခဲ့သည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ဟဲဟိုးလေဆိပ်အနီး၌ အဲပုဂံလေယာဉ်ပျက်ကျခဲ့ပြီး လူနှစ်ဦးသေဆုံးခဲ့သည်။ မေ ၁၆ ရက်တွင်မြန်မာ့လေကြောင်းမှ MA-60 လေယာဉ်သည်မိုင်းဆတ်လေယာဉ်ကွင်းသို့ဆင်းသက်စဉ်ဘရိတ်စနစ်ချို့ယွင်းမှုကြောင့် ပြေးလမ်းကျော်ဆင်းခဲ့၍ လူနှစ်ဦးဒဏ်ရာရရှိခဲ့သည်။

"အခုဆို လေယာဉ်စီးရမှာကြောက်တယ်။ MA-60 မဖြစ်ခင်တုန်းက MA- 60ကို စီးဖို့ကြည့်တာနဲ့ကြောက်တယ်"ဟုလေယာဉ်ဖြင့်မကြာခဏခရီးသွားလေ့ရှိသော အသက် ၂၅နှစ်အရွယ်ကို ဝေယံကပြော သည်။

ပြည်တွင်းရှိလေယာဉ်များစီးပါက အင်ဂျင်စက်သံကြားရုံဖြင့် ကြောက်နေကြပြီး မြန်မာ့လေကြောင်း လေယာဉ်များက လုံခြုံရေးအတွက် စိတ်ချရမှုမရှိဟုထင်မှတ်မိကြောင်း ၎င်းကပြောသည်။

ပြည်တွင်းရှိလေကြောင်းလိုင်းများ လုံခြုံစိတ်ချမှု ရှိစေရန်အတွက် လေယာဉ်များ၏ စိတ်ချရမှု၊ လေယာဉ်မှူးများနှင့်လေယာဉ်စက်ပြင်အင်ဂျင်နီယာများ၏ကျွမ်းကျင်မှုသည်အဓိကဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ လေယာဉ်မတော်တဆ စုံစမ်းရေးညွှန်ကြားရေးမှူး ဦးမျိုးသန့်ကပြောသည်။

"ဒီအတွက်ကကျွန်တော်တို့ကနေပြီး စစ်ဆေးမှုတွေ လုပ်ရပါတယ်။ အဓိကမတော်တဆမှုဖြစ်ရတာက လူရယ်၊ စက်ရယ်၊ လေကြောင်းလမ်းညွှန်ဆိုတဲ့ မီဒီယာအပိုင်းက တစ်ခုခုချို့ယွင်းလို့ဖြစ်တာ" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံရှိလေဆိပ်များအနေဖြင့် အဓိကလိုအပ်ချက်မှာ လေကြောင်းလမ်းညွှန်စက်ကိရိယာများဖြစ်ပြီး ခေတ်မီလေကြောင်းလမ်းညွှန်စက်များတပ်ဆင်ထားသည့်ကွင်းအား ဆင်းသက်ရာတွင် လေယာဉ်မှူးများအတွက် ပိုမိုလွယ်ကူကြောင်းမြန်မာ့လေကြောင်းမှ လေယာဉ်မှူးဦးသန်းထွေးက ပြောသည်။

စာ(၈)သို့



**"တစ်ချိန်တုန်းကတော့ ဟုတ်ပါတယ်၊ တိုင်းပြည်ရဲ့ ဝင်ငွေဟာ သယံဇာတအပေါ်မှာ မှီခိုနေရတယ်ဆိုတာ မှန်ပါတယ်၊ အခုတော့ မလိုပါဘူး"**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် တွေ့ဆုံခြင်း

စာ(၃၃)သို့



**"အစိုးရသစ်လက်ထက်မှာ မျှတတဲ့ ပြိုင်ဆိုင်မှုဆိုတာဖြစ်လာတယ်"**

ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် တွေ့ဆုံခြင်း

စာ(၂၀)သို့



7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013



*အဲမန္တလေး လေကြောင်းလိုင်းမှ လေယာဉ်တစ်စီးကို မေ ၁၈ ရက်က တွေ့ရစဉ်*

ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

# ပြင်ဆင်လိုက်သော လေယာဉ်အက်ဥပဒေကြောင့် နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်

**ခန့်ထက်**

**ရန်ကုန်၊ မေ-၁၉**

နှစ်ပေါင်း ၇၉ နှစ်ကြာပြီဖြစ်သော မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေအား နိုင်ငံတကာစံချိန်မီ ပြင်ဆင်မည်ဖြစ်သောကြောင့် နိုင်ငံတကာနှင့်လေကြောင်းဆိုင်ရာ ကိစ္စများ ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေနိုင်မည်ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

၁၉၃၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေအား ပြင်ဆင်သည့် ဥပဒေကြမ်းကို မေလ ၁၉ ရက်၌ နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။

"အခုလို နိုင်ငံတကာစံမီပြင်တဲ့အတွက် နိုင်ငံတကာနဲ့ ဆက်သွယ်တဲ့အခါ ပိုအဆင်ပြေတယ်။ ကမ္ဘာက နိုင်ငံတကာလေကြောင်းအဖွဲ့ချုပ်ရဲ့ သတ်မှတ်ချက်ကို အသုံးပြုတဲ့အတွက်၊ မြန်မာကလည်း အဖွဲ့ဝင်ဖြစ်တဲ့အတွက်ပြင်ဆင်ရတယ်" ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူး ဦးမျိုးသန့်က ပြောသည်။

ဥပဒေကြမ်းတွင် ခေတ်နှင့်မလျော်ညီသော စကားလုံးများကို ပြင်ဆင်ခေါ်ဆိုခြင်း၊ လေယာဉ်များ၏ ဒဏ်ကြေးအခွန်ကောက်ခံရာတွင် ယခင်ဈေးနှုန်းများသည် နည်းပါးသောကြောင့် ပြောင်းလဲခြင်း၊ အသုံးအနှုန်းဝေါဟာရများ ထပ်မံဖြည့်စွက် ခေါ်ဆိုခြင်းဖြစ်သည်။

"အရင်က အခွန်ဆောင်တဲ့နှုန်းက ကျပ် ၂၀၀ ဆိုရင် ကျပ် ၂၀,၀၀၀ ကိုပြောင်းတယ်။ လိုင်စင်ဆိုရင် လိုင်စင်တစ်ခုတည်းမဟုတ်ဘဲ သင်တန်းဆင်းလက်မှတ်လိုမျိုး အသုံးအနှုန်းတွေ ထပ်ဖြည့်တာမျိုးတွေပါ" ဟု ဦးမျိုးသန့်က ပြောသည်။

အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) က ၂၀၁၁ ခုနှစ်တွင် လေကြောင်းဦးစီးဌာနသို့ လာရောက်စစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံ၏ လေယာဉ်အက်ဥပဒေနှင့်ပတ်သက်၍ အားနည်းချက်များကို ပြင်ဆင်ရန် အကြံပြုခဲ့သည်။ ယင်းပြင်ဆင်သည့်ဥပဒေကြမ်းအား လာမည့်လွှတ်တော်တွင် တင်ပြသွားရန်ရှိကြောင်း လေကြောင်းဦးစီးဌာန၏ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

## သီလဝါမှ အမှိုက်များ ထားဝယ်ချောင်တွင်သာ စွန့်ရမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ မေ-၁၈**

သီလဝါအထူးစီးပွားရေးဇုန်မှ ထွက်ရှိလာသည့်စွန့်ပစ်ပစ္စည်းများကိုထားဝယ်ချောင်အမှိုက်ပုံတွင် စွန့်ပစ်ရမည်ဟု သတင်းရရှိသည်။

စွန့်ပစ်အမှိုက်များတွင် ဘေးအန္တရာယ်မရှိသည့် စွန့်ပစ်ပစ္စည်းများကိုသာစွန့်ပစ်ရန် သဘောတူညီမှုရထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုဌာနမှူးကပြောသည်။

"အန္တရာယ်မရှိတဲ့အတွက်စွန့်ပစ်စေဖို့လုပ်တာပါ"ဟု ဒုဌာနမှူးကပြောသည်။

ထားဝယ်ချောင်နောက်ဆုံး စွန့်ပစ်အမှိုက်ပုံတွင် အမှိုက်မီးရှို့စက်တည်ဆောက်ရန် ကုမ္ပဏီငါးခုကို ပဏာမရွေးချယ်ထားကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

"ထားဝယ်ချောင်က မြေဧရိယာနည်းတာရယ်၊ သီလဝါအထူးစီးပွားရေးဇုန်က Waste တွေ စွန့်ပစ်ဖို့ရယ်ကြောင့် မီးရှို့စက်လုပ်ဖို့ ရွေးထားတာ" ဟု ဒုဌာနမှူးကပြောသည်။

မြန်မာနိုင်ငံမှ ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ ၄၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမည့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းသည် ယခုနှစ်စက်တင်ဘာလတွင် အခြေခံအဆောက်အအုံများ စတင်ဆောက်လုပ်ပြီး ၂၀၁၅ တွင် ဇုန် စတင်လည်ပတ်ရန် အစိုးရက ရည်ရွယ်ထားသည်ဟု သတင်းရရှိသည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.11 ▪ MAY 22 , 2013

# လတ်တလောလွှတ်တော်တွင် တပ်မတော်သား ၂၅ ရာခိုင်နှုန်းရှိနေသေးဟု ဦးသိန်းစိန်ပြော



*ဝါရှင်တန်ဒီစီရှိ ဗီအိုအေရုံးခန်းတွင်တွေ့ရသည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်*

ဓာတ်ပုံ - ခင်မေဇော်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ မေ-၂၀**

လက်ရှိအချိန်တွင် လွှတ်တော်အတွင်း တပ်မတော်သား ၂၅ရာခိုင်နှုန်းရှိသင့်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ၎င်း၏အမေရိကန်ခရီးစဉ်အတွင်း ထည့်သွင်းပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် VOA မြန်မာပိုင်းသတင်းဌာနနှင့်မေ ၁၉ ရက်တွင် ပြုလုပ်ခဲ့သော တွေ့ဆုံမှု၌ ယင်းသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

"တိုင်းပြည်မှာ အခက်အခဲ အကျပ်အတည်းတွေတွေ့တိုင်း တပ်မတော်ကနေ ဝင်ရောက်ပြီး ဆောင်ရွက်ခဲ့တာတွေရှိပါတယ်။ ၂၅ ရာခိုင်နှုန်းဆိုတာက လွှတ်တော်ထဲမှာ လောလောဆယ်မှာတော့ရှိသင့်ရှိထိုက်တယ်။ သို့သော်လည်းပဲ တဖြည်းဖြည်းဒါတွေဟာ ကျွန်တော်တို့ လျော့ပါးလာမယ်။ နည်းပါးလာမယ်။ ဒီလိုပဲမြင်မိပါတယ်"ဟုဦးသိန်းစိန်ကတပ်မတော်သား ၂၅ ရာခိုင်နှုန်း လွှတ်တော်ထဲတွင် ပါဝင်နေမှုအပေါ် အစိုးရ၏ သဘောထားအားမေးမြန်းရာတွင် ဖြေကြားသွားသည်။

၂၀၁၅ ခုနှစ် မတိုင်မီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများလုပ်ဆောင်ရာ၌ တပ်မတော်သား ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း နေရာယူမှုရာခိုင်နှုန်းကို ပြင်ဆင်သင့်ကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဦးအေးသာအောင်က သုံးသပ်သည်။

"တိုင်းပြည်မှာပြုပြင်ပြောင်းလဲရေးတွင် လုပ်နေပါတယ်လို့သူ (သမ္မတ ဦးသိန်းစိန်) ကပြောနေတယ်။ ၂၅ ရာခိုင်နှုန်း ဆက်ပါနေရင်တော့ အပြောနဲ့အလုပ်မညီတော့ဘူး"ဟု ဦးအေးသာအောင်ကပြောသည်။

ယခုလဆန်းပိုင်းတွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၅ ခုနှစ်မတိုင်မီ အမြန်ဆုံးပြုပြင်လိုကြောင်း ပြောဆိုခဲ့သည်။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် လွှတ်တော်တွင်း တပ်မတော်သား ၂၅ ရာခိုင်နှုန်းပါဝင်နေမှုသည် အဓိကအခက်အခဲတစ်ခုဖြစ်နေကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ပြောသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များလွှတ်တော်ထဲ၌ ပါဝင်နေမှုနှင့် ပတ်သက်၍ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုပြုံးချိုက "လွှတ်တော်ထဲမှာပါမှ အရာအားလုံးကိုဖြေရှင်းလို့ရတာ မဟုတ်ပါဘူး။ တက်လာတဲ့ အစိုးရပေါ်မှာ သစ္စာခံမှုရှိရမယ်။ ပြည်သူလက်ခံတဲ့အစိုးရအဖွဲ့တွေတပ်မတော်တွေပေါ် လာရင်တိုင်းပြည်ကောင်းကျိုးတွေလုပ်လို့ရတဲ့ နိုင်ငံတကာသာဓကတွေရှိပါတယ်"ဟုပြောသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းထားပုံအခြေခံဥပဒေတွင် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကိုအစဉ်တစိုက်ဦးတည်သည်ဟု ထည့်သွင်းရေးဆွဲထားသည်။

## ဦးအောင်မင်းနှင့် ABSDF ကိုယ်စားလှယ်များ ငြိမ်းချမ်းရေးအတွက် အလုပ်သဘောဆွေးနွေး

**ထွန်းခိုင်၊ ရန်မျိုးနိုင်** **ရန်ကုန်၊ မေ-၂၀**

ဝန်ကြီးဦးအောင်မင်းဦးဆောင်သော မြန်မာအစိုးရကိုယ်စားလှယ်များနှင့် ABSDF ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အလုပ်သဘောဆွေးနွေးမှုကို မေလ ၂၀ ရက်တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည်။ အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ ဝန်ကြီးဦးအောင်မင်းခေါင်းဆောင်၍ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယင်းဆွေးနွေးပွဲမှတစ်ဆင့် အစိုးရနှင့် ABSDF အကြား နိုင်ငံရေးဆွေးနွေးပွဲများဆက်လက်လုပ်နိုင်ရန် ဆွေးနွေးခဲ့ကြောင်း ABSDF ဗဟိုကော်မတီဝင် ဦးကျော်ကိုကိုက ပြောသည်။ ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ဆွေးနွေးမှုများမပြီးပြတ်သေးသောကြောင့် ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိသေးကြောင်း၊ ဆွေးနွေးမှုများပြီးမြောက်ပါက နှစ်ဖက်အကြားသဘောတူညီမှုများကို ပြောဆိုမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။



7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# မြန်မာအပေါ် တရုတ် ကစားကွက်

**ခင်မေဇော်**

ကာကွယ်ရေးနှင့် စစ်လက်နက်လေ့လာသုံးသပ်သည့် ကုမ္ပဏီ (IHS Jane)၏ သတင်းအရတရုတ်သည် မကြာသေးမီက အင်အားနှစ်သောင်းရှိသော ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်ကို စစ်ရဟတ်ယာဉ် ငါးစီးပေးပို့ခဲ့သည်ဟုဆိုသည်။ မြန်မာနိုင်ငံရှိ တရုတ်သံရုံးနှင့် ဝတပ်တို့နှစ်ဖက်စလုံးက မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့သော်လည်း အကယ်၍ ဤသတင်းမှန်ခဲ့မည်ဆိုလျှင် မြန်မာနိုင်ငံရှိ ၎င်းတို့၏ အကျိုးစီးပွားကို တိုးမြှင့်ကာကွယ်ရန် ကြိုးပမ်းလိုက်သော တရုတ်တို့၏ လုပ်ရပ်တစ်ခုဖြစ်သည်။

သမ္မတဦးသိန်းစိန်က ၂၀၁၁ ခုနှစ် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့သည့် အချိန်မှစ၍ မြန်မာသည် အမေရိကန်၊ ဥရောပတို့နှင့် ဆက်ဆံရေးအတော်ကို နွေးထွေးလာခဲ့သည်။

အမေရိကန်၊ ဂျပန်၊ ဥရောပ ကုမ္ပဏီများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေး တိုးချဲ့ရန် အလွန်လိုလားနေချိန်၌ တရုတ်တို့၏ ရင်းနှီးမြှုပ်နှံမှုက ဆယ်စုနှစ် နှစ်ခုမျှ ရှေ့ကပြေးနှင့်နေပြီးလည်း ဖြစ်သောကြောင့် တရုတ်သည်မြန်မာ၏ အရေးကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ရှိနေဆဲဖြစ်သည်။

တရုတ်က မကြာသေးမီက သံတမန်ဟောင်းနှစ်ဦးကို ခန့်အပ်ပြီး နှစ်နိုင်ငံဆက်ဆံရေးနီးကပ်လာစေရန် ဆောင်ရွက်စေခဲ့သည်။ ယန်ဟွာလန်ကို နေပြည်တော်ရှိ တရုတ်နိုင်ငံဆိုင်ရာ သံအမတ်အသစ်အဖြစ်ခန့်အပ်ချိန်တွင်တရုတ်၏ အာရှဆိုင်ရာ ပထမဆုံးအထူးကိုယ်စားလှယ်ဖြစ်သူ ဝမ်ရင်ဖန်ကို တရုတ်-မြန်မာ ဆက်ဆံရေးကောင်းမွန်အောင် အာရုံထားဆောင်ရွက်စေသည်။

တရုတ်၏ လက်ငင်းပြဿနာမှာ တရုတ်-မြန်မာနယ်စပ်တစ်လျှောက်ရှိ လက်နက်ကိုင်တိုင်းရင်းသား တပ်များနှင့် မြန်မာ့တပ်မတော်တို့ စစ်ပွဲရပ်တန့်သွားရန် ဖြစ်သည်။ မြန်မာအစိုးရက ကချင်တပ်များအပေါ် ကိုင်တွယ်ပုံမမှန်ကန်သည့် လုပ်ရပ်အား တရုတ်တို့ မကျေမနပ် ဖြစ်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဇွန်လတွင် ၁၇ နှစ်ကြာရရှိထားသော ကေအိုင်အိုနှင့် ငြိမ်းချမ်းရေး ပျက်စီးသွားခဲ့ရသည်။ ထိုဖြစ်ရပ်ကြောင့် ကချင်ပြည်နယ်မှ ဒုက္ခသည်များ တရုတ်နိုင်ငံတွင်း ထွက်ပြေးဝင်ရောက်စေရုံသာမက ထိုဒေသရှိ တရုတ်စီးပွားရေးလုပ်ငန်းများအတွက် အန္တရာယ်ဖြစ်လာသည်။

ဇန်နဝါရီလက တပ်မတော်မှ ပစ်သည့် ကျည်များ ယူနန်ပြည်နယ်အတွင်း ကျရောက်ချိန်တွင်မူ တရုတ်ကမြန်မာကိုလူသိရှင်ကြားအပြစ်တင်လိုက်ပြီး အပစ်ရပ်ရေးကြေညာရန် ဖိအားပေးခဲ့သည်။ နှစ်ဖက်စလုံးအပေါ် ရှိသည့် ၎င်း၏ ဩဇာကို အသုံးချပြီး နှစ်ဖက်ဆွေးနွေးဝိုင်းကိုတရုတ်က ခေါ်ယူခဲ့သည်။ တရုတ်ထိပ်တန်းသံတမန်များက စေ့စပ်ညှိနှိုင်းသူများအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ သို့သော် ပြဿနာမှာ နှစ်ဖက်စလုံးက တရုတ်ကို ရိုးရိုးသားသားကြားဝင်စေ့စပ်ပေးသူဟု မမြင်။ အဘယ်ကြောင့်ဆိုသော် တရုတ်က တပ်မတော်ကိုသာမက ကေအိုင်အိုကိုပါ လက်နက်ထောက်ပံ့နေသောကြောင့် ဖြစ်သည်။

တပ်မတော်နှင့် UWSA တို့အကြား တိုက်ပွဲများဖြစ်လာမည်ကိုလည်း တရုတ်က စိုးရိမ်နေသည်။ ဝတပ်သည် ယခင်အစိုးရနှင့် ၁၉၈၉ခုနှစ်က အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့ပြီး ၂၀၀၈ ခုနှစ် အခြေခံဖွဲ့စည်းပုံ ဥပဒေက ဝဒေသကို အတိုင်းအတာတစ်ခုအထိ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးခဲ့သည်။ သို့သော် ကေအိုင်အို ကျသွားခဲ့လျှင် တပ်မတော်က UWSA ဘက်ဦးလှည့် နိုင်သည်ဟူသော စိုးရိမ်မှုက တရုတ်မှာ ရှိနေသည်။

၁၉၆၀နှင့်၁၉၇၀ပြည့်နှစ်များတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကျောရိုးအဖြစ် ထူထောင်စဉ်က တရုတ်တို့က ‘ဝ’နှင့် နီးကပ်သောဆက်ဆံရေး တည်ဆောက်ခဲ့သည်။ ၁၉၈၉ ခုနှစ် ကွန်မြူနစ်ပါတီ ပြိုကွဲချိန်တွင်မူ UWSA သည် တိုင်းရင်းသား လက်နက်ကိုင်တပ်အဖြစ် တည်ထောင်ခဲ့ပြီး တရုတ်က ငွေကြေးနှင့်လက်နက် နှစ်မျိုးစလုံး ထောက်ပံ့ခဲ့သည်။

တပ်မတော်နှင့် UWSA အကြား တိုက်ပွဲများဖြစ်ပေါ်လာလျှင် တရုတ်စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေရုံသာမက နယ်စပ်တစ်လျှောက် မတည်ငြိမ်မှုများဖြစ်လာစေနိုင်သောကြောင့် တရုတ်တို့က UWSA ကို အင်အားဖြည့်တင်းပြီး တပ်မတော်၏ ထိုးနှက်မှုကို ရှောင်လွှဲနိုင်ရန် စီစဉ်ခဲ့သည်။

ထို့ကြောင့် ကြားဝင်စေ့စပ်နေသည့် တစ်ပြိုင်နက်တည်းတွင် မြန်မာအစိုးရတပ်နှင့် သူပုန်တပ်တို့ကို လက်နက်ထောက်ပံ့ပြီး တရုတ်က မြန်မာကို ကစားနေသည်ဟု ယူဆရသော်လည်း ၎င်း၏ အဓိကရည်ရွယ်ချက်မှာ နယ်စပ်တစ်လျှောက် တည်ငြိမ်ရေးသာ ဖြစ်သည်။ တရုတ်က မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးတို့တွင် အဓိကကျသည့်ပြင်ပအင်အားတစ်ခုဖြစ်ကြောင်းလည်း ပြဆိုလိုက်ခြင်းပင်ဖြစ်တော့သည်။

(The South China Morning Post တွင် ပုံနှိပ်ဖော်ပြခဲ့သော စင်ကာပူနိုင်ငံအရှေ့တောင်အာရှလေ့လာရေးသိပ္ပံနှင့် အကြီးတန်းသုတေသီ Ian Storey ၏ ဆောင်းပါးကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။)

## CRIME မှုခင်းသတင်း CORNER

### လယ်ထွန်စက်မောင်းသူ ထယ်သွားကြိတ်မိ၍သေ

**အေးမြတ်သူ**

ရန်ကုန်၊ မေ-၁၈

ကျောက်တန်းမြို့နယ်၊ တိုးတက်ရေးကွင်း၊ တမံကြီးကုန်း ကျေးရွာအတွင်း မေလ ၁ ရက်က လယ်ထွန်စက်မောင်းနှင်စဉ်တိမ်းမှောက်ပြီး ထယ်သွားဖြင့် ကြိတ်မိသဖြင့် လူငယ်တစ်ဦးသေဆုံးသွားကြောင်း သတင်းရရှိသည်။

ကျောက်တန်းမြို့နယ်နေ အသက်(၁၅)နှစ်အရွယ်ရှိလှဌေးဆိုသူသည် တိုးတက်ရေးကွင်း၌ လယ်ထွန်ယက်နေဆဲ လယ်ကွင်းအတွင်း မောင်းနှင်နေစဉ် လယ်ထွန်စက်တိမ်းမှောက်၍ ပြုတ်ကျခဲ့ကာ ထယ်သွားဖြင့်ကြိတ်မိရာမှ ဝဲခြေထောက်အရိုးအပေါ် ပြတ်ရှကြိတ်မိသည့် ဒဏ်ရာများရရှိခဲ့ကာ သန်လျင်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ သေဆုံးမှုနှင့်ပတ်သက်၍ တံတားရဲစခန်းတွင် ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# ဆည်းဆာချိန်မှာဝမ်းစာရှာ

**အောင်သစ်လွင်**

သက်တူရွယ်တူအချို့ပန်း၊ ရေချမ်း၊ ဆီမီးပြည့်စုံ၍ ဘုရားစင်ရှေ့တွင် ဘုရားဝတ်ပြုနေသော အချိန် (သို့မဟုတ်) စေတီ၊ ကျောင်းကန်ရိပ်သာတို့တွင် အေးချမ်းစွာ တရားအားထုတ်နေသော နံနက်အရုဏ်တက်ချိန်တွင် အသက် ၇၃ နှစ် အရွယ် ဦးဘသာကတော့ စီးပွားရေးကုမ္ပဏီအချို့ ရုံးစိုက်ရာ အဆင့်မြင့်ကွန်ဒိုတစ်ခုရှိ ၎င်းလုံခြုံရေးတာဝန်ယူထားသည့် ရုံးခန်းရှေ့မှလှမ်းမြင်နေရသော ရွှေတိဂုံစေတီတော်ရှိရာ အရပ်ဘက်သို့ မျက်စိမှိတ် ဦးညွှတ်ကာနှုတ်က ဘုရားစာရွတ်ဆိုရင်း လက်အုပ်ချီ ရှစ်ခိုး နေသည်။



ရန်ကုန်မြို့ရှိ ကုမ္ပဏီတစ်ခုတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူနှစ်ဦးကို တွေ့ရစဉ်

ဓါတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

သုံးမိနစ်ခန့် မျက်လုံးမှိတ် အာရုဏ်ပြုပြီးချိန်မှာတော့ ထိုင်နေကျနေရာခုံတန်းဆီသို့ပြန်လာ၍ ၎င်းတာဝန်ယူထားသော လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ရပြန်သည်။

ဦးဘသာသည် မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီရပ်ကွက်တွင်နေထိုင်သူဖြစ်ပြီး မြန်မာ့တပ်မတော်မှ ၂၀၀၀ပြည့်နှစ်တွင် တပ်ကြပ်ကြီးရာထူးဖြင့် သက်ပြည့်ပင်စင်ဖြင့် နိုင်ငံတော်မှ အငြိမ်းစားပေးခဲ့ခြင်းဖြစ်သည်။ အသက် ၇၀ အရွယ် ဇနီးဖြစ်သူနှင့်အတူ သားသမီး လေးယောက်၊ မြစ်ခြောက်ယောက်ရှိပြီး တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးသော်လည်း မိသားစုစားဝတ်နေရေးအတွက် အနားမယူနိုင်သေးဘဲ ရန်ကုန်မြို့ရှိ လုံခြုံရေးကုမ္ပဏီတစ်ခုတွင် အလုပ်ဆက်ဝင်ခဲ့ခြင်းဖြစ်သည်။

"တိုင်းပြည်တာဝန်တွေကနေ အငြိမ်းစားရခဲ့ပေမယ့် မိသားစုတာဝန်တွေကနေတော့ အငြိမ်းစားယူလို့မရသေးပါဘူး။ ရှိတဲ့ ခွန်အားနဲ့ရတဲ့ အလုပ်ကိုတော့ လုပ်နေရဦးမှာပဲ" ဟု ဦးဘသာက ဆိုသည်။

လုံခြုံရေးဝန်ဆောင်မှုပေးသော လုပ်ငန်းကုမ္ပဏီများသည် Visit Myanmar Year 1996 ဟု ကြွေးကြော်ခဲ့သော ၁၉၉၆ခုနှစ် မြန်မာ့ခရီးသွားနှစ် နောက်ပိုင်းတွင်ကျယ်လာခဲ့ပြီး ဦးဘသာတို့လို တပ်မတော်မှ (သို့မဟုတ်) ရဲ၊ မီးသတ်ဌာနများမှ အငြိမ်းစားယူခဲ့သော သက်ကြီးရွယ်အိုများအတွက် အလုပ်အကိုင်အခွင့်အလမ်းတစ်ခုဖြစ်လာခဲ့သည်။

မကြာသေးမီက ကလောမြို့အခြေစိုက် ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုတွင် ညအချိန်လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် ရုတ်တရက် မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျချောင်းရေနှင့်အတူ မျောပါ သေဆုံးသွားသော အသက်(၅၉)နှစ် အရွယ် သူရဦးပြုံးချိုသည်လည်း တပ်မတော်မှ သူရဘွဲ့ဖြင့် အငြိမ်းစားယူခဲ့သူတစ်ဦးဖြစ်သည်။

ငယ်ရွယ်ကျန်းမာစဉ်က တပ်မတော်မှ ပေးအပ်သော သူရဘွဲ့ရအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဗိုလ်ကြီး ရာထူးဖြင့် အငြိမ်းစားယူခဲ့သော ဦးပြုံးချိုမှာ အသက်အရွယ်ကြီးရင့်လာသောအချိန်မှာတော့ ရုတ်တရက်တွေ့ကြုံရသောသဘာဝဘေးအန္တရာယ်မှ လွတ်မြောက်အောင် မစွမ်းဆောင်နိုင်လေတော့။ ည ၁၂ နာရီခန့်အချိန် လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် ကင်းတဲတွင် ထိုင်နေရင်း တောင်ပေါ်မှ ဒလဟော စီးဆင်းလာသော တောင်ကျရေနှင့်အတူ မျောပါသေဆုံးခဲ့ရသည်။

"အငြိမ်းစားဝန်ထမ်းတွေက လုံခြုံရေးအသိရှိပြီးသား။ ထူးထူးထွေထွေသင်တန်းပေးနေစရာမလိုဘူး။ အလုပ်လာလျှောက်တဲ့အထဲမှာ သူတို့တွေကို ဦးစားပေးခန့်ဖြစ်တယ်" ဟု ဝန်ထမ်းပေါင်း ၁,၂၀၀ကျော်ဖြင့် ဖွဲ့စည်းထားသော Best လုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ရဲမှူးချုပ်ဦးစိုးမြင့်ထွန်း(ငြိမ်း)က ပြောသည်။

လုံခြုံရေးတာဝန်ထမ်းဆောင်၍မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနေသောအဆိုပါဝန်ထမ်းများသည် အလေးအပင် မရခြင်းမရှိ၊ သက်သောင့်သက်သာ နေရသည်ဟု ထင်မြင်စရာရှိသော်လည်း ၎င်းတို့ဘက်မှပေးဆပ်ရသည်ကလည်း များလွန်းသည်။

**စာမျက်နှာ(၂၃)သို့**



7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# မောင်းသံလွင်လွင် မြို့ရွာတစ်ခွင်

**ဇေထွဋ်**

နံနက်စောပိုင်း မြို့ငယ်လေးတစ်မြို့မှ လက်ဖက်ရည်ဆိုင်လေး၏ ထောင့်တစ်နေရာ၌ အဖြူရောင် သင်ပုန်း ပေါ်တွင် ဆော့ပင်နှင့် ရေးသားထားသော စာသားလေးများနှင့် ဂဏန်းအက္ခရာများကို ခပ်လှမ်းလှမ်းမှ တွေ့ရသည်။ ဆိုင်ထဲသို့ဝင်လာသူများက ၎င်းသင်ပုန်းကို အလောတကြီး သွားကြည့်ကြကာအချို့က တစ်ပွဲကျိုးကွာ၊ အချို့က နှစ်ပွဲကျိုးကွာ၊ အချို့က ပေါက်ပြီးဟော့ဟုဆိုပြီး ဝမ်းသာအားရမျက်နှာထားများနှင့် ဆိုကြပြီး အချို့က အသင့်ပါလာသော စာရွက်ပေါ်၌ ဘောပင်နှင့် ရေးမှတ်သွားကြသည်။ မိမိလည်းမည်သည့် ကြော်ငြာစာများ ကပ်ထားသလဲသိချင်၍ သွားကြည့်မိသည်။

သင်ပုန်းပေါ်၌ အင်္ဂလန်နှင့် စပိန်ဘောလုံးအသင်းများ၏ အနိုင်၊ အရှုံး ရလဒ်များ ရေးထားကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ၎င်းမြို့ကလေးသည် အားကစားကို အတော်ပင် စိတ်ဝင်စားကြကြောင်း မြို့ခံမိတ်ဆွေကို ပြောမိရာ ဘောလုံးပွဲကို အားကစားစိတ်ဓာတ်အခံနဲ့ ကြည့်တာမဟုတ်ဘဲ လောင်းကစားစိတ်ဓာတ်အခံနဲ့ ကြည့်ကြကြောင်း ၎င်းပြောပြ၍ သိရတော့သည်။ ၎င်းတို့နယ်၌ စနေ၊ တနင်္ဂနွေနိုင်ငံခြား ကလပ်ပြိုင်ပွဲများရှိသော နေ့တွင် ဘောလုံးပွဲလောင်းကြေးများဖွင့်ကြောင်း သိရသည်။ ဒိုင်လုပ်သူက နှစ်ဖက်အသင်း လောင်းသူများကို လက်ခံပြီး နိုင်သူထံမှ သတ်မှတ် ရာခိုင်နှုန်းဖြင့် အကောက်ကောက်ကြောင်း သိရသည်။ နောက်တစ်နည်းမှာ ဘောလုံးပွဲလောင်းသူများက ၎င်းနေ့၌ ကန်မည့် ဘောလုံးပွဲ လေးပွဲ၊ ငါးပွဲ၊ ခြောက်ပွဲ စသည်ဖြင့် မိမိနေလိုသည့် အသင်းများကို ရွေးချယ်ဆန္ဒပြုပြီး လောင်းသောနည်းဖြစ်သည်။ ၎င်းနည်းကပွဲစဉ်အားလုံး လောင်းကြေးဒိုင်ကအဆနှင့်ရသည်ဟုဆိုသည်။ ဒေသအခေါ် မောင်းရိုက်သည်ဟု ဆိုကြသည်။

ဘောလုံးပွဲရှိသည့် နေ့များတွင် မွန်းလွဲပိုင်းရောက်သည်နှင့် ဒိုင်လုပ်သူများက ဘောလုံးပွဲ ပေါက်ကြေး ရိုက်နှိပ်ထားသော လက်တစ်ဝါးစာ စာရွက်လေးများအား လိုက်လံဝေငှပေးတတ်ပြီးမြို့ မြို့ပေါ်မှာသာမက ကျေးရွာများသို့ပင် ၎င်းစာရွက်လေးများရောက်ရှိပျံ့နှံ့ကြောင်း သိရသည်။ ပေါက်ကြေးများကိုကြည့်ကာ လောင်းလိုသူက ၎င်းစာရွက်လေး များပေါ်၌ ပင်မိမိနှစ်သက်သောအသင်းအား ဘောလ်ပင်နှင့် အမှတ်အသားလုပ်ကာ ဆန္ဒပြုကြသည်။ လောင်းကြေးငွေအား ဒိုင်သို့ပေးသွင်းထားရပေသည်။

**စာမျက်နှာ(၁၃)သို့**






## ကြာဟင်းညွှန့်ကြော်ချက်

ဒီတစ်ပတ် ဝိုက်ဖီက ရာသီပေါ် အရွက်ကြော်လေးတစ်ခွက် ပြင်ဆင်ထားပါတယ်။

တောရွာတွေမှာဆိုရင် မိုးဦးကျမှ စိမ်းစိုနေတဲ့ အညွန့်အလူလူနဲ့ စားချင်စဖွယ်တွေ့ရတဲ့ ကြာဟင်းညွှန့်ကို ကြံ့ဟင်းညွှန့်လို့လည်း ခေါ်ကြပါတယ်။

ဒီအညွှန့်လေးတွေကို ဈေးတွေမှာ ခေါင်းရွက်သည်လေးတွေဆီက ဝယ်နိုင်ပါတယ်။ ကြာဟင်းညွှန့်ကြော်ချက်ကို ပုံမှန်ချက်နေကျ ကြော်ချက်တွေလိုပဲ ကြက်သွန်နီ ဆီချက်၊ အရွက်ထည့်၊ ငံပြာရည် ဟင်းခတ်မှုန့်ထည့်ရုံပါပဲ။ ချခါနီးမှ ငရုတ်ကောင်းမှုန့်နဲ့ ကြက်သွန်ဖြူလေး ထောင်းထည့်ရုံပါပဲ။






# မြန်မာ့စွမ်းအင်ကဏ္ဍ ဘယ်သူတွေနေရာရမလဲ

**ထားထားမြင့်**

မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ပိုင်ခွင့်များအတွက် ကမ်းလွန်ရေနံလုပ်ကွက် ၁၉ကွက်နှင့် ကုန်းတွင်းရေနံလုပ်ကွက် ၁၁ ကွက်တို့တွင် လုပ်ပိုင်ခွင့်ရရန်အတွက် နိုင်ငံတကာ ကုမ္ပဏီများသည် မြန်မာ့စွမ်းအင်ဝန်ကြီးဌာန၌လာမည့်ဇွန်လ ၁၄ရက်၌ နောက်ဆုံးထားကာ တင်ဒါတင်သွင်းရမည်ဖြစ်သည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာအရေးယူပိတ်ဆို့မှုများဖြေလျှော့ပေးနေသည့် အချိန်မှာပင်လွန်ခဲ့သည့် ဧပြီလကမြန်မာ့သဘာဝဓာတ်ငွေ့နှင့်ရေနံလုပ်ကွက်များအတွက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လိုက်သည့်သတင်းကကမ္ဘာ့စွမ်းအင်ကုမ္ပဏီကြီးများ အကြားလှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ သည်။

ယနေ့ခေတ်တွင်နေရာတိုင်းနိုင်ငံတိုင်း၏စွမ်းအင်လိုအပ်ချက်မှာ အကြီးအကျယ်မြင့်တက်လာနေသည့်အတွက် စွမ်းအင်အရင်းအမြစ်များနောက် လိုက်လံရှာဖွေနေချိန်တွင် ထိုသတင်းက မင်္ဂလာသတင်းတစ်ခုဖြစ်ခဲ့ သည်။

နယ်သာလန်မှ Shell ကုမ္ပဏီ၊ အမေရိကန်စွမ်းအင်ကုမ္ပဏီကြီးဖြစ်သည့်Exxonနှင့် Chevron၊ ဂျပန်မှ Mitsui အပါအဝင်နိုင်ငံတကာ စွမ်းအင်ကုမ္ပဏီ ၅၉ခုက အပြေးအလွှား သူ့ထက်ငါဦးအောင် လျှောက်ထားခဲ့သည်။ အိမ်နီးချင်း အိန္ဒိယဆိုလျှင် အခွင့်ကောင်းကိုလက်လွတ်သွားမည်စိုးရိမ်ပြီး အစိုးရရော ပုဂ္ဂလိကကုမ္ပဏီစုစုပေါင်းခြောက်ခုပါလျှောက်ထားခဲ့သည်ဟု ဆိုသည်။

"အိန္ဒိယကုမ္ပဏီတွေ အတွက်တော့ သိပ်အရေးကြီးပြီးအလားအလာကောင်းတဲ့ရင်းနှီးမြှုပ်နှံမှုပါ။ ဘာလို့လဲဆိုတော့နိုင်ငံရေးနည်းဗျူဟာအတွက်လည်းမြန်မာကအရေးပါတယ်လေ"ဟုအိန္ဒိယ OVL ရေနံကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒီကေဆာရပ်ဖ်က သတင်းမီဒီယာများကို ပြောကြားခဲ့သည်။

ကုန်းတွင်းရေနံလုပ်ကွက်များ၌ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ရန် အတွက် လျှောက်ထားသည့်ပြည်တွင်းကုမ္ပဏီ တစ်ရာကျော်ရှိသည်။

လုပ်ပိုင်ခွင့်ရသော နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ကုန်းတွင်းရေနံလုပ်ကွက်များအတွက် ပြည်တွင်းကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်ရမည်ဖြစ်ပြီး ကမ်းလွန်ရေနံလုပ်ကွက်များအတွက် နိုင်ငံခြားကုမ္ပဏီများချည်းသက်သက်လုပ်ခွင့်ရရှိမည်ဖြစ်သည်ဟု ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်ပြည်ထောင်စုတက်ဆက်ပြည်နယ်၊ ဟူစတန်မြို့၌ကျင်းပသော ကမ်းလွန်ရေနံတူးဖော်ခြင်းညီလာခံတွင် မြန်မာ့စွမ်းအင် ဒုဝန်ကြီးဦးထင်အောင်ကပြောကြားခဲ့သည်။

"မြန်မာကုမ္ပဏီတွေကိုကျွမ်းကျင်မှု၊ ဗဟုသုတနဲ့နည်းပညာ၊ ငွေကြေးဆိုင်ရာစွမ်းဆောင်ရည်တွေရှိတဲ့ နိုင်ငံခြားကုမ္ပဏီတွေနဲ့ ပူးပေါင်းအလုပ်လုပ်စေချင်ပါတယ်။ သူတို့တွေဆီကလေ့လာပြီး နောင်ကျရင် ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းတွေမှာ ပြည်တွင်းကုမ္ပဏီတွေပိုမိုပါဝင်နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဦးထင်အောင်ကပြောကြားသည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံရန် လျှောက်ထားခဲ့ကြသည့် အမေရိကန်စွမ်းအင်ကုမ္ပဏီများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များတွင် လေးစားလိုက်နာပြီး ရင်းနှီးမြှုပ်နှံကြရန် အမေရိကန်ဒုတိယလက်ထောက်စွမ်းအင်နှင့် စီးပွားရေးရာဝန်ကြီး Robert Cekuta က ဟူစတန်မြို့ကမ်းလွန်ရေနံတူးဖော်ရေးညီလာခံ၌ တိုက်တွန်းခဲ့သည်။

အဘယ်ကြောင့် ဆိုသော်ယခင်က ဒေသခံတို့၏ ဆန္ဒနှင့်မကိုက်ညီ၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အလေးမထားခဲ့သည့်မြန်မာစစ်ဗိုလ်ချုပ်များနှင့် ပြုလုပ်ခဲ့သည့် ရောဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှာရပ်ဆိုင်းခဲ့ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှာလည်းယခုထိတိုင် ပြဿနာများမပြေလည်သေးဘဲဖြစ်နေသည်။ တရုတ်အစိုးရနှင့် မြန်မာအစိုးရ သဘောတူဆောက်လုပ်ခဲ့သည့် ရေနံ ပိုက်လိုင်းမှာလည်း အတင်းအဓမ္မ မြေယာသိမ်းဆည်းမှုများကြောင့် ကန့်ကွက်ဆန္ဒပြမှုများနှင့် ရင်ဆိုင်နေရသည်။

ထို့အပြင် ကမ္ဘာပေါ်တွင် ရေနံ သဘာဝဓာတ်ငွေ့ပေါကြွယ်ဝသည့်မြန်မာနိုင်ငံ၏ လျှပ်စစ်မီးသုံးစွဲနိုင်မှုမှာ လူဦးရေ၏ ၂၇ရာခိုင်နှုန်းသာရှိပြီး အာရှဒေသတွင် အနိမ့်ဆုံးဖြစ်နေသည်။ ထို့အတွက် မြန်မာအစိုးရအနေနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍကို တိုင်းပြည်တွင် ကျယ်ကျယ်ပြန့်ပြန့် လိုအပ်နေသောစွမ်းအင်ကဏ္ဍနှင့် ခွဲခြားမထားသင့်ဟု ရောဘတ်စီကူတက ကမ်းလွန်ရေနံတူးဖော်ရေးညီလာခံ၌ ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့နှစ်က ရန်ကုန်မှာ မီးမလာလို့ ဆန္ဒပြခဲ့ကြတာဟာ နိုင်ငံသားတွေက သူတို့အစိုးရက တိုင်းပြည်ကို လျှပ်စစ်မီး လုံလုံလောက်လောက်ပေးဖို့ ဘယ်လောက်မျှော်လင့်သလဲဆိုတာ ထင်ထင်ရှားရှားသိသာနေတယ်" ဟုရောဘတ်စီကူတကပြောသည်။

ထို့ကြောင့် တိုင်းပြည်ဝင်ငွေအတွက် သဘာဝဓာတ်ငွေ့အရင်းအမြစ်များကို ပြည်ပသို့ရောင်းချရန်လိုအပ်သကဲ့သို့ပြည်တွင်းလူဦးရေသန်းခြောက်ဆယ်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန်လည်းမရှိမဖြစ်လိုအပ်လာလေပြီ။

ဇွန်လတွင် မြန်မာသယံဇာတ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကိုင်ခွင့်များအတွက် ကုမ္ပဏီများကို ရွေးချယ်ဆုံးဖြတ်မည့် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ထိုအချက်များကို မလွဲမသွေထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

ထို့အပြင် ယခင်က တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့်ကိုရီးယားကုမ္ပဏီများသာ လွှမ်းမိုးထားသော မြန်မာစွမ်းအင်ကဏ္ဍတွင် မည်သည့်နိုင်ငံခြားကုမ္ပဏီများဝင်ရောက်လာမည်ဆိုသည်ကိုလည်း မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုများနည်းတူ တစ်ကမ္ဘာလုံးက စိတ်ဝင်တစားစောင့်ကြည့် အကဲခတ်လျက်ရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013



## ၂၀၁၃၊ မေ ၂၂မှ ၂၇ရက်အထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသနဲ့ အလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ ကျန်ရှိနေသော မြန်မာနိုင်ငံမြောက်ပိုင်းသို့ မေလအကုန်တွင် ဝင်ရောက်နိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၂ ပေခန့် ရှိနိုင်ပါတယ်။ တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး ရေပြင်မြေပြင်လေဟာ တစ်နာရီမိုင် (၂၀-၃၀) ခန့်ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းတို့မှာ 39-40°C ၊ ကချင်ပြည်နယ်တွေမှာ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှာ 31°C-33°C ၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေမှာ 34°C-36°C ၊ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ 37-38°C စင်တီဂရိတ်ခန့် ရှိနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ။**

တစ်ပြည်လုံးတွင် အများအားဖြင့် မိုးတိမ်တောင်များ ဖြစ်ထွန်းနိုင်ပါတယ်။ မိုးတိမ်တောင်ဖြစ်ရန် သေချာမှု ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းရှိပြီး အထူးသဖြင့် ညနေပိုင်းအချိန်တွေမှာဖြစ်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွေမှာ နေရာကျဲကျဲနဲ့ ကျန်ဒေသများမှာနေရာကွက်ကျား လေးရက်မှငါးရက်ခန့်မိုးထစ်ချုန်း ရွာသွန်းနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

မျက်နှာဖုံးမှ

# မြို့တော်ရန်ကုန်အသက် ပြန်ဝင်တော့မလား

ထို့ကြောင့် ယခုအရပ်သား အစိုးရလက်ထက်တွင် မြို့တော်ကြီးကို ပြန်လည်အဆင့်မြှင့်မွမ်းမံရန် ဝါရင့်ဗိသုကာပညာရှင်များ၏ လက်သို့ပြန်လည်အပ်နှံလိုက်ပြီး နိုင်ငံတကာ အကူအညီများဖြင့် စီးပွားရေးမြို့တော် ရန်ကုန်၏ အနာဂတ်မှာပြန်လည်အသက်ဝင်လာဖွယ်ရှိသည်။

မြို့တော်တွင်း စံမမီတော့သည့် အဆောက်အအုံများပြည့်စုံလုံလောက်မှု အားနည်းနေသည့် လမ်း၊ ရေ၊ မီးစနစ်အစရှိသော ခေတ်မမီတော့သည့် လူမှုစီးပွားရေးရပ်ဝန်းကြီး တစ်ခုလုံးကို ပြန်လည်အဆင့်မြှင့်ရန် အစိုးရနှင့် ပညာရှင်များ ပူးပေါင်းပြီးပြန်လည်အသက်သွင်းရန် ကြိုးပမ်းနေပြီဖြစ်သည်။

၂၀၀၆ခုနှစ် မတ်လ ၂၇ရက်တွင်မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် နေပြည်တော်ကိုပြောင်းလဲသတ်မှတ်ပြီးနောက် ယင်းမြို့တွင် အခြေခံအဆောက်အအုံကောင်းကြီးများ၊ လမ်း၊ ရေ၊ မီးစနစ်အစရှိသော ကဏ္ဍပေါင်းမြောက်မြားစွာအတွက် အစိုးရက ဒေါ်လာသန်းပေါင်းမြောက်မြားစွာ အကုန်ကျခံတည်ဆောက်ခဲ့သည်။ ထို့ကြောင့် စီးပွားရေးမြို့တော်အဖြစ် ကျန်ရှိခဲ့သော ရန်ကုန်ပြုပြင်ပြင်ဆင်ရေးမှာ အစိုးရ၏ လျစ်လျူရှုခြင်းကို များစွာခံခဲ့ရခြင်းဖြစ်သည်။ နေပြည်တော်၏ ခမ်းနားမှုများက ကျော်ကြားသော်လည်း နိုင်ငံတစ်ဝန်းရှိ ပြည်သူအများစု၏ ရင်ထဲတွင် ရန်ကုန်မှာ အဓိကမြို့တော်ကြီးအဖြစ်သာ မှတ်ယူလက်ခံနေကြဆဲဖြစ်သည်။

ရန်ကုန်တွင်သက်တမ်းလွန် ဟောင်းနွမ်း ဘတ်စ်ကားအိုများ၊ သစ်သားဇလီဖားတုံးများပေါ်က မီးခိုးတလူလူဖြင့် အချိန် မမှန်တတ်သည့်သက်တမ်းကြာမြို့ပတ်ရထားများကို နေ့စဉ်သွားလာအသုံးပြုနေရဆဲဖြစ်သည်။

မြို့တော်ရန်ကုန်မှာ အရှေ့တောင်အာရှနိုင်ငံများ၊ မြို့တော်များ အလယ်တွင် များစွာနောက်ကျကျန်နေခဲ့ခြင်းလည်းဖြစ်သည်။ စီမံခန့်ခွဲမှုအလွဲများကြား မြို့တော်ရန်ကုန်က ပစ်စလက်ခတ်အနေဖြင့် ကျန်နေရစ်ခဲ့ခြင်းဖြစ်သည်။

ရွှေ့ပြောင်းအခြေချနေထိုင်သူ များပြားလာမှု၊ စီးပွားရေးလုပ်ငန်းအများစု တည်ရှိလာမှု၊ နှစ်စဉ်အိမ်ရာလိုအပ်ချက်များနှင့် ပြည့်နှက်နေသည့် စီးပွားရေးမြို့တော်မှာ ပညာရှင်များအတွက် ချက်ချင်းဖြေရှင်းရန် ခက်ခဲနေသည့် ပုစ္ဆာတစ်ပုဒ်ဖြစ်နေသည်။

"ရန်ကုန်မှာ အခြေခံအဆောက်အအုံတော်တော်များများဟာ ပြန်ပြီးအဆင့်မြှင့်တင်သင့်၊ မွမ်းမံသင့်နေပြီ။ မြို့တော်အတွက် အများစုကိုစည်ပင်ကလုပ်နေတာပဲ တွေ့နေရတယ်။ တခြားသက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းရင် ပိုကောင်းလာလိမ့်မယ်"ဟု မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူးတစ်ဦးကသုံးသပ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က ထောက်ပြထားသည့် ရေအရည်အသွေး အားနည်းလာခြင်း၊ အဆောက်အအုံများစနစ်တကျတည်ဆောက်မှုမရှိခြင်း၊ လျှပ်စစ်မီးအခက်အခဲများနှင့်ကြုံတွေ့နေရသည့် စီးပွားရေးမြို့တော်ရန်ကုန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများကို အဓိကလက်တွန့်စေသည့် အချက်တစ်ချက်ဖြစ်နိုင်သည်ဟုကုန်သည်/စက်မှုအသင်းချုပ်မှ အသင်းဝင်တစ်ဦးကပြောသည်။

လက်တလော ဖြေရှင်းရန်အလွယ်ကူဆုံးပြဿနာဖြစ်သည့် ရန်ကုန်မြို့၏ ယာဉ်ကြောစနစ်မှာပြန်လည်ပြုပြင်ရန် များစွာလိုအပ်နေသေးသည်ဟု မြို့ပြနှင့် ဗိသုကာဆိုင်ရာကျွမ်းကျင်ပညာရှင် ဦးဝင်းမြင့်က ပြောသည်။

"ကားတွေအရမ်းတင်သွင်းလာတယ်ဆိုပြီး လမ်းပိတ်တယ်လို့ ပြောကြတယ်။ အမှန်တော့ ဆွဲထားတဲ့ ယာဉ်လမ်းကြောစနစ်ကိုက မှားနေတာ။ မြို့ထဲက လမ်းတွေမှာဆိုရင် နှစ်လမ်းမောင်းလုပ်လို့ရတဲ့ လမ်းတွေကို တစ်လမ်းမောင်း လုပ်ထားတာတွေက ခရီးသွားပြည်သူတွေအတွက် အချိန်ကို အများကြီးကုန်စေတယ်"ဟု ၎င်းကဆိုသည်။

သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် လူအများစုမှာ ဘတ်စ်ကားကိုသာအဓိက အသုံးပြုနေရသောကြောင့် ယင်းနေရာများတွင် အဆင့်အတန်းမြင့်မြင့်အချိန်မှန်မှန် ပြေးဆွဲနိုင်သည့် မြို့ပတ်ရထားများကို အသုံးပြုနိုင်မှသာ အဆင်ပြေသွားနိုင်မည်ဖြစ်ကြောင်း မြို့ပြနှင့် ဗိသုကာဆိုင်ရာကျွမ်းကျင်ပညာရှင် ဒေါက်တာကျော်လတ်က သုံးသပ်သည်။

ပညာရှင်အများစု၏ သုံးသပ်ချက်များအရ စီးပွားရေးမြို့တော်ရန်ကုန်မှာ ယခင်က တောင်ဘက်မှမြောက်ဘက်သို့သွယ်တန်းသွားလာနေသည့်စနစ်ထက်အရပ်မျက်နှာအားလုံးသို့ ချဲ့ထွင်သွားလာနိုင်မည့်စနစ်ကပို၍ အသုံးဝင်နိုင်မည် ဖြစ်သည်ဟုလည်း မှတ်ချက်ပေးကြသည်။

ရန်ကုန်၏ သမိုင်းစာမျက်နှာကိုပြန်လှန်လျှင်ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရားကြီးက လူဦးရေတစ်ရာကျော်ဖြင့် ဆိပ်ကမ်းမြို့ငယ်လေးအဖြစ် ရည်ရွယ်ကာ စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၁၈၅၃ ကိုလိုနီခေတ်တွင် လူဦးရေ သုံးသောင်းခြောက်ထောင်အတွက် ရည်ရွယ်ကာ မြို့ဧရိယာကို ဗိုလ်တထောင်ဆိပ်ကမ်းမှ ရွှေတိဂုံစေတီတော်အထိ ထောင့်မှန်ပုံစံမြေကွက်အဖြစ် စတင်တိုးချဲ့ခဲ့သည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ မြေပုံအထောက်အထားများအရ သိရသည်။

ခေတ်အဆက်ဆက်မြို့၏ ဧရိယာကို ပုံစံအမျိုးမျိုးဖြင့် တိုးချဲ့ခဲ့ရာမှ ယခုအစိုးရသစ်လက်ထက်တွင်ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ပူးပေါင်း၍ မြို့ဧရိယာကို ထပ်မံချဲ့ထွင်တော့မည်ဖြစ်သည်။

JICA ၏လတ်တလော အဆိုပြုချက်များအရ ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလ၊ တွံတေး၊ သန်လျင်အပါအဝင် မြောက်ပိုင်းခရိုင်မြို့နယ်များဖြစ်သည့် မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်မြို့နယ်များကို တိုးချဲ့ရန် စီစဉ်ထားကြောင်း မြို့ပြနှင့် မြေယာဌာနမှူး ဦးတိုးအောင်ကပြောသည်။

တိုးချဲ့မည့် မြေဧရိယာများတွင် ရန်ကုန်မြို့၏ အဓိကလိုအပ်နေသော အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်သွားရန် စီစဉ်နေမှုများ ရှိနေသော်လည်း တစ်နှစ်လျှင် ရန်ကုန်မြို့တွင် အိမ်ရာအခန်းပေါင်း သုံးသောင်းကျော်လိုအပ်နေပြီး လက်ရှိတွင် အိမ်ရာအခန်းပေါင်း တစ်သောင်းကျော်သာ ဖြည့်ဆည်းပေးနိုင်သေးကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားသည်။

မြို့တွင်းပိုင်း၌ မြေနေရာလွတ်များ ရှားပါးလာသည်နှင့်အတူ အိမ်ရာစီမံကိန်းအများစုကို မြို့ပြင်နေရာများတွင် တည်ဆောက်ရန် လျာထားသကဲ့သို့ ဆူးလေဗဟိုပြု စီးပွားရေးအချက်အချာနယ်မြေမှာလည်း တစ်နေ့ထက်တစ်နေ့ စီးပွားရေးလုပ်ငန်းများ ထပ်မံအခြေချလုပ်ကိုင်နိုင်ရန် ကျပ်တည်းမှုများလာသည်။

ထို့ကြောင့် မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်း၏ ရေးဆွဲအကြံပြုချက်အရ မရမ်းကုန်းမြို့နယ်အတွင်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် မြေနေရာများတွင် ရန်ကုန်မြို့တွင်းပိုင်းကဲ့သို့ ဒုတိယစီးပွားရေးအချက်အချာနယ်မြေအဖြစ် ပြုလုပ်ရန်စီစဉ်ထားကြသည်။

ရန်ကုန်မြို့၏ အခြေခံလိုအပ်ချက်များအနက်မှ ရေနှင့် လျှပ်စစ်မီး ပြဿနာမှာလည်း မြို့ပြနေလူထုအတွက် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲတစ်ခုလည်းဖြစ်သည်။

လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီး ရေလှောင်ကန်ကြီးများမှ ရေသွယ်ပိုက်လိုင်းကြီးများသည် သက်တမ်းအားဖြင့် ရှည်ကြာလာပြီဖြစ်သောကြောင့် ယိုယွင်းနေမှုများရှိရာ ရေပေးဝေလိုသော နေရာသို့မရောက်မီပင် လေလွင့်ဆုံးရှုံးမှုများနှင့် နှစ်စဉ်ကြုံတွေ့နေရသည်ဟု ပညာရှင်များက ဝေဖန်ပြောကြားသည်။

နှစ်စဉ်နွေကာလတွင် လျှပ်စစ်မီး အခက်အခဲနှင့် ကြုံတွေ့နေရမြဲဖြစ်သည့် စီးပွားရေးမြို့တော် ရန်ကုန်၌ ယခုနှစ်တွင် လျှပ်စစ်ဓာတ်အားဘိုင်ကြီးများကို ပြည်ပမှ မှာယူတင်သွင်းလာသော်လည်း စီးပွားရေးလုပ်ငန်းအများစုတွင် လက်ရှိတိုင် လျှပ်စစ်မီးလုံလောက်စွာ မရရှိမှု၊ ဆင်ခြေဖုံးရပ်ကွက်များတွင် မကြာခဏ လျှပ်စစ်မီးပြတ်တောက်နေမှုများကလည်း ဖြေရှင်းရန်ခက်ခဲနေသေးသည်။

ပညရှင်များ၏ အဆိုအရ ၂၀၄၀ တွင် ရန်ကုန်မြို့၌ ယခုလက်ရှိ လူဦးရေခြောက်သန်းကျော်မှ ဆယ်သန်းကျော်အထိ တိုးပွားလာနိုင်ဖွယ် ရှိသောကြောင့် အခြေခံအဆောက်အအုံ များဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်၊ ရေ၊ မိလ္လာ၊ အိမ်ရာစီမံကိန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် နည်းစနစ်မှန်မှန် အကောင်းဆုံး စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်နိုင်မှသာ အနာဂတ်တွင်အရှေ့တောင်အာရှနိုင်ငံများထဲက အဆင့်မီမြို့တော်တစ်ခုအဖြစ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း မြို့ပြပညာရှင်များက သုံးသပ်ပြောကြားလိုက်သည်။

သို့သော် အစိုးရအပြောင်းအလဲနှစ်နှစ်ကျော်ကာလအတွင်း အနာတရပေါင်းမြောက်မြားစွာဖြင့် ဆေးရုံမှ ဆင်းစလူနာတစ်ဦးကဲ့သို့ နာလန်ထူရန် ခက်ခဲနေဦးမည်လည်း ဖြစ်သည်။

## ပြည်တွင်းလေကြောင်းခရီးလုံခြုံမှု ခရီးသည်အချို့ မေးခွန်းထုတ်

ပြည်တွင်းရှိလုပ်ငန်းဆောင်ရွက်နေသော လေယာဉ်ကွင်း ၃၂ ကွင်းအနက် မြေပြင်မှ လေယာဉ်နှင့် ချိတ်ဆက်ကာ လေယာဉ်အားမည်သည့်ဦးတည်ချက်သို့သွားရ မည်၊ မည်သည့်အကွာအဝေးရှိ နေသည်တို့ကို သတင်းပေးပို့နိုင်သော VOR/DME, NDB လေကြောင်းလမ်းညွှန်ကိရိယာတပ်ဆင်ထားသောကွင်းမှာ ခြောက်ကွင်းသာရှိသည်။ ယခုဘဏ္ဍာနှစ်အတွင်းလေယာဉ်ဆင်းသက်မှုများသော ပုဂံ၊ ညောင်ဦး၊ ဟဲဟိုး၊ တာချီလိတ်၊ မြစ်ကြီးနားစသည်တို့တွင် ယင်းစက်ကိရိယာများအပြီးသတ် တပ်ဆင်သွားမည်ဟုလေကြောင်းညွှန်ကြားမှုဦးစီးဌာနကသတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သော စပိန်ခရီးသည်နှစ်ဦးက မြန်မာလေကြောင်း၏ ဖော့ကာလေယာဉ်စီးရာတွင် အလွန်ထိတ်လန့်ခဲ့ဖူးကြောင်းညှော် လမ်းညွှန်အမျိုးသားတစ်ဦးက ပြောသည်။

"အဲဒီတုန်းက ဖော့ကာက နေပြည်တော်ကွင်းမှာလူတင်တာလားမသိဘူး။ ကွင်းထဲမှာ လေယာဉ်ရပ်ထားပြီးစက်ကနိုးထားတော့ အထဲမှာ ပူလာတာ။ အဲဒီမှာ ကျွန်တော့် ခရီးသည်နှစ်ယောက်တော်တော် လန့်သွားတယ်"ဟု ၎င်းကပြောသည်။

"များသောအားဖြင့် ဘာမှသိပ်မပြောဘူးဗျ။ သူတို့က ပြည်တွင်းက လေဆိပ်တွေမှာ ဆင်းရခက်တဲ့ ပြေးလမ်းတိုတဲ့ လေဆိပ်တွေဆင်းတဲ့အခါ မြန်မာကပ္ပတိန်တွေကို တော်တယ်လို့ ချီးကျူးကြတယ်" ဟု တောင်ကြီးဇုန်မှ ဧည့်လမ်းညွှန်ကိုရန်နိုင်ကပြောသည်။

ပြည်တွင်း၌ လေယာဉ်များဖြင့် ခရီးသွားရာတွင် လေယာဉ်မှူးများ၏ ကျွမ်းကျင်မှုအပေါ် သံသယဖြစ်မိသည်ဟုနေပြည်တော်သို့လေယာဉ်ဖြင့် ပုံမှန်သွားနေသောရှေ့နေတစ်ဦးကပြောသည်။

အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရတွဲဖက်လေယာဉ်မှူးတစ်ယောက်ဖြစ်ရန်အတွက်နာရီ၁၅၀၀ ပျံသန်းမှုအတွေ့အကြုံရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌တွဲဖက်လေယာဉ်မှူးတစ်ယောက်ဖြစ်ရန်အတွက်နာရီ၂၀၀သာလိုအပ်ကြောင်း မြန်မာ့လေကြောင်း အကယ်ဒမီ ဥက္ကဋ္ဌ ဦးကြည်ဝင်းကပြောသည်။

ပြည်တွင်း၌မောင်းနှင်အသုံးပြုသော လေယာဉ်များနှင့် လေယာဉ်မှူးများအား လေကြောင်းညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံတကာလေကြောင်းအဖွဲ့တို့က စစ်ဆေးမှုများပုံမှန်ပြုလုပ်နေပြီး စိတ်ချရသောအခြေအနေရှိမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသောကြောင့်စိတ်ချရကြောင်းလေယာဉ်မှူး ဦးသန်းထွေးကပြောသည်။

"လေယာဉ်မတော်တဆမှုတွေက ဒီမှာပဲဖြစ်တာမဟုတ်ဘူး။ နိုင်ငံတကာမှာလည်း အဆင့်မြင့်လေယာဉ်ကြီးတွေတောင်မှ ဖြစ်တာ"ဟု ယင်းကပြောသည်။

လက်ရှိတွင် ပြည်တွင်းလေကြောင်းလိုင်းခုနစ်လိုင်းမှ လေယာဉ်၃၂စီးဖြင့် ပြေးဆွဲနေပြီး အေတီအာဖော်ကာ၊ အမ်ဘရာ၊ အမ်အေ၆၀၊ ဘိချ်၁၉၀၀နှင့်အဲဘက်စ်လေယာဉ် အမျိုးအစားများဖြင့် ပျံသန်းလျက်ရှိနေသည်။

ယင်းလေယာဉ်များအနက် ပြင်သစ်နိုင်ငံထုတ် အေတီအာ အမျိုးအစားအများဆုံး အသုံးပြုနေပြီး တရုတ်၊ ဟော်လန်၊ ဘရာဇီးစသောနိုင်ငံများမှ လေယာဉ်များဖြစ်ရာလေယာဉ်များအားသက်တမ်း ၂၅နှစ်အောက်လေယာဉ်များကိုသာ အသုံးပြုစေကြောင်းလေကြောင်းညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူး ဦးမျိုးသန့်ကဆိုသည်။

**TRADEMARK CAUTION NOTICE**

**SOWIND SA,** a company organized under the laws of **SWITZERLAND** carrying on business as Swiss high-end watches and having its principal office at Place Girardet 1, 2301 La Chaux-de-Fonds, Switzerland is the owner and sole proprietor of the following Trademark:-

**JEANRICHARD**

Reg. No. 4/638/2013

Used in respect of:- Horological and chronometric instruments; jewels, jewellery.

Any unauthorised use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.

**Tin Ohnmar Tun &The Law Chambers**
Ph: 0973150632
Email: law_chambers@seasiren.com.mm
(For. IP HUB ASIA PTE LTD, Singapore)
Dated: 22. May. 2013.

Health
7DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# အလွယ်တကူစားသုံးနိုင်သော အစားအစာများနှင့် အသင့်ပြင်အစားအစာများတွင် ဆားပါဝင်မှုအလွန်များ

**ချီကာဂို၊မေ-၁၈**
အလွယ်တကူပြုပြင် စားသုံးနိုင်သော အစားအစာများ(စည်သွတ်ဘူး၊ ခေါက်ဆွဲထုပ်)နှင့် အသင့်ပြင်အစားအစာများ(ဟမ်ဘာဂါ၊ ပီဇာ) တွင် ဆားပါဝင်နှုန်း အလွန်များပြားဆဲဖြစ်ခြင်းကြောင့် စားသောက်ကုန်လုပ်ငန်းများ၏ ဆားပါဝင်မှုလျှော့ချရန် အစီအစဉ်သည်မအောင်မြင်ဖြစ်ခဲ့ရသည်ဟု အမေရိကန်သုတေသနပညာရှင်များကပြော သည်။

ချီကာဂိုမြို့ရှိ Northwe-stern University Feinberg ဆေးကျောင်းမှ သုတေသနပါမောက္ခဒေါက်တာစတီဖင်ဟားဗတ်နှင့်ဝါရှင်တန်မြို့ရှိCenter of Science in the Public Interest အဖွဲ့သည် ၂၀၀၅၊ ၂၀၀၈နှင့် ၂၀၁၁ခုနှစ်များတွင် အလွယ်တကူ ပြုပြင်စားသုံးနိုင်သော အစားအစာများနှင့် အသင့်ပြင်



အစားအစာများကို ရွေးချယ်၍ ဆားပါဝင်မှုကို အကဲဖြတ်တွက်ချက်ခဲ့သည်။

၂၀၀၅မှ ၂၀၁၁ခုနှစ်အထိ အလွယ်တကူပြုပြင်စား သုံးနိုင်သောအစားအစာ၄၀၂မျိုးတွင် ဆားပါဝင်မှု ၃ဒသမ၅ရာခိုင်နှုန်း ခန့်လျော့ကျသွားသော်လည်း အသင့်ပြင်အစားအစာ ၇၈မျိုးတွင် ဆားပါဝင်မှု ၂ဒသမ၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်ဟု 'အမေရိကန်ဆေးဝါး အသင်း' ဂျာနယ်ကထုတ်ဝေသောလေ့လာမှုတွင် ဖော်ပြထားသည်။ စားသောက်ကုန်ပစ္စည်းအချို့တွင် အနည်းဆုံး ၃၀ရာခိုင်နှုန်းလျော့ကျသွားသော်လည်း စားသောက်ကုန် အများစုတွင်မူ ဆားပါဝင်မှု အနည်းဆုံး ၃၀ ရာခိုင်နှုန်းတိုးလာသည်ဟု အဆိုပါလေ့လာမှုတွင် ဖော်ပြသည်။

"လုပ်ငန်းရှင်တွေ သူတို့အသိစိတ်နဲ့ သူတို့ဆားပါဝင်မှုလျှော့ချမယ်ဆိုတဲ့ အစီအစဉ်ရှုံးနိမ့်သွားပါတယ်။ လေ့လာချက်က ဖော်ပြထားတာက စားသောက်ကုန်လုပ်ငန်းတွေဟာ အချိန်ဆွဲပြီး ပြောင်းလဲမှုအနည်းအကျဉ်းပဲလုပ်နေကြတယ်။ အများပြည်သူကို ကာကွယ်ဖို့အတွက် အစိုးရက ကြားဝင်မညှိနှိုင်းပေးဘူးဆိုရင် အဲဒီအချိန်ဆွဲနေတဲ့ကိစ္စက ပြီးသွားမှာမဟုတ်ဘူး။ အစားအသောက်ထဲမှာ ဆားပါဝင်မှုပမာဏကို စည်းကမ်းနဲ့ ထိန်းညှိပေးဖို့ လိုအပ်နေပါတယ်" ဟု ဒေါက်တာဟားဗက်ကပြောကြားသည်။

အမေရိကန်နိုင်ငံသားတစ်ဦးသည် တစ်နေ့လျှင် ပျမ်းမျှဆားလက်ဖက်ရည်ဇွန်း ၂ဇွန်းခန့်စားသုံးပြီး အဆိုပါစားသုံးမှုပမာဏသည် စားသုံးရန် အကြံပြုထားသော ပမာဏထက်လွန်စွာ များနေသည်ဟု သိရသည်။ တစ်နေ့လျှင်စားသုံးသင့်သော ဆားပမာဏမှာ လက်ဖက်ရည်ဇွန်းတစ်ဇွန်း၏ ငါးပုံတစ်ပုံခန့် (သို့မဟုတ် ) ၁၅၀၀ မီလီဂရမ် ခန့်သာဖြစ်ကြောင်း အကြံပြုထားသည်။ နေ့စဉ်ဆားစားသုံးမှု ၈၀ရာခိုင်နှုန်းခန့်ကို အလွယ်တကူပြုပြင်စားသုံး နိုင်သော အစားအစာများနှင့် အသင့်ပြင်အစားအစာများကိုစားသုံးခြင်းမှရရှိပြီး အလွန်နည်းသောပမာဏကိုမူ ချက်ပြုတ်ရာတွင် အစားအစာထဲသို့ ထည့်လိုက်ရာမှ ရရှိသည်ဟု သုတေသနတွင်ဖော်ပြသည်။

—Ref: UPI

# အငြိမ်းစားယူခြင်းသည်စိတ်ကျန်းမာရေး ထိခိုက်နိုင်ဟု လေ့လာမှုတစ်ခုတွင် ဖော်ပြ

**လန်ဒန်၊ မေ-၁၈**
သက်ပြည့်ပင်စင်ရ၍ အငြိမ်းစားယူခြင်းသည် စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း လေ့လာမှုတစ်ခုက ဖော်ပြလိုက်သည်။ ပညာရှင်အဖွဲ့တစ်ခုဖြစ်သော စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအင်စတီကျူဒ် Institute of Economic Affairs(IEA) က ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုတွင် ပုံမှန်ကာလနှင့် ရေရှည်ကာလများတွင် ကျန်းမာရေးကျဆင်းမှုရှိလာပုံကို အငြိမ်းစားယူသည့် ရလဒ်များနှင့် တွဲဖက်လေ့လာခဲ့ခြင်းဖြစ်သည်။ IEA၏လေ့လာမှုတွင် ကျန်းမာရေးပိုရှည်ကြာစွာ ကောင်းမွန်ရေးအတွက်နှင့် စီးပွားရေးဆိုင်ရာ အကြောင်းများအရပါ လူတို့သည် အလုပ်ကို ပိုရှည်ကြာစွာလုပ်သင့်ကြောင်း ဆိုသည်။

ဗြိတိန်အစိုးရသည်လည်း ယခုအခါ နိုင်ငံတော်ပင်စင်သက်တမ်းကို အသက်တိုးမြှင့်ရန် စီစဉ်နေသည်။ Age Endeavour Fell-owship ရန်ပုံငွေအစီအစဉ်နှင့်အတူ ပူးတွဲပုံနှိပ်ဖော်ပြခဲ့သော အထက်ပါလေ့လာမှုစာတမ်းတွင် သက်တမ်းပြည့်၍ ပုံမှန်အတိုင်း အငြိမ်းစားယူခဲ့သောသူများနှင့် ပင်စင်သက်တမ်း ကျော်လွန်အောင် အလုပ်လုပ်နေသောသူများနှင့် နှိုင်းယှဉ်လေ့လာခဲ့သည်။ IEAရှိ အစီအစဉ်ညွှန်ကြားရေးမှူး ဖိလစ်ဘုသ်က ၎င်းတို့တွေ့ရှိချက်များကို အခြေခံ၍ အစိုးရသည် အလုပ်သမားဈေးကွက်စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲမှုများလုပ်သင့်ကြောင်းပြောသည်။ ၎င်းက "အသက်ကြီးတဲ့အရွယ်အထိ အလုပ်လုပ်တာဟာ စီးပွားရေးလိုအပ်ချက်အရသာမဟုတ်ပါဘူး။ ပို ကျန်းမာသန်စွမ်းတဲ့ ဘဝဖြစ်အောင်လည်း လူတွေကို ကူညီနိုင်ပါတယ်"ဟုဆိုသည်။ Age Endea-vour Fellowship အဖွဲ့မှ ဥက္ကဋ္ဌ အက်ဒဝပ်ဒတ်နောင်းကလည်း "အနာဂတ်မှာပုံမှန်ပင်စင်အသက်အရွယ်ဆိုတာမျိုးမရှိသင့်တော့ပါဘူး"ဟုပြောသည်။

သုတေသနက အငြိမ်းစားယူခြင်းသည်စိတ်ကျရောဂါခံစားရမှုဖြစ်နိုင်ခြေ ၄၀ရာခိုင်နှုန်းတိုးလာစေပြီး ကိုယ်ကာယပိုင်းတွင်လည်း ထိခိုက်မှု ၆၀ရာခိုင်နှုန်းခန့်တိုးလာစေနိုင်ကြောင်း ဆိုသည်။ ထိုသို့ အကျိုးသက်ရောက်မှုမှာ အမျိုးသမီးများနှင့် အမျိုးသားများတွင် အတူတူဖြစ်ကာအငြိမ်းစားယူချိန်ပိုရှည်ကြာပါက ဖျားနာနိုင်ခြေလည်း ပိုတိုးလာနိုင်ကြောင်း သိရသည်။

—Ref: BBC

# ခြေလေးချောင်းကလေးငယ် ရန်ကင်းကလေးဆေးရုံကြီးတွင် ခွဲစိတ်မည်

**ရဲနောင်**
**ရန်ကုန်၊ မေ-၁၈**
ရှမ်းတောင်ပိုင်း ပင်လုံမြို့ နယ်မှ မွေးရာပါခြေလေးချောင်းပါသည့် သုံးလခွဲအရွယ်မိန်းကလေး ငယ်အားလိုအပ်သည့်ခွဲစိတ်ကုသမှုနှင့် ပကတိကျန်းမာလာသည့် အထိ ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီးတွင် စောင့်ရှောက်မှု ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။ ခွဲစိတ်ကုသရန်နှင့် လိုအပ်သော ဆေးဝါး၊ ကုန်ကျစရိတ်များအား ရောဝတီဖောင်ဒေးရှင်းကပံ့ပိုးကူညီသွားမည်ဖြစ်သည်။

ကလေးငယ်အား ခွဲစိတ်ကုသမှုပြုလုပ်ရန် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး ချက်ချင်းခွဲစိတ်ရန်အတွက်မူ မဖြစ်နိုင်သေးကြောင်း ရန်ကင်းကလေးဆေးရုံမှ ခွဲစိတ်ကုသဆောင် တာဝန်ခံပါမောက္ခဒေါက်တာအေးအေးက ပြောကြားသည်ဟု ရောဝတီဖောင်ဒေးရှင်း၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

ထိုကလေးငယ်မှ ယခုနှစ်ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ်၊ ပင်လုံမြို့၌ မွေးဖွားခဲ့ပြီး မွေးချင်းလေးယောက်အနက်အငယ်ဆုံးဖြစ်သည်။

# ဆားစ်ရောဂါနှင့် ဆင်တူသည့် ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၀ ခန့်ထိရှိလာ


**ဂျီနီဗာ၊မေ-၁၈**

ဆားစ်ရောဂါနှင့် ဆင်တူသည့် Coronavirus ရောဂါပိုးကြောင့် ကမ္ဘာတစ်ဝန်းတွင် သေဆုံးရသူဦးရေမှာ ၁၈ ဦးမှ ၂၀ဦးအထိရှိနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ထုတ်ပြန်သည်။ အဆိုပါစာရင်းတွင် သေဆုံးမှုနှစ်ခုမှာမူ ရောဂါပိုးစတင်ပေါ်ပေါက်လာချိန်က ဆော်ဒီအာရေဗီးယားနိုင်ငံတွင် ဖြစ်ခဲ့ကြောင်း အဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ်ကဆိုသည်။ ဆော်ဒီအစိုးရသည် ပြီးခဲ့သော အပတ်ကမှ SARS ရောဂါနှင့်တူသည့် ယင်းဗိုင်းရပ်စ်သစ် ဖြစ်ပွားမှုကို နိုင်ငံတွင်း၌ လေးဦးတွေ့ခဲ့ပြီး ကမ္ဘာတစ်ဝန်းရောဂါဖြစ်ပွားမှုအရေအတွက်မှာ ၃၈ဦးအထိ ရှိလာသည်။

ယခုအချိန်အထိ ဗိုင်းရပ်စ်ကြောင့် သေဆုံးမှုများမှာ ဆော်ဒီတွင် ၁၅ ဦး၊ ဂျော်ဒန်တွင်နှစ်ဦး၊ ဂျာမနီတွင်တစ်ဦး၊ဗြိတိန်တွင်နှစ်ဦးဖြစ်ပြီး၊ ပြင်သစ်တွင်နှစ်ဦးမှာ ကုသခံနေရဆဲဖြစ်သည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်သည့် Severe Acute Respira-tory Syndrome (SARS) ရောဂါမှာ လွန်ခဲ့သည့် ၁၀ နှစ်က အရှေ့အာရှဒေသတွင် ဖြစ်ပွားခဲ့ရာ ထိုစဉ်က လူပေါင်း ၈၀၀ ခန့် သေဆုံးခဲ့ရသည်။


—Ref: AFP






မင်္ဂလာနှစ်သစ်မှာ
Yadanarpon
DIAMOND PLAZA
ရတနာပုံဒိုင်းမွန်းပလာဇာရဲ့
ဆိုင်ခန်းငှားရမ်းခနှုန်းထားများအား နေရာအနေအထားပေါ်မူတည်၍
Discount 50%
အထိသတ်မှတ် ငှားရမ်းပေးနေပါပြီ......
ဆက်သွယ်ရန် Diamond Plaza , Marketing Dept:
၇၇×၇၈လမ်းကြား ၃၃×၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉ - ၂၀၁၅၂၈၇, ၀၉ - ၆၈၀၁၉၀၄, ၀၉ - ၆၈၀၁၉၀၅, ၀၂ - ၆၉၃၅၁,၆၉၃၇၁(လိုင်းခွဲ - ၂၁၆)





TONY




# Regional

7 DAY NEWS JOURNAL

Vol.12, No.11 • MAY 22 , 2013


## လူကုန်ကူးမှု တိုက်ဖျက်ရန် နယ်စပ်ဆက်ဆံရေးရုံး လောက်ကိုင်မြို့တွင်ဖွင့်

**အေးသူစံ**

**ရန်ကုန်၊ မေ- ၁၇**

မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရန် နယ်စပ်ဆက်ဆံရေးရုံးကို မေ ၁၅ ရက်တွင် လောက်ကိုင်မြို့၌ဖွင့်လှစ်လိုက်ကြောင်း လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီရုံးတွေက ၂၄ နာရီ နှစ်ဖက်တာဝန်ရှိသူတွေကူးလူးဆက်ဆံပြီး တရားဥပဒေအရ ချက်ချင်းအရေးယူတဲ့ရုံးပါ။ ဗဟိုခွင့်ပြုချက်စောင့်နေ စရာမလိုဘဲ အာဏာကုန်လွှဲအပ်ထားတဲ့ အတွက် အရမ်းအလုပ်ဖြစ်ပါတယ်"ဟုလူကုန်ကူးမှုတားဆီး တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အငြိမ်းစားရဲမှူးကြီး ရာလျန်မှုန်းကပြောသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး နယ်စပ်ဆက်ဆံရေးရုံးကို ၂၀၀၇ ခုနှစ်တွင် မူဆယ်-ရွှေလီ၊ ၂၀၀၈ ခုနှစ်တွင် လွယ်ဂျယ်-ကျန်ဖုံးတို့၌ ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃ တွင် လောက်ကိုင်-မန်ဆောင်တို့၌ ထပ်မံဖွင့်လှစ်ခဲ့ရာ တရုတ်နှင့် ဆက်ဆံရေးရုံးသုံးခုရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံမှ လူကုန်ကူးခံရသူ အများဆုံးရောက်ရှိနေသည့် နိုင်ငံများတွင် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့ဖြစ်ပြီး ပြန်လည်ကယ်တင်နိုင်မှုမှာတရုတ်နိုင်ငံမှ အများဆုံးဖြစ်နေကြောင်း လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ထုတ်ပြန်သည်။

"ဆက်ဆံရေးရုံးတွေရှိလာတဲ့အတွက်နှစ်နိုင်ငံရဲတပ်ဖွဲ့သတင်းဖလှယ်ရာမှာ တော်တော်လေးအထောက်အကူပြုပါတယ်။ တခြားနိုင်ငံတွေနဲ့ ထပ်ပြီးဖွင့်လှစ်ဖို့ဆွေးနွေးသွားပါမယ်"ဟု လူကုန်ကူးမှုတိုက်ဖျက်ရေးဗဟိုမှ တာဝန်ရှိသူက ပြောသည်။

မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံနှင့်လည်း တာချီလိတ်-မယ်ဆိုင်၊ ကော့သောင်း-ရနောင်းတို့တွင်လူကုန်ကူးမှုဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးနှစ်ရုံး ဖွင့်လှစ်ထားပြီးဖြစ်သည်။ ယခုနှစ်ထဲတွင် မြဝတီ-မဲဆောက်၌ ဆက်ဆံရေးရုံး ထပ်မံဖွင့်လှစ်ရန် စီစဉ်နေကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

## ခိုင်းနွားရှားပါးမှုကြောင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာဝယ်လိုအားမြင့်မား

**မျိုးမင်းဦး**

**မုံရွာ၊ မေ-၁၇**

လယ်ယာလုပ်ငန်းသုံးခိုင်းနွားများ ပြည်တွင်းပြည်ပဈေးကွက်ဝယ်ယူမှုပိုများလာခြင်းကြောင့် ခိုင်းနွားဈေးကွက်တွင် အဆမတန်ဈေးမြင့်တက်မှု၊ နွားစာရှားပါးမှုများကြောင့်လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများ ဝယ်လိုအားပိုမိုများပြားလာခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများကပြောသည်။



*မုံရွာမြို့နယ်အတွင်း လယ်ယာလုပ်ငန်းခွင်တစ်ခု* ဓာတ်ပုံ- မျိုးမင်းဦး

"ဒီနှစ်ခိုင်းနွားဈေးက တစ်ကောင်ခုနစ်သိန်း၊ ရှစ်သိန်းလောက်မှ လယ်ယာလုပ်ငန်းသုံးလို့ရတာ။ လောလောဆယ်ရွာတွေမှာ နွားဝယ်တွေပိုများတော့ ခိုင်းနွားကဝယ်ချင်လို့ ဝယ်လို့မရတော့ဘူး။ နောက်ဆုံးနွားပိန်တစ်ကောင်ကို ငါးသိန်း၊ ခြောက်သိန်းရှိတယ်။ နွားပေါက်တစ်ကောင်ကို သုံးသိန်းလေးသိန်းအထိ အရောင်းအဝယ်ဖြစ်နေတယ်"ဟု မုံရွာမြို့နယ်၊ ညောင်ဖြူပင်ကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အတွင်း လယ်ယာလုပ်ငန်းသုံးစက်ကိရိယာအရောင်းဆိုင်တာဝန်ရှိသူတစ်ဦးက "အရာတော်နယ်နဲ့ ချောင်းဦးနယ်မှာ နွားစာရှားတာရော တစ်နှစ်မှတစ်သီးလောက်စိုက်နိုင်ပျိုးနိုင်တာဆိုတော့ ခိုင်းနွားတွေကို ရောင်းပြီးစက်ကိရိယာတွေအဝယ်များတယ်။ မုံရွာတောင်ဘက်ကျွန်းထဲကလည်း ဒီနှစ်နွားစာကြောင့်တော့မဟုတ်ဘူး။ ခိုင်းနွားအတွက် စရိတ်တွေ၊ စောင့်ရှောက်ရတာတွေကြောင့် ခိုင်းနွားရောင်းပြီးစက်တွေဝယ်ကြတယ်။ ဒီဒေသမှာလယ်ယာလုပ်ငန်းသုံးထွန်စက်က တရုတ်နိုင်ငံထုတ်လက်တွန်းစက်တွေအဝယ်များတယ်"ဟုဆိုသည်။ ယခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးတွင်လယ်ယာလုပ်ငန်းသုံးခိုင်းနွားများကို အိမ်နီးချင်းနိုင်ငံသို့ တရားမဝင်သယ်ယူရောင်းချမှုများအားဖမ်းဆီးအရေးယူမှုပိုမိုများပြားလာခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရှိရသည်။ တရားမဝင်ခိုင်းနွားသယ်ယူရောင်းချသူများကြောင့် ခိုင်းနွားတစ်ရှဉ်းလျှင် ကျပ် ၁၅ သိန်းမှ ကျပ်သိန်း ၂၀ ကျော်အထိ ပေးဝယ်နေရသည်။

လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများတွင် တရုတ်နိုင်ငံထုတ်လက်တွန်းစက်တစ်စီးလျှင် ကျပ်ခုနစ်သိန်းမှကျပ်သိန်း၃၀၀န်းကျင်အထိ အရောင်းအဝယ်အများဆုံးဖြစ်နေသည်။ ပြည်တွင်းစက်မှုဇုန်ထုတ် လေးဘီးထွန်စက်တစ်စီးလျှင် ကျပ်သိန်း ၄၀ ဝန်းကျင်ရှိကြောင်း လယ်ယာလုပ်ငန်းသုံးစက်ကိရိယာအရောင်းဆိုင်များမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာလုပ်ငန်းသုံးလယ်ထွန်စက်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့သဖြင့် တောင်သူများငွေလုံးငွေရင်းသုံးစွဲရန်မလိုဘဲ လယ်ယာလုပ်ငန်းသုံးထွန်စက်များဝယ်ယူရရှိပြီဖြစ်ကြောင်း မုံရွာဒေသခံတောင်သူများက ပြောကြားသည်။

## ခရီးသည်က ကယ်ရီသမားကို ဓားဖြင့်ထိုးကာဆိုင်ကယ်လု

**ကျော်ဇေယျ**

**နေပြည်တော်၊ မေ- ၁၈**

နေပြည်တော် ကောင်စီနယ်မြေအတွင်း မေ ၁၈ ရက် နံနက်အစောပိုင်းက ခရီးသည်က ဆိုင်ကယ်ကယ်ရီသမားကို အငှားပြခေါ်ယူကာ လူသူပြတ်သောနေရာအရောက်တွင် လည်ပင်းကိုဓားဖြင့်လှီးကာ နောက်ကျောကိုဓားဖြင့်ထိုးပြီး ဆိုင်ကယ်လုယူထွက်ပြေးသွားကြောင်း ကာယကံရှင်ကယ်ရီထံမှ သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်၊ ပျဉ်းမနား၊ နယ်မြေ ၂၀၊ ရန်အောင် (၂)ရပ်ကွက်နေ ဆိုင်ကယ်ကယ်ရီမောင်းသူဦးမြင့်ဦးသည် မေလ ၁၈ ရက် နံနက်တစ်နာရီက ပျဉ်းမနားဘူတာ ဆိုင်ကယ်ကယ်ရီဂိတ်တွင် ထိုးထားစဉ် အသက် (၃၀)ခန့်ရှိ အမျိုးသားတစ်ဦးရောက်ရှိလာပြီး နေပြည်တော်လယ်ဝေးသို့သွားရန် အခကြေးငွေ ၇,၀၀၀ ကျပ်ဖြင့် ငှားရမ်းခဲ့၍ ဦးမြင့်ဦးက လိုက်ပို့ခဲ့သည်ဟုဆိုသည်။

လမ်းတစ်လျှောက်တွင် စကားပြောဆိုလာပြီး လမ်းခုလတ်မှန်တောရွာ လမ်းခွဲတံတားအကျော်တွင် ခရီးသည်က ဦးမြင့်ဦးအား နောက်မှ ပခုံးကိုင်ကာ ထက်မြသောအရာဖြင့် လည်ပင်းအားရစ်၍ လှီးဖြတ်သောအခါ ဆိုင်ကယ်လမ်းဘေးသို့လဲကျသွားစဉ် ဦးမြင့်ဦးက ခရီးသည်အား ပြန်လည်လုံးထွေးသတ်ပုတ်ခဲ့ကြောင်း၊ ခရီးသည်က လက်ထဲပါဓားဖြင့် ဦးမြင့်ဦးကို ထပ်မံထိုးရာ နောက်ကျောတွင်တစ်ချက် ထိသွားကြောင်းနှင့် လုံးထွေးစဉ်ကလည်း ယာဘက်လက်မရင်းတစ်ချက်ပြတ်ရှဒဏ်ရာရရှိသွားကြောင်း ကာယကံရှင်ဦးမြင့်ဦးက ပြောဆိုသည်။

ဦးမြင့်ဦးကားလမ်းဘေးရှိ တာကျင်းထဲသို့လဲကျနေစဉ် ခရီးသည်က ဆိုင်ကယ်လုယူပြီး မောင်းနှင်ထွက်ပြေးသွားကြောင်း၊ ဦးမြင့်ဦးသည် အနီးရှိရွာတစ်ရွာမှ မိတ်ဆွေအကူအညီဖြင့် ခုတင် ၂၀၀ ဆေးရုံသို့တက်ရောက်ကုသနေရပြီးလယ်ဝေးရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။




7DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# သဘာဝယုန်များဖမ်းဆီး ရောင်းသူများကြောင့် ယုန်သားဈေးကွက်ဖြစ်ပေါ်

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ-၁၈**

စစ်ကိုင်းမြို့နယ်အတွင်း နှုံးတွင်းကျေးရွာ၊ နတ်ခရိုင်ကွေ့ကျေးရွာနှင့် အုန်းတောကျေးရွာအနီး တစ်ဝိုက် သဘာဝတောများမှ ယုန်များအား ဖမ်းဆီးရောင်းချသူများကြောင့် မုံရွာ-မန္တလေးကားလမ်းမကြီးဘေးတွင် ယုန်သားဈေးကွက်တစ်ခုဖြစ်ပေါ်လာကြောင်း အဆိုပါ ကျေးရွာဒေသခံများကပြောသည်။

"ဒီယုန်တွေက သဘာဝတောထဲက ဖမ်းဆီးရောင်းချတာပါ။ ညအချိန်မှာ ပိုက်တန်းမှာမိတဲ့ ယုန်တွေကို မနက်မိုးလင်းတာနဲ့ မုံရွာ-မန္တလေး ကားလမ်းဘေးမှာ ထွက်ရောင်းကြတာ။ ယုန်ဖမ်းတဲ့သူတွေကိုယ်တိုင် ရောင်းသူတွေရှိသလို အချို့က ယုန်ရောင်းသူတွေထံက တစ်ဆင့်ရောင်းသူတွေလည်း ရှိတယ်" ဟု လယ်ကြီးကျေးရွာအနီး နေထိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

မုံရွာ-မန္တလေးကားလမ်းမဘေးတွင် ယုန်သားရောင်းချသူတစ်ဦးက "နှုံးတွင်းကနေ အုန်းတောအနောက် ကုက္ကိုတန်းအထိ ယုန်ရောင်းတဲ့သူ ၁၀ ဦးကနေ ၁၅ ဦးအထိရှိတယ်။ တစ်ဦးကိုအနည်းဆုံး တစ်ရက် သုံးကောင်ကနေ ဆယ်ကောင်အထိ ရောင်းတယ်။ ဆောင်းကုန်ရက်ပိုင်းကစပြီး အခုအချိန်အထိ ယုန်ကပေါတယ်။ မိုးတွင်းဆိုပိုရတယ်" ဟု ဆိုသည်။

မုံရွာ-မန္တလေးကားလမ်းမကြီးဘေးတွင် ယုန်သားရောင်းချသူများသည် ယုန်ဖမ်းဆီးသူများထံမှ အလေးချိန်ဖြင့်ချိန်တွယ်ဝယ်ယူပြီး ဈေးကွက်၌ အကောင်အရေအတွက်ဖြင့် ပြန်လည်ရောင်းချကြောင်း နတ်ခရိုင်ကျေးရွာအနီး ယုန်ဖမ်းဆီးသူများက ပြောသည်။ ယုန်ဖမ်းဆီးသူများသည် အလေးချိန်အပေါ် မူတည်၍ ကျပ်သုံးထောင်မှ ငါးထောင်ဝန်းကျင်ရရှိပြီး ကားလမ်းဘေးတွင်ရောင်းချသူများသည်အကောင်အကြီးအသေးပေါ် မူတည်၍ ယုန်တစ်ကောင်လျှင် ကျပ်ငါးထောင်မှကျပ်တစ်သောင်းဝန်းကျင်အထိ ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ဖမ်းဆီးရောင်းချမှုများကြောင့် ယုန်များ တစ်နှစ်ထက် တစ်နှစ်တွေ့ရှိမှု လျော့နည်းလာပြီဖြစ်ကြောင်း အုန်းတောအနောက်ပိုင်းဒေသတွင်နေထိုင်သောတောင်သူများက ပြောသည်။



*မုံရွာ-မန္တလေးကားလမ်းနံဘေး ယုန်ရောင်းချနေစဉ်*

ဓာတ်ပုံ- ရန်နိုင်ကျော်

# လက်ဖက်တောင်သူများ အခက်အခဲ မဖြေရှင်းနိုင်သေး

**နိုင်ချို**

**ရန်ကုန်၊ မေ-၁၈**

ပလောင်ဒေသရှိလက်ဖက်စိုက်ပျိုးထုတ်လုပ်သူများ၏ အခက်အခဲများကိုဖြေရှင်းရန်ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းကိုဖွဲ့စည်းတည်ထောင်ခဲ့ပြီးသည့်တိုင် အခက်အခဲများရှိနေသေးကြောင်း တောင်သူများကပြောသည်။

အဆိုပါအသင်းကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ၆ ရက်တွင် စက်မှုအသင်း (UMFCCI)၌ ဖွဲ့စည်းခဲ့သည်။

"ကျွန်တော်တို့ ပလောင်ဒေသမှာ လက်ဖက်စိုက်တောင်သူတွေ တစ်အားဒုက္ခရောက်နေတယ်။ အခု ဆိုရင် နန့်စန်၊ မန်တုံ၊ ကျောက်မဲဘက်က လက်ဖက်စိုက်တောင်သူတွေအခက်တွေ့နေတယ်။ တရုတ်ပြည်ဘက်က တရားမဝင်တဲ့လက်ဖက်တွေကြောင့်ပဲ။ အသင်းအနေနဲ့တော့ လောလောဆယ်တိတိကျကျ ဘာမှမလုပ်ပေးသေးဘူး" ဟု နန့်စန်ဒေသမှ လက်ဖက်တောင်သူတစ်ဦးကပြောသည်။

ကွန်လုံ၊ ဟိုပန်ဘက်မှ တရားမဝင်လက်ဖက် အဝင်များနေ၍ နန့်စန်ဒေသတွင်း စီးပွားဖြစ်လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများရပ်ဆိုင်းထားရကြောင်း ပလောင်ဒေသခံတစ်ဦးကပြောသည်။

ယခင်နန့်စန်ဒေသတွင်လက်ဖက်အချိုခြောက်ထုတ်လုပ်သောစက်ရုံပေါင်း တစ်ရာကျော်ရှိခဲ့ရာမှ ယခုအခါ နဂါးပျံနှင့် ပလောင်ထိပ်ထားအမည်ရှိလက်ဖက်အချိုခြောက်စက်ရုံနှစ်ရုံနှင့်တပ်မတော်အချိုခြောက်စက်ရုံတစ်ရုံသာကျန်ရှိသေးကြောင်းသိရသည်။

ပလောင်လက်ဖက်အသင်းမှနေ၍ အဆိုပါအခက်အခဲများကို စက်မှု လက်မှုကုန်သည်ကြီးများအသင်းသို့တင်ပြဆွေးနွေးခဲ့သော်လည်း ယခုအချိန်ထိထူးခြားမှုမရှိသေးကြောင်း ၎င်းအသင်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



ဓာတ်ပုံ- မျိုးမင်းဦး

# ပခုက္ကူဥယျာဉ်စုရွာ ဆိုလာစနစ်ဖြင့် မီးလင်း

**မျိုးမင်းဦး**

**ပခုက္ကူ၊ မေ- ၁၃**

ပခုက္ကူမြို့နယ်၊ အရှေ့ကမ်းဖျူကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာတွင် ဆိုလာစနစ် (Solar Home Power System) ဖြင့် မေလ ၁၃ ရက်မှ စ၍ ရွာလုံးကျွတ်လျှပ်စစ်မီး စတင်သုံးနိုင်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

ဥယျာဉ်စု ကျေးရွာသည် ပခုက္ကူမြို့ အနောက်တောင်ဘက် ၃၈ မိုင်ခန့်အကွာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လျှပ်စစ်မီး မရရှိခြင်းတို့ကြောင့် ယခုနှစ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် အောင်မြန်မာ သမဝါယမ အသင်းက ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းကို တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဥယျာဉ်စုကျေးရွာတွင် စီမံချက်အရအိမ်ခြေ၈၄လုံးတပ်ဆင်ရန် လျာထားခဲ့သော်လည်း မေလ ၁၃ ရက်တွင် ရွာရှိ နေအိမ် ၉၁ အိမ်နှင့် လမ်းမီးတိုင် ၂၀ တိုင်အား ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲခွင့်ရရှိခဲ့ကြောင်း ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

# ရေပိုးစားကန် လက်ယက်တွင်းများကြောင့် ဒေသခံများသောက်သုံးရေ အဆင်ပြေ

**မျိုးမင်းဦး**

**မုံရွာ၊ မေ-၁၈**

မုံရွာ-မန္တလေး ကားလမ်းမကြီးနံဘေးတွင် အများပြည်သူသုံးသောက်ရေကန်ဖြစ်သည့် ချောင်းဦးမြို့နယ် ရေပိုးစားသဘာဝရေကန်သည် နွေရာသီ၌ ရေကန်အတွင်း ရေခန်းခြောက်ခဲ့ပြီး သောက်သုံးရေအတွက် လက်ယက်တွင်းများ အသုံးပြုခဲ့ခြင်းကြောင့် ဒေသခံများအဆင်ပြေ ခဲ့သော်လည်း မြေအောက်ရေခန်းခြောက်မှု ပိုမိုဆိုးလာကြောင်း အဆိုပါဒေသခံများက ပြောသည်။

"ပြီးခဲ့တဲ့နှစ်တုန်းက မိုးရွာတာ နည်းတယ်။ ဒါကြောင့်မြေအောက်ရေခန်းတယ်လို့ ထင်တာပဲ။ ပုံမှန်နှစ်တွေမှာ ရေပိုးစားကန်ရေခန်းပေမယ့် လက်ယက်တွင်းတွေတူးရင် လေးငါးပေနဲ့ ရေသုံးလို့ရတယ်။ ဒီနှစ် ဝါးတစ်ပြန် (၁၅ ပေ) လောက်တူးမှ ရေထွက်တယ်။ မနက်စောစောနဲ့ညနေပိုင်းမှ အနီးအနားက ရွာတွေလက်ယက်တွင်းရေလာခပ်ကြတာ သမမှာ ဆန်ဝေဆီဝေလို့ တန်းစီနေသလိုပဲ" ဟု ချောင်းဦးမြို့နယ် ရေပိုးစား ကျေးရွာဒေသခံကိုလင်းအောင်က ပြောသည်။

ရေပိုးစားသဘာဝရေကန်ကြီးသည် မိုးရာသီတွင် ကြာပန်းများဖြင့် လှပနေပြီး ယခင်က တစ်နှစ်ပတ်လုံးသောက်သုံးရေ သုံးစွဲနိုင်သည်။ ရာသီဥတု ပြောင်းလဲလာမှုများကြောင့် လွန်ခဲ့သော ဆယ်စုနှစ်ခန့်မှစ၍ ရေပိုးစားကန်တွင် နွေရာသီရေခန်းခြောက်မှုကြုံတွေ့ခဲ့ရပြီး ရေကန်အတွင်း လက်ယက်တွင်းများ တူးဖော်သုံးစွဲခဲ့ရကြောင်း ဒေသခံများက ပြောကြားသည်။

လွန်ခဲ့သောနှစ်များ အတွင်းက ရေကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ရေဝင်ချောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာက စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးသော်လည်း ပြီးခဲ့သည့်နှစ် မိုးရွာသွန်းမှုနည်းခြင်းကြောင့် ရေကန်အတွင်းလယ်ယက်တွင်းများ၌ ရေခန်းခြောက်မှု ပိုများလာသည်ဟု ဒေသခံများကပြောသည်။



*လက်ယက်တွင်းမှ ရေခပ်ယူနေစဉ်*

ဓာတ်ပုံ- မျိုးမင်းဦး

## ထေရီရိပ်သာ အထူးတရားစခန်းပွဲ ဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျိုက်ဒေးဒလန်ဘုရားကြီးအနီးရှိ မိုးကုတ်ဝိပဿနာထေရီ ဓမ္မရိပ်သာကြီးအတွင်း၌ မေ ၂၄ မှ ၃၀ ရက်အထိ ခုနစ်ရက် တရားစခန်းပွဲကို ကျင်းပဖွင့်လှစ်မည်ဖြစ်သည်။ ရွှေကျွန်းကုန်းဆရာတော် အရှင်ပညိန္ဒာဓိဝံသ (ဆရာကြီးဦးမြင့်ဆွေ)အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇရာတော်ဘုရားမှ ကမ္မဋ္ဌာနစရိယအဖြစ် နေ့စဉ်အလုပ်ပေးတရားများကို ဟောကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

စာမျက်နှာ(၆)မှ

## မောင်းသံလွင်လွင်မြို့ရွာတစ်ခွင်

ကျေးရွာများတွင်ပင် ဒိုင်ခွဲများ ရှိကြသည်။ ၎င်းရက်များတွင် အားကစားဂျာနယ်များကို ဝယ်ကာ ပွဲခန့်မှန်းမှု ဆောင်းပါးများ သုံးသပ်ချက်များကို ဖတ်ကြသည်။ အသင်းအကြောင်း၊ ဘောလုံး သမားအကြောင်းနောကျေကြသည်။ ရွာဦးကျောင်းဆရာတော်၏ ဘွဲ့တော်ကို ရွတ်ဆိုခိုင်းလျှင်သာ မှားနိုင်ဦးမည်။ ဥရောပကလပ်နှင့် ကစားသမားများ၏ နာမည်ကို အားလုံးပါးစပ်ဖျားမှာ ရေပန်းစားသည်။

စပါးတလင်း၊ ပဲတလင်းနှင့် ရွာဝင်လှည်းလမ်းကြောင်းတို့၌ ဘောလုံးပွဲလောင်းသည့် စာရွက်အဟောင်းများ ဖြတ်သွားဖြတ်လာ တွေ့ရတတ်သည်။ ၎င်းစာရွက်လေးများသည် တောင်သူအတွက် စိုက်ပျိုးရေးအသိပညာပေး စာရွက်များဆိုက မည်မျှကောင်းလိုက်မလဲဟု မိမိအနေဖြင့် တွေးမိသည်။

တစ်ရက်က မိမိရွာတစ်ရွာသို့ ရောက်စဉ် သုံးယောက်ပူး စီးထားသည့် ဆိုင်ကယ်တစ်စီး စကားအော် ပြောကာ ဖြတ်သွားသည်။ အနားမှ လူငယ်တစ်ဦးက အဲဒီကောင်တွေ မနေ့ညက မောင်းပေါက်လို့ အောင်ပွဲခံနေတာဟု ဆိုလေသည်။ တစ်သိန်းလောက် ရခဲ့ကြောင်း အားကျပုံဖြင့် ဆိုသည်။ ၎င်းလူငယ်လေးများ အရက်ဆိုင်မှ ပြန်လာကြောင်းသိရသည်။

၎င်းတို့ရင်းနှီးရငွေကမည်ရွေ့မည်မျှရှိကြောင်း မိမိမသိပါ။ ၎င်းတို့ အမြတ်ငွေမည်မျှရခဲ့သနည်း။ အလွန်ဆုံးတစ်ဦး ၃၀,၀၀၀ ကျော်ထက် မပိုနိုင်ပါ။ အပတ်စဉ်တိုင်း အနိုင်ရသည် မဟုတ်။ မောင်း မအောင်သည့် ရက်များက ရှုံးကြေးများကို ကျေပါ၏လော။ မိမိငွေကို ဒိုင်ဆီအပ်၍ တစ်ကြိမ်တစ်ခါပြန်ရသည့်အဖြစ်ကို အောင်ပွဲခံနေကြသည့်အဖြစ်ကို စိတ်မကောင်းဖြစ်မိပါသည်။

နိုင်ခြင်း၊ ရှုံးခြင်းအား မစဉ်းစားသေးဘဲထား၍ တစ်ရွာထဲမှ လောင်းသူများ ဒိုင်ဖြစ်သူကို အကောက်ငွေမဖြစ်မနေ ပေးကြရပြီ။ တစ်ရွာလုံး မောင်းပေါက်သူ တစ်ဦးမျှမရှိသည့် အပတ်စဉ်များ ရှိကြောင်း သိရသည်။ ဒိုင်စားသက်သက်ပင်။ အကြောင်းတိုက်ဆိုင်၍ မောင်းအောင်က မိမိတို့ တစ်ရွာတည်း သားချင်းများ၏ လောင်းငွေများအား ပြန်လည်ရခြင်းပင်။

နိုင်ငံဘဏ္ဍာက ရသည်လည်းမဟုတ်။ နိုင်ငံခြားဘောလုံးကလပ်များက ထောက်ပံ့သည်လည်း မဟုတ်။ ငါးကြင်းဆီနှင့် ငါးကြင်း ပြန်ကြော်ခံနေရသည့် အဖြစ်အား ဝမ်းမြောက်စွာအောင်ပွဲခံနေကြပေသည်။ ရာသီဥတု မကောင်း၍ သီးနှံအထွက်နှုန်းကျသည့်ဒဏ်၊ သီးနှံဈေးကျသည့်ဒဏ်ကို အတူခံစားနေရသူချင်းငွေကို အကောက်အဖြတ်ခံ၍ အချင်းချင်း ပြန်ဖွတ်နေကြသည့် အဖြစ်ပင်။

တစ်ခါတစ်ရံ အနိုင်ရ၍ ငွေစလေးများ ကိုင်မိသောအခါ သောက်ကြ၊ စားကြ၊ ပျော်ကြ၊ ပါးကြသည်။ တစ်ရက်က မိမိနှင့်ရင်းနှီးသည့် လူငယ်လေးတစ်ဦးက ရွာမှာလည်း နွေရာသီအလုပ်မရှိကြတော့ ထန်းရည်အရက်သောက်ကြ၊ ဖဲရိုက်ကြနဲ့ ရှုပ်နေတာပဲဟု စိတ်ရှုပ်သည့် အမူအရာဖြင့် ဆိုလေသည်။ နွေရာသီတောင်သူ လုပ်ငန်းအားချိန်၌ ကျေးရွာများတွင် ကလေးအရွယ်မှစကာ လူကြီး၊ ကျား၊ မ မရွေး အရိပ်အာဝါသကောင်းသည့် နေရာများ၌ ဖဲဝိုင်းများ၊ ဇယ်တောက်ခုံဝိုင်းများ လုပ်ကြသည်ကို မိမိတွေ့ဖူးသည်။ ကလေးများက လောက်စာလုံးကြေး၊ ပဲစေ့ကြေး၊ လူကြီးများကလည်း ငါးကျပ်၊ တစ်ဆယ်မှ ငါးဆယ်ကျပ်၊ တစ်ရာကျပ်ထိရှိတတ်ပြီး ကြေးကြီးသော ဝိုင်းများတော့ ရှားပါသည်။ မိမိ ဆိုလိုရင်းမှာ ကလေးအရွယ်ကပင်စ၍ ဖဲချပ်များနှင့် ရင်းနှီးနေတတ်သည့် ရွာခလေ့များအကြောင်း ဖြစ်သည်။ အမှိုက်ပုံ နွားချေးပုံများ၌ ဖဲချပ်အဟောင်းများ တွေ့ရတတ်သည်။ ဖဲချပ်အပွင့်များ တစ်ဖက်က ရိုက်နှိပ်၍ တစ်ဖက်က စိုက်ပျိုးရေးကုမ္ပဏီအမှတ်တံဆိပ်နှင့် ဆေးဖျန်းပုံးကြော်ငြာပါသည့်ဖဲချပ်လေးများ ရွာတစ်ရွာ၌ မိမိတွေ့ခဲ့ဖူးပါသည်။

ယခုကာလတွင် တောင်သူလယ်သမားနေ့ ဝန်းကျင်၌ လှည်းပြိုင်ပွဲ၊ နွားဒုန်းပြိုင်ပွဲများ မြို့နယ်အတော်များများမှာ ကျင်းပကြတာ တွေ့မြင်ရသည်။ အချို့ပြိုင်ပွဲများတွင် ပြိုင်ပွဲကျင်းပရေး ကော်မတီ၏ ပြိုင်ပွဲအနိုင် အရှုံးဆုအတွက်သာမက၊ ဘေးလောင်းဒိုင်များပင်ရှိပြီး လောင်းကြေးသိန်းဆယ်ဂဏန်းထိပင် ရှိကြောင်း သိရှိရသည်။ မြန်မာ့ရိုးရာပြိုင်ပွဲ တစ်ခု ပြန်လည်အသက်ဝင်လာတာ ဝမ်းမြောက်မိသော်ငြား လောင်းကြေးက ကပ်ပါလာ၍ သတိထားသင့်ပေသည်။ အချို့မြို့နယ်များတွင် လောင်းကစားကင်းစင်နယ်မြေ သတ်မှတ်မှုသတင်းများ တွေ့ရှိရပြီး မြို့နယ်အားလုံး ကင်းစင်နိုင်က ပိုမိုကောင်းမွန်ပေမည်။

မြို့နယ် အတော်များများတွင် ဘောလုံး၊ နှစ်လုံး၊ သုံးလုံး လောင်းကစားများ လောင်း၍ရပြီး ကျေးလက်ဒေသများသို့ပင် စိမ့်ဝင်ပျံ့နှံ့လျက် ရှိပါသည်။ မိမိအနေဖြင့် ၎င်းတို့အား အရေးယူအပြစ်ပေးခံရရန် မဟုတ်ဘဲ ယခုကာလမြို့နယ်နှင့် ကျေးရွာများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု အဖွဲ့များရှိနေပြီဖြစ်ရာ ၎င်းတို့မှ မိမိတို့ရပ်ရွာအတွက် ထောက်ကူတည့်မတ်ပေးနိုင်စေရန်အတွက် ရေးသားလိုက်ရပါသည်။

## တစ်ပတ်လျှင် သစ်ပင်တစ်ရာစိုက်မည့် အစိမ်းရောင်ချစ်သူများအဖွဲ့ ဖွဲ့မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ မေ– ၁၇**

ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်ရန် သစ်ပင်များများ စိုက်ပျိုးနိုင်ရေးရည်ရွယ်၍ အစိမ်းရောင်ချစ်သူများအဖွဲ့(ရန်ကုန်)ကိုဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

ယင်းအဖွဲ့သည်ဇွန်လလယ်မှ စတင်၍ သစ်ပင်များစိုက်ပျိုးသွားမည်ဖြစ်ပြီးစနေ၊တနင်္ဂနွေနေ့တိုင်း အပင် ၁၀၀နှုန်းဖြင့် မိုးရာသီကာလအတွင်း စိုက်ပျိုးသွားမည်ဟု ယင်းအဖွဲ့ဝင် ဦးကျော်ဇင်လင်းက ပြောသည်။

"အပင်စိုက်တဲ့ ဓလေ့မရှိတော့ဘူး။ နောင်မျိုးဆက်သစ်တွေ အပင်တွေချစ်တတ်အောင်လို့ ဒီအလေ့အထ ပေးခဲ့ချင်တယ်" ဟု ၎င်းက ဆို သည်။

အစိမ်းရောင်ချစ်သူများအဖွဲ့ (ရန်ကုန်)ကို သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသည့် မည်သူမဆို ပါဝင်နိုင်ပြီး အဖွဲ့ဝင်ကြေးပေးရန် မလိုကြောင်း ၎င်းကဆိုသည်။

ယင်းအဖွဲ့က 'သစ်ပင်များ များများစိုက်ပျိုးရန်' အမည်ဖြင့် လက်ဖက်ရည်ဝိုင်းကို မေ ၁၈ ရက်တွင်ပြုလုပ်ခဲ့သည်။


# ORIENT CLINIC အရှေ့တိုင်း ဆေးခန်း









လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း:Ph : 01 226917, 01 227285

ပိတ်ရက်မရှိ

# ရေရှားပါးကျေးရွာများ သောက်သုံးရေ အခက်အခဲ မပြေလည်သေး

**မောင်တာ**

**မန္တလေး၊ မေ-၁၉**

မုန်တိုင်းမိုးရွာသွန်းခြင်းနှင့် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ရေတွင်းရေကန်များ တူးဖော်ပေးခဲ့ခြင်းတို့ကြောင့် ရေရရှိမှု ပိုမိုလာသော်လည်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိရေရှားပါးကျေးရွာများတွင် သောက်သုံးရေအခက်အခဲကြုံတွေ့နေရဆဲဖြစ်ကြောင်း သတင်းရရှိသည်။

ရေတွင်းတူးဖော်နိုင်ခြင်းမရှိသေးသည့် ကျေးရွာများအတွက် ရေအလှူနှင့် စက်ရေတွင်းများအတွက် စက်သုံးဆီဖိုး အလှူရှင်များ လိုအပ်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေအရှားပါးဆုံး မြို့နယ်များဖြစ်သည့် ပုဂံညောင်ဦး၊ နွားထိုးကြီးနှင့် ကျောက်ပန်းတောင်း ဒေသခံများက ပြောသည်။

“ရေတွင်းတွေ တူးပေးတော့ သောက်သုံးရေ အတော်လေးအဆင်ပြေလာတယ်။ ဒါပေမဲ့ ဒီဘက်တွေမှာ မြေအောက်ရေကလည်းရှားတော့ မိုးရေကို အဓိကအားထားနေရတုန်းပဲ။ မိုးမကျမီ ရေအလှူရှင်တွေ လိုနေပါသေးတယ်”ဟု နွားထိုးကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဖေက ပြောသည်။



*မန္တလေးတိုင်းအတွင်းရှိ ကျေးရွာတစ်ရွာမှ ရေခပ်ဆင်းလာသူများ*

ဓာတ်ပုံ-ညီညီဇော်

ပြီးခဲ့သော ရက်သတ္တပတ်က မုန်တိုင်းမိုးရွာသွန်းခဲ့သော်လည်း ပုပ္ပားတောင်မြောက်ဘက်ခြမ်းရှိ ကျေးရွာများမှ သောက်သုံးရေကန်များနှင့် နွားထိုးကြီးမြို့နယ် အရှေ့ဘက်ခြမ်းကျေးရွာများမှ သောက်သုံးရေကန်များသာ မိုးရေဝင်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

စက်ရေတွင်းများမှ ရေကို တစ်ပီပါလျှင် ၁၅၀ ကျပ်ဖြင့်ဝယ်ယူပြီး ဒီဇယ်ဆီဖိုး ပြန်လည်လျှုဒါန်းရသလို ကျေးရွာဆယ့်ငါးရွာခန့် စုပေါင်း၍ ရေခန်းခြောက်ခြင်း မရှိသေးသည့် ရေကန်များတွင် စုပေါင်းသုံးစွဲနေရခြင်းများလည်း ရှိကြောင်း ရေတွင်းတူးဖော်နိုင်ခြင်း မရှိသေးသည့် ကျေးရွာများတွင် တစ်အိမ်ထောင်တစ်နေ့ရေဂါလန် ၃၀ ခန့်သာ ရရှိကြောင်း ဒေသခံများက ဆိုသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိရေရှားပါးကျေးရွာများ နွေရာသီသောက်သုံးရေ အခက်အခဲကြုံတွေ့ရခြင်း မရှိစေရန် ပြည်ထောင်စုအစိုးရထံမှ ငွေကျပ်သန်းသုံးထောင့်ခြောက်ရာကျော် တောင်းခံကာ ဆည်ကန် ၂၀၆ ကန်၊ ရေတွင်း ၁၆၅ တွင်းကို ဇွန်လကုန်အပြီး တူးဖော်ပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်က မတ်လအတွင်း ပြောခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရေရှားပါးကျေးရွာများအတွက် စက်ရေတွင်း ၃၉ တွင်း တွင်းနှင့် မြေသားရေကန် ၁၅ ကန် တူးဖော်ပေးနေကြောင်း၊ သို့သော် ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့ကြားရှိ ကျေးရွာများမှာ ရေရှားပါးနေဆဲဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေးက ပြောသည်။

ညောင်ဦးမြို့နယ်အတွင်း နေရာအချို့တွင် ရေထွက်ရှိရေးပေထောင်ကျော်တူးဖော်ရပြီး၊ ရေတွင်းတစ်တွင်းတူးရန် ငွေကျပ်သိန်းသုံးရာခန့်အထိ ကုန်ကျကြောင်း၊ ညောင်ဦးမြို့နယ်တွင် ရေတွင်းနှစ်ရာကျော် တူးဖော်ပြီးဖြစ်ပြီး ရေလိုအပ်သော ကျေးရွာများအတွက်လည်း ရေရရှိရေး ဆောင်ရွက်ပေးနေကြောင်း ညောင်ဦးလွှတ်တော်ကိုယ်စားလှယ်ဦးသန်းဌေးက ပြောသည်။

ပြီးခဲ့သည့် မိုးရာသီက မန္တလေးတိုင်းဒေသကြီးအတွင်း ပျမ်းမျှမိုးရေချိန်၏ ထက်ဝက်ခန့် ဖြစ်သည့်မိုးရေချိန် ၂၃ လက်မခန့်သာ ရွာသွန်းခဲ့ရာ ရေရှားပါးမှု ဆိုးရွားစွာ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

## မုန်လုံယာဉ်စက်ချို့ယွင်းပြီး ရပ်ထားသော ယာဉ်နှစ်စီးအားတိုက်ကာ လမ်းဘေးထိုးကျ

**ရန်နိုင်ကျော်**

**စစ်ကိုင်း၊ မေ-၁၈**

စစ်ကိုင်းမြို့ ရတနာပုံတံတားအဆင်း (မုံရွာ-မန္တလေးကားလမ်း)၌ မုန်လုံယာဉ်တစ်စီးသည် စက်ချို့ယွင်း၍ လမ်းဘေးတွင် ရပ်ထားသော ယာဉ်နှစ်စီးအား ဆင့်တိုက်ကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်မှု မေလ ၁၆ ရက် နံနက် ၁ နာရီက ဖြစ်ပွားခဲ့ကြောင်း စစ်ကိုင်းမြို့ဒေသခံများကပြောသည်။

အဆိုပါ ဖြစ်စဉ်မှာ ယာဉ်မောင်း ရာဇာမင်း(ခ)နိုင်ဝေလင်း အသက်(၃၂) နှစ် မောင်းနှင်လာသည့်မုန်လုံမော်တော်ယာဉ်သည် ကလပ်ပေါက်၍ ရတနာပုံတံတားအဆင်း လမ်းဘေးရပ်နားထားသော ဗိုင်နာယာဉ်အားတိုက်မိပြီး ပေ ၅၀ ခန့်အကွာ လမ်းဘေးရပ်ထားသည့် ကန်တာမော်တော်ယာဉ်အား ထပ်ဆင့်တိုက်မိကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်းရာဇာမင်းမှာ ပြင်းထန်ဒဏ်ရာများရရှိခဲ့ပြီး စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှု ခံယူခဲ့ရကြောင်း သက်ဆိုင်ရဲမှတ်တမ်းများအရ သိရှိရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်ပြီး ယာဉ်မောင်းရာဇာမင်းအား စစ်ကိုင်းမြို့နယ် အမှတ်(၁) ရဲတပ်ဖွဲ့စခန်းမှ ယာဉ်(ပ)အမှတ်(၂၇/၂၀၁၃)အရ အမှုဖွင့် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည်။

## နဘား-ကသာ ရထားလမ်းချော်မှု နေ့ချင်းပြီး ပြုပြင်ကာ ပြန်လည်ပြေးဆွဲ

**မျိုးမင်းဦး**

**စစ်ကိုင်း၊ မေ- ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာဘူတာမှ နဘားဘူတာသို့ ထွက်ခွာလာသော အမှတ် ၅၂ အစုန်ရထားသည် ကသာမြို့ ပြည်သာယာရပ်ကွက်မိုင်တိုင်အမှတ်(၆၀၃/၁၉-၂၀)အကြား၌ ကုန်တွဲတစ်တွဲမှာမီးရထား လမ်းအောက်ရှိ ဇလီဖားတုံးများ မကောင်း၍ ရထားသံလမ်းနိမ့်ကျကာ ရထားဘီးများ သံလမ်းပေါ်မှချော်ကျမှုမေလ ၁၆ ရက်ကဖြစ်ပွားခဲ့ကြောင်း ကသာမြို့နယ်ဒေသခံများကပြောသည်။

ရထားလမ်း ဘီးချော်မှုကြောင့် ခရီးသည်နှင့် ကုန်စည်ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်း သက်ဆိုင်ရာကသာမြို့ မီးရထားဝန်ထမ်းတစ်ဦးကပြောသည်။ မီးရထားလမ်းချော်မှုဖြစ်ပွားခဲ့သည့်နေရာသို့ တွဲစစ်ဦးကျော်မြင့်၊ မီးရထားလမ်းပြင် ဦးနေတင်ဝင်းနှင့် အဖွဲ့တို့က ပြုပြင်ဆောင်ရွက်ခဲ့ရာ ည၇နာရီခွဲ၌နဘား-ကသာရထားလမ်းပြုပြင် ပြီးစီး၍ ပုံမှန်အတိုင်း သွားလာနိုင်ပြီဖြစ်သည်။

**အောင်ဇေယျာမင်း (တိုင်းရင်းအထူးကုဆေးခန်း)**

**မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု**

အောင်ဇေယျာမင်း အထူးကုဆေးခန်းတွင် ဒေါက်တာအောင်ဇေယျာမင်း Ph.D, M.A.R.P., C.T.M.P(Kol kata India) ကိုယ်တိုင်ဦးစီး၍ ... Turell ... [illegible]

(အောင်ဇေယျာမင်းဆေးခန်း၏ ဆေးစွမ်းအရည်အသွေးအာမခံချက်ရှိပါသည်။)

**အနိုးကျိုးပေါင်းတက်ရောဂါ၊ လည်ပင်း၊ ပခုံး၊ ခါးနာ၊ ပေါင်ချိုး၊ ဒူးဆစ်နာရောဂါ၊ အထူးကု**

[illegible]

No. 68 ၊ ၁၂ လမ်း (အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁-၂၆၄၂၈၁ ၀၉-၅၀၀၀၀၇၅ ၀၉-၄၂၀၀ ၇၉၁၁၁

MIT
Beyond Innovation
Myanmar Information Technology Pte Ltd

I. Sale and Marketing Executive

- Degree or Diploma Engineering/ Business or related area.
- Min 2 years of relevant experience in the sales and marketing is preferable.
- Possess good command of English.
- Excellent analytical, organizational and interpersonal skills.
- Must be able to work in a fast-paced environment where multitasking and prioritization are required.

Please submit your application together with C.V, 1 photo and photocopies of certificates to the recruitment@nirvasoft.com.

**ဝန်ထမ်းအလိုရှိသည်**

[illegible]

- [illegible] B.E (Civil) [illegible]
- [illegible]
- [illegible]
- [illegible]
- [illegible]

[illegible]

Education
7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.11 ▪ MAY 22 , 2013

# အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများပေါ်ထွက်ရေး ဆရာအတတ်ပညာဦးစီးဌာနကို သီးခြားဖွဲ့စည်းမည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၇**

အရည်အချင်းပြည့်ဝသော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြ ဆရာ၊ ဆရာမများ လေ့ကျင့်ပျိုးထောင်ပေးရန် ဆရာအတတ်ပညာဦးစီးဌာနကို သီးခြားဖွဲ့စည်းသွားရန် စီစဉ်နေကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။



*ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဆရာမများ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အခြေခံပညာအဆင့် ဆရာ၊ ဆရာမများ လုံလောက်စွာ လေ့ကျင့်ပျိုးထောင်ပေးရန်၊ ပညာရေးကောလိပ်များကို ပညာရေးဒီဂရီကောလိပ်များအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန်၊ ပညာရေး ဒီဂရီကောလိပ်များနှင့် ပညာရေးတက္ကသိုလ်များချိတ်ဆက်၍ ဆရာအတတ်ပညာရေးကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဆရာအတတ်ပညာဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ရည်ရွယ်၍ ဆရာအတတ်ပညာဦးစီးဌာနကိုဖွဲ့စည်းခြင်းဖြစ်သည်။

ဆရာအတတ်ပညာ ဦးစီးဌာနအောက်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ် ၂၁ ခုပါဝင်မည်ဖြစ်သည်။

၁၉၇၃ ခုနှစ် အခြေခံပညာရေး ဥပဒေတွင် ဖော်ပြထားသော ဆရာအတတ်သင်ပညာကြီးကြပ်ရေးကော်မတီဖွဲ့စည်းပုံသည်လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိတော့ခြင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဆရာအတတ်ပညာအရည်အသွေးကြီးကြပ်ကွပ်ကဲရေးတို့တွင် အားနည်းနေခြင်းတို့ကြောင့် ဆရာအတတ်ပညာဦးစီးဌာန ဖွဲ့စည်းရန် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး စာတမ်းတွင် အကြံပြုထားသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များတွင် ဆရာအတတ်ပညာသင်တန်းများသို့ သင်တန်းသား ၃၄,၃၉၁ ဦး တက်ရောက်ခဲ့ပြီး ၁၁,၅၁၉ ဦးကို လုပ်ငန်းခွင်နေရာချထားပေးနိုင်ခဲ့သည်။

# စစ်ကိုင်းမျက်မမြင်ကျောင်း ကျောင်းသားဦးရေ တိုးမြှင့်လက်ခံမည်

**ချစ်ဝိုင်း**

**ရန်ကုန်၊ မေ-၁၈**

စစ်ကိုင်းမျက်မမြင်ကျောင်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၁၀၀ အထိ တိုးမြှင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း အဆိုပါကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြသူက ပြောသည်။

“အရင်နှစ်က ကျောင်းသား ၆၇ ယောက်ကို သင်ကြားပေးခဲ့တယ်။ ဒီနှစ်မှာတော့ အယောက် ၁၀၀ လောက် လက်ခံသင်ကြားပေးသွားမှာပါ” ဟု ၎င်းကပြောသည်။

အဆိုပါ သင်တန်းကျောင်းတွင် ‘အ’ သုံးလုံး အခြေခံပညာအပြင် အသက်မွေးဝမ်းကျောင်းပညာရပ်များအဖြစ် ဂျပန်-မြန်မာ အကြောပြင်သင်တန်း၊ ကြိမ်ဝါးလက်မှုသင်တန်း၊ သိုးမွှေးထိုးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဖန်စီပစ္စည်းများလုပ်နည်းသင်တန်း၊ ဗေဒင်ပညာသင်တန်းနှင့် ဂီတသင်တန်းတို့ကိုလေ့ကျင့်သင်ကြားပေးသွားမည်ဟု ၎င်းကဆိုသည်။

အသက်မွေးဝမ်းကျောင်းပညာရပ်များကို အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်း ကလေးများကို သင်ကြားပေးမည်ဖြစ်ပြီး သူငယ်တန်းမှစတုတ္ထတန်းအထိ ကျောင်းသင်ခန်းစာများကိုလည်း သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါကျောင်းကို ဇွန်လ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး နေရာဒေသဝေးသော နေရာများမှကျောင်းသားများကို ဇူလိုင်လအထိလက်ခံပေးသွားမည်ဖြစ်၍ သင်တန်းကျောင်းမှ နေ၊ စား၊ ပညာသင်စရိတ်အားလုံးကို ထောက်ပံ့သွားမည်ဖြစ်ကြောင်း ဒေါ်ခင်မြသူက ပြောသည်။

# ပြည်တွင်းသင်တန်းကျောင်းလေးခုCIMA သင်တန်းစတင်ဖွင့်လှစ်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၇**

နိုင်ငံတကာအသိအမှတ်ပြု စာရင်းကိုင်ဘာသာရပ်ဖြစ်သော CIMA သင်တန်းကို ပြည်တွင်းရှိ သင်တန်းကျောင်းလေးခုက စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှ သတင်းရရှိသည်။

ပြည်တွင်းရှိ စီးပွားရေးနှင့် စာရင်းကိုင်သင်တန်းကျောင်းများဖြစ်သော Institute of Accounting & Finance(IMA)၊ MHR Centre II၊ Nay Lin Aung Finance & Accountancy Academy နှင့် Zaw Business School တို့သည် အဆိုပါဘာသာရပ်သင်တန်းကို စတင်ဖွင့်လှစ်သင်ကြားကြမည်ဖြစ်သည်။

“ဇူလိုင်လလောက်မှာ သင်တန်းစဖွင့်ဖို့ မှန်းထားပါတယ်။ သင်တန်းကြေးက တစ်ဘာသာကို တစ်သိန်း(ကျပ်)ပါ။ ငါးဘာသာ ရှိပါတယ်။ သင်တန်းကာလကတော့ ငါးလခွဲကနေ ခြောက်လလောက်ကြာမြင့်မှာဖြစ်ပါတယ်” ဟု Nay Lin Aung Finance & Accountancy Academy မှတာဝန်ရှိသူတစ်ဦးက ပြောသည်။




ပညာရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Chartered Institute of Management Accountants (CIMA) သည် မြန်မာကျောင်းသား ၁၀၀ ဦးအတွက် မှတ်ပုံတင်ကြေးနှင့် စာမေးပွဲကြေးများကင်းလွတ်ခွင့် ပေးမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

နိုင်ငံတကာအသိအမှတ်ပြု စာရင်းကိုင်ပညာ လက်မှတ်ရရှိလိုသူများအနေဖြင့် ACCA သင်တန်းကို ရွေးချယ်တက်ရောက်နေကြလျက်ရှိရာ ယခုအခါ CIMA သင်တန်းသည် ရွေးချယ်စရာအခွင့်အလမ်းသစ်ဖြစ်လာမည်ဖြစ်ကြောင်း ပညာရေးကျွမ်းကျင်သူများက သုံးသပ်သည်။

# ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားဌာန သင်တန်းသုံးခု တိုးချဲ့ဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊မေ-၁၆**

ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ စာပေ တည်းဖြတ်မှု အတတ်ပညာ၊ စာကြည့်တိုက်လုပ်ငန်းပညာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားရန်စီစဉ်နေကြောင်း သတင်းရရှိသည်။


ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနနှင့် ဒဿနိကဗေဒဌာနတို့မှ ယင်းသင်တန်းသုံးမျိုးကို ဖွင့်လှစ်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများတက်ရောက်နိုင်မည် ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်ရှိမြန်မာစာဌာနသည်မြန်မာဘာသာစကား သင်ယူလိုသော နိုင်ငံခြားသားများအတွက်လည်း အခြေခံမြန်မာဘာသာစကားသင်တန်းကိုဖွင့်လှစ် သင်ကြားရန် စီစဉ်နေသည်။

ရန်ကုန်တက္ကသိုလ်ရှိလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနသည် ဘွဲ့လွန်ဒီပလိုမာသင်တန်း များကို ဖွင့်လှစ်သင်ကြားနေပြီး ယခုအခါ အသိအမှတ်ပြုလက်မှတ်ရသင်တန်းများကိုဖွင့်လှစ် သင်ကြားရန် ဆောင်ရွက်နေခြင်း ဖြစ်သည်။

ရန်ကုန် တက္ကသိုလ်သည် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပြီး ဂုဏ်ထူးတန်းများကိုပြန်လည်ဖွင့်လှစ်ထားသလို ဘွဲ့ကြိုသင်တန်းအတွက် ထူးချွန်ကျောင်းသားများကို ရွေးချယ်သင်ကြားလေ့ကျင့်ပေးရန် စီစဉ်နေသည်။









## သင့်အတွက်စိတ်ချရတဲ့ဝန်ဆောင်မှု

ကျွန်ုပ်တို့ရဲ့ကားနဲ့ပက်သက်တဲ့ခံမင်မှုကတော့ နက်ရှိုင်းပါတယ်။ ကျွန်ုပ်တို့ရဲ့သင့်အပေါ်ထားရှိတဲ့ စေတနာက ပိုမိုနက်ရှိုင်းပါတယ်။ ကမ္ဘာ့အဆင့်မီ ဝန်ဆောင်မှုများနှင့်စစ်မှန်တဲ့ တိုယိုတာယာဉ် အပိုပစ္စည်းများဖြန့်ချိ ပေးရုံတင်မဟုတ်ပဲ သင့်ကိုတစ်သက်တာ မမေ့နိုင်တဲ့ မော်တော်ယာဉ်ပိုင်ဆိုင်ခြင်းအတွေ့အကြုံကိုဖြည့်ဆည်းပေးဖို့ ကျွန်ုပ်တို့ ရည်ရွယ်ထားပါတယ်။ အသေအချာ လေ့ကျင့် သင်ကြားပေးထားတဲ့ ကျွမ်းကျင်ဝန်ထမ်းများနဲ့ ထိပ်တန်းနည်းပညာကို ပိုင်ဆိုင်ထားတဲ့ ကျွန်ုပ်တို့ရဲ့ TTAS မော်တော်ယာဉ် ဘော်ဒီပြုပြင်ခြင်းနှင့် ဆေးမှုတ်လုပ်ငန်းအလုပ်ရုံက သင့်ကိုစိတ်တိုင်းကျဝန်ဆောင်မှုပေးဖို့လာပါပြီ။

**မော်တော်ယာဉ်ဘော်ဒီပြုပြင်ခြင်းနှင့် ဆေးမှုတ်လုပ်ငန်းအလုပ်ရုံ ဖွင့်လှစ်လိုက်ပါပြီ။**



**TTAS CO., LTD. Body Repair & Paint Center**
No. 95, Corner of Min Aye Yar St. & Than Lwin St.
Shwe Than Lwin Industrial Zone,
Hlaing Thar Yar Township, Yangon, Myanmar.
Tel: (95-1) 4211700400, 456062995
E-mail: ttasbp@gmail.com
OPEN Mon - Sat between 9AM - 6PM
CLOSE Sunday & Public Holidays




**TTAS CO., LTD. (HEAD OFFICE)**
No.87 (A), Kaba Aye Pagoda Road,
Bahan Township, Shwegondine P.O 11201,
Yangon, Myanmar.
Tel: (95-1) 540740, 540836, 512028
Fax: (95-1) 545424
E-mail: ttas@mptmail.net.mm
OPEN Mon - Sat between 9AM - 6PM
CLOSE Sunday & Public Holidays

TOYOTA

www.toyota-global.com

## JOKE

### ဖုန်းပူ

လူတစ်ယောက်နားနှစ်ဖက်စလုံးကို ပတ်တီးများ ထူထူထဲထဲ ပတ်၍ ရုံးသို့ရောက်လာသဖြင့် မန်နေဂျာဖြစ်သူက "ဟေ့ မင်းရဲ့ နားတွေ ဘယ်လိုဖြစ်တာလဲကွ" ဟုမေးမြန်းရာ အမျိုးသားက "ဒီလိုပါဆရာ မနေ့က ကျွန်တော် အိမ်မှာ မီးပူတိုက်နေတုန်းဖုန်း ဝင်လာတယ်။ ဒါနဲ့ ကျွန်တော်လည်း မေ့ပြီး မီးပူကို ဖုန်းအမှတ်နဲ့ နားနားကပ်ပြီးပြောလိုက်မိတယ်" ဟုဖြေရှင်းသည်။ ဤတွင် မန်နေဂျာက "ဒါနဲ့နောက်တစ်ဖက်ကရော" ဟုမေးရာ "ကျွန်တော် နားတစ်ဖက် ဒဏ်ရာရသွားတော့ ကျွန်တော်ဆရာဝန်ကို ဖုန်းဆက် ခေါ်ရတယ်လေဆရာ" ဟုပြန်ပြောပါတော့သည်။

### အကြိုက်ဆုံးစာအုပ်

စာရေးဆရာဖြစ်သူက ဇနီးဖြစ်သူအား "မင်းကိုယ့်စာအုပ်တွေထဲမှာ ဘယ်စာအုပ်အကြိုက်ဆုံးလဲ" ဟုမေးကြည့်သည်။ ဇနီးသည်က မချိုမချဉ် မျက်နှာနှင့် ကြည့်နေသဖြင့် စာရေးဆရာက "ဘာလဲ ကိုယ်တို့နှစ်ယောက် အကြောင်းရေးထားတဲ့ စာအုပ်ကိုအကြိုက်ဆုံးလား" ဟုထပ်မေးရာ ဇနီး ဖြစ်သူက "မဟုတ်ပါဘူး။ ငွေထုတ်ဖို့ ရှင်ပေးတဲ့ ချက်လက်မှတ်စာအုပ်ကို အကြိုက်ဆုံးပဲ" ဟုပြန်ပြောပါသည်။

**စာမျက်နှာ(၂၄)မှ**

## ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးနှင့် ယာဉ်ကြောစီးဆင်းမှုပြဿနာများ

ရန်ကုန်မြို့ လူဦးရေ၏ ၇ ရာခိုင်နှုန်းသည် တစ်ရာခိုင်နှုန်းသောနေရာတွင် နေထိုင်လျက်ရှိသည်။ ထိုနေထိုင်သူတို့အပြင် နေ့စဉ်လူအများကို ဆွဲဆောင်သောအဆောက်အအုံများတည်ရှိခြင်းကြောင့် ရန်ကုန်မြို့၏ နေ့စဉ်သွားလာမှုများနှင့် ယာဉ် ၄၀ ရာခိုင်နှုန်းခန့်သည် နေ့စဉ်ထို CBD အတွင်းသို့ သွားလာကြပါသည်။ ထို့ကြောင့် တောင်မြောက်ဆက်သွယ်မှုလမ်းများဖြစ်သော ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ဦးဝိစာရလမ်း၊ ဗဟန်းလမ်း စသည်တို့မှာ ယာဉ်သွားလာမှုကျပ်တည်းလျက်ရှိပါသည်။ ထိုပြဿနာကို အချို့သောနေရာများတွင် ခုံးကျော်တံတားများဖြင့် ဖြေရှင်းလျှင် အနည်းငယ်ပိုမိုချောမွေ့စေပါမည်။ သို့သော် ရန်ကုန်မြို့၏ လမ်းများခင်းကျင်းမှုပုံစံခါ် အထွေထွေ မြေအသုံးချမှု ပုံစံပြောင်း၍ ရန်ကုန်မြို့ကို Mono-centric system မြို့ထဲ၊ မြို့လယ်ကောင်တစ်နေရာတည်းထားရှိသောစနစ်မှ Di-centric system ဒုတိယစီးပွားရေးဇုန်ပေါ်ပေါက်မှသာ အဆင်ပြေနိုင်ပေမည်။ ယင်းဒုတိယစီးပွားရေးဇုန်သည် ရန်ကုန်မြို့၏ အလယ်ဗဟိုခန့် Geometric center နေရာဖြစ်သော ၈ မိုင်၊ ၉ မိုင်ခန့်တွင် ပေါ်သင့်ပေသည်။ ထိုရန်ကုန်မြို့အတွက် ဒုတိယစီးပွားရေးဇုန်ပေါ်ပေါက်ရေးကို မြို့ပြစီမံကိန်းပညာရှင်အားလုံးက လက်ခံခဲ့ကြ၍ လွန်ခဲ့သောနှစ်ပေါင်းများစွာက ပုံများတွင် ရေးဆွဲဖော်ပြခဲ့ပါသည်။ သို့သော် မြို့ပြစီမံအုပ်ချုပ်မှုတွင် မြို့ပြစီမံကိန်းပညာကို ဂရုမမူခဲ့၍ ယခု မိမိတို့မြို့သည် ဖော်ပြပါအခက်အခဲများနှင့် ရင်ဆိုင်နေရခြင်းဖြစ်ပေသည်။ အစစအရာရာဌာနပေါင်းစုံ၊ ဘာသာပေါင်းစုံပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဖော်ပြလျက်ရှိပါသည်။ ယခုအခါ ရန်ကုန်မြို့သည် အုပ်ချုပ်မှု အချက်အချာမဟုတ်တော့သည့်အတွက်ကြောင့် လည်းကောင်း၊ အခြားအခြေအနေများကြောင့် လည်းကောင်း အချို့ဝန်ကြီးဌာနပိုင်မြေများ လစ်လပ်လျက်ရှိကြပါသည်။ ထိုမြေများကို အသုံးချရန် ရန်ကုန်တစ်မြို့လုံး ဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆောင်ရွက်သင့်ပေသည်။ ရန်ကုန်မြို့၏ ဖော်ပြပါ CBD ခေါ် မြို့ထဲတွင် ယာဉ်များရပ်နားရန်နေရာများ စသည်ဖြင့်လိုအပ်လျက်ရှိပေသည်။ သို့မဟုတ်ပါဘဲ ဌာနစွဲစိတ်ရှိပြီး ဌာနအလိုက်သာ စီမံကိန်းရေးဆွဲ ဆောက်လုပ်ကြမည်ဆိုလျှင် ရန်ကုန်မြို့ရေရှည်ဖွံ့ဖြိုးမှု အလားအလာ ကောင်းမည်မဟုတ်ပေ။ နောက်ဆုံးဌာနပေါင်းစုံပူးပေါင်းဆောင်ရွက်မှုလို အပ်ချက်ကို ဖော်ပြ၍ နိဂုံးချုပ်လိုပါသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 340,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

**YANGON MOBILE** ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| Ascend P1 | 264,000 |

မေ(၁၈)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 40ES5600 | 555,000 |
| Panasonic(LCD) | 32SC4S | 255,000 |
| Sony (LCD) | 35BX | 260,000 |
| Sony (LED) | 32EX33 | 310,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 345,000 |
| Samsung | RA20F17 | 170,000 |
| Hitachi | 190W | 230,000 |
| Panasonic | NR.BT224 | 230,000 |
| **Washing** | | |
| Samsung | WA95V$_3$ | 175,000 |
| Samsung | WT10J | 170,000 |
| **Aircon** | | |
| Hitachi | 1.0HP | 235,000 |
| Mitsubishi | 1.0HP | 240,000 |
| Samsung | 1.0HP | 240,000 |

အထက်ပါဈေးနှုန်းများမှာ မေ(၁၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၆,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၆,၁၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၈၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၆,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၂၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ မေ(၁၉)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၄၀၀-၅၅၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၆,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၆၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၂၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

မေ(၁၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| May(12) | 814 | 860 | 860 | 890 |
| May(13) | 814 | 860 | 860 | 890 |
| May(14) | 814 | 860 | 860 | 890 |
| May(15) | 814 | 860 | 860 | 890 |
| May(16) | 814 | 860 | 860 | 890 |
| May(17) | 814 | 860 | 860 | 890 |
| May(18) | 814 | 860 | 860 | 890 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Lenovo** | |
| IntelCore i3 2.3 GHz, 4GB DDR3,500GB HDD,1GB VGA,14" | 461,000 |
| Intel Core i5 2.5 GHz,4GB DDR3,750GB HDD,2GB VGA,14" | 674,000 |
| Intel Core i5 1.7 GHz, 4GB DDR3, 128GB SSD, HD, 13" | 979,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 1TB HDD,2GB VGA,15.6" | 970,000 |
| **Acer** | |
| Intel Core i3 1.5 GHz, 2GB DDR3, 500GB HDD, HD, 11.6" | 411,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD, 14" | 618,000 |
| Intel Core i5 1.7 GHz,4GB RAM DDR3,128GB SSD,HD,13.3" | 1,341,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1TB HDD, 14" | 739,000 |
| **Dell** | |
| Intel Core i3 2.2 GHz, 2GB DDR3, 500GB HDD, HD, 15.6" | 420,000 |
| Intel Core i5 2.5 GHz, 4GB DDR3, 500GB HDD, HD, 15.6" | 536,500 |
| IntelCorei5 1.7GHz,8GBDDR3,500GBHDD+8GBSSD,HD,14" | 794,000 |
| IntelCore i7 1.9GHz,8GB DDR3,500GB HDD+SSD8GB,15.6" | 971,000 |

7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# “အစိုးရသစ်လက်ထက်မှာ မျှတတဲ့ ပြိုင်ဆိုင်မှုဆိုတာဖြစ်လာတယ်”

## ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် တွေ့ဆုံခြင်း



ဦးအိုက်ထွန်း

**သီဟ**

**ဦးအိုက်ထွန်းကို မြန်မာနိုင်ငံရဲ့ အချမ်းသာဆုံး Top 5 စာရင်းထဲရှိတယ်လို့ ပြောကြတဲ့အပေါ်မှာ အန်ကယ့်အနေနဲ့သဘောတူလက်ခံ ပါသလား။**

ကျွန်တော့်အနေနဲ့တော့အခု လောလောဆယ်မှာချမ်းသာမှု ဘယ်လောက်ရှိလဲမသိဘူး။ တွက်ချက်မှုလည်းမရှိဘူး။ ကျွန်တော်တို့ ကုမ္ပဏီက သေးသေးပဲထင်သေးတယ်။ သူများတွေမှန်းတာတော့ မှန်းတာပေါ့။ ကျွန်တော့်အနေနဲ့တော့ အများကြီးလိုသေးတယ်။ အဓိကကတော့ကျွန်တော့်လုပ်ငန်းတွေ ဘယ်လောက်အောင်မြင်မလဲ။ တိုင်းပြည်ကိုဘယ်လိုဖွံ့ဖြိုးအောင်လုပ်ရမလဲ စဉ်းစားတယ်။

**၂၀၀၃ခုနှစ် Bank Crisis ဖြစ်ပြီးနောက်မှာ အခုလို အန်ကယ့်စီးပွားရေးတွေပြန်ပြီး ဦးမော့လာအောင်ဘယ်လုပ်ခဲ့ရပါလဲ။ ပြောပြပါဦး။**

၂၀၀၃ခုနှစ်မှာ ဘဏ်တွေပိတ်သွားပြီး နောက်ပိုင်းမှာတော့ ကျွန်တော်ကတော့ လုပ်ငန်းတွေပြန်စတာပေါ့။ ၂၀၀၃ခုနှစ်မှာလုပ်ငန်းတွေလုံးလုံးရပ်သွားတဲ့ သဘောပေါ့။ ၂နှစ်လောက်လုံးလုံးရပ်သွားတာပေါ့။ ဒါပေမဲ့ ၂၀၀၅ ခုနှစ်မှာ လုပ်ငန်းတွေပြန်စတယ်။ လမ်းလုပ်ငန်းတွေပြန်စတယ်။ အဆောက်အအုံတွေပြန်ပြီးတော့ ဆောက်တယ်။ လုပ်ငန်းတွေ ယုံကြည်မှုပြန်ဆောက်တယ်။ နဂိုကလည်းယုံကြည်မှုရှိပါတယ်။ ကျွန်တော်တို့ ဘဏ်ပိတ်သွားတဲ့အချိန်တုန်းကလည်း တစ်နှစ်အတွင်းမှာပဲ အပ်ငွေတွေအားလုံးပြန်ပေးနိုင်တဲ့အတွက် အဓိကကတော့ ကိုယ့်ယုံကြည်မှုကိုမပျက်အောင် ထိန်းသိမ်းထားတာပေါ့။ ယုံကြည်မှုလည်းရှိတယ်။ ဘဏ်လုပ်တုန်းကလည်း ကျွန်တော်ကူညီခဲ့တဲ့ ကျွန်တော့်မိတ်ဆွေအပေါင်းအသင်းတွေကလည်းပြန်ကူညီတာပေါ့။ အဲဒီလူတွေကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ရမယ်။ ပြန်ကူညီတဲ့အတွက် လုပ်ငန်းတွေ တစ်စတစ်စအခြေခံကနေပြန်စလုပ်လို့ ဒီနေ့အခုလိုတိုးတက်လာတာပါ။

**Bank Crisis ဖြစ်သွားတဲ့အတွက် ဘယ်လောက်ဆုံးရှုံးသွားခဲ့ပါသလဲ။**

ဆုံးရှုံးတာတော့ အများကြီးဆုံးရှုံးသွားတာပေါ့။ လုပ်ငန်းတွေရပ်သွားတယ်။ ပစ္စည်းဆုံးရှုံးတာထက် လုပ်ငန်းတွေရပ်သွားတဲ့အတွက် စိတ်ဓာတ်ရေးရာပေါ့။ တပည့်တွေအများကြီးဆုံးရှုံးသွားတယ်ပေါ့။ ဒါပေမဲ့လည်းဆုံးရှုံးတာကို ဆုံးရှုံးတယ်မမှတ်ပါဘူး။ ကိုယ့်ရဲ့ နောက်လုပ်ငန်းပြန်တိုးတက်အောင် သင်ခန်းစာတစ်ခုပေါ့။ ဒီလိုပဲမှတ်ယူထားပါတယ်။

**အစိုးရလက်ထက် ပုဂ္ဂလိကပိုင်ပေးတဲ့အထဲမှာအန်ကယ်တို့ကုမ္ပဏီက ဘယ်လောက်များများရထားပြီးပြီလဲ။**

အခုအထူးသဖြင့် ဒီအစိုးရလက်ထက်မှာ ကျွန်တော်တို့ ဘာတွေခံစားမိလဲဆိုတော့ လုပ်ငန်းတော်တော်များများ အစိုးရကတင်ဒါခေါ်တယ်။ ပြိုင်ဆိုင်မှုနဲ့လုပ်တယ်။ Fair Competition ဆိုတာဖြစ်လာတယ်။ တော်တော်များများ ဥပမာ လေဟာပြင်စျေးဆိုပါတော့။ ကုမ္ပဏီ ၂၇ခု ပြိုင်တယ်။ အဲဒီအထဲမှာ အချို့ကုမ္ပဏီကသေးတယ်။ အချို့ကုမ္ပဏီကလည်းဘယ်လောက်ကြီးလဲ ကျွန်တော်မသိဘူး။ ဒါပေမဲ့လည်းကျွန်တော်ကတော့ကိုယ့်ရဲ့အရည်အချင်းနဲ့ ကောင်းအောင် လုပ်ချင်တဲ့ဆန္ဒနဲ့နိုင်ငံတကာကိုမီအောင်လုပ်ချင်တဲ့ ဆန္ဒနဲ့ ဒါကြောင့်ရခဲ့တယ်။ဒါ့အပြင်လုပ်ငန်းတွေတော်တော်များများ အစိုးရရဲ့လုပ်ငန်းတော်တော်များများ Open တင်ဒါခေါ်ယူတယ်။ တကယ့်အိုးပန်းမင်းဘယ်လောက် ပေးမယ်။ ငါဘယ်လောက်ပေးမယ်။ ဒါမျိုးတွေ အများကြီးဖြစ်လာတယ်။ အချို့တင်ဒါတွေ ကျွန်တော်တို့ မပြိုင်နိုင်တော့ရင် နောက်ဆုတ်လိုက်တယ်။ ဒါတွေ ကိုကြိုဆိုပါတယ်။ ဒီလိုလုပ်လို့လည်း ကျွန်တော်တို့တိုင်းပြည်အခုတအားတိုးတက်လာပြီ။

**ရွှေတောင်ကုမ္ပဏီက ရန်ကုန်ရဲ့ အထင်ကရနေရာ ဘယ်နှစ်ခုလောက်ကို ရထားပြီးပြီလဲ။**

ကျွန်တော်တို့က အစိုးရပရောဂျက်အပြင်ပုဂ္ဂလိကပရောဂျက်လည်း တော်တော်များများ ကျွန်တော်တို့နဲ့ပဲ ပေါင်းလုပ်ချင်တယ်ဆိုတာ အများကြီးပေါ်လာတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ကရွေးချယ်ပြီးတော့ ကိုယ်နဲ့ပေါင်းသင်းလို့ရမယ့်သူကိုဆွေးနွေးပြီးတော့ သူများမြေပေါ်မှာလည်း ဆောက်တယ်။ ကိုယ့်မြေပေါ်မှာလည်း ဆောက်တယ်။ ဒါမျိုးတွေတော်တော်များများမှာ ဆယ်ခု၊ ဆယ့်ငါးခုလောက်ပရောဂျက်တွေရှိပါတယ်။

စာမျက်နှာ(၂၅)သို့

Open Daily
AM - (8:00) to (8:00) PM

POLO ဆေးခန်း

အမှတ်(၁၂၉/၁၃၁) ဘားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ Hot Line - 09 421168222 , 09 421168000

ရန်ကုန်ပိုလိုဆေးခန်းသည်ခေတ်မှီတိုးတက်သောစနစ်ဖြင့်မိတ်ဆွေတို့အားနိုင်ငံခြားသို့ရောဂါသွားကုရန်မလိုပေ။

အမျိုးသမီး မီးယပ်ရောဂါဆိုင်ရာရောဂါများ

နောက်ဆုံးပေါ် နား/နှာခေါင်း/လည်ချောင်း ရောဂါများကုသခြင်း

အမျိုးသားများဆိုင်ရာနောက်ဆုံးပေါ် ကုထုံးနည်းပညာများ

ကျား/မ ဆိုင်ရာရောဂါမျိုးစုံကုသခြင်း

အစာအိမ်ရောဂါမျိုးစုံကုသခြင်း

U.S.A , PPH

ကိုယ်ဝန်မဆောင်နိုင်သောမျိုးစုံသော အကြောင်းအရာများကုသခြင်း

Wolf



“ပိုလို”ဆေးခန်းသည်ကုထုံးစနစ်တိုးတက်ခြင်း၊ဝန်ဆောင်မှုမြန်ဆန်ခြင်း စသည်တို့ကြောင့်မိတ်ဆွေများအတွက်ရောဂါကုသရန် “ပထမ” ရွေးချယ်ရန်ဖြစ်သည်။

Technology
7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# ရန်ကုန်တိုင်းဒေသကြီးတွင် တန်ဖိုးနည်းဆင်းမ်ကတ်တစ်သိန်းကျော် ထပ်ချပေးမည်

**ချစ်ဝိုင်း**

**ရန်ကုန်၊ မေ-၁၈**

ဒုတိယအကြိမ်အဖြစ် မေလ ၂၀ ရက်တွင် ရောင်းချပေးမည့် ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်များ ချထားပေးရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွက် ကတ်ရေတစ်သိန်းကျော် ချထားပေးသွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွက် အလုံးရေ ၁၀၁,၂၁၉ လုံးချထားပေးမယ်။ ၂၀ ရက်မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေမှာ ပထမလက အတိုင်းပဲ ဝယ်နိုင်တယ်"ဟု ၎င်းက ပြောသည်။

ယခင်လက ရန်ကုန်တိုင်းဒေသကြီးအတွက် ကတ်ရေ ၇၈,၇၅၀ သာရရှိခဲ့ပြီး ယခုလအတွက် အလုံးရေတစ်သိန်းကျော်ချထားပေးမည်ဖြစ်ကြောင်း ဝန်ကြီးကပြောသည်။




ဓာတ်ပုံ-

ကျပ်၁၅၀၀တန်ဆင်းမ်ကတ်များကို ဧပြီလ ၂၄ ရက်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ကတ်ရေ သုံးသိန်းငါးသောင်း ရောင်းချပေးခဲ့ပြီး အမှန်တကယ် အသုံးပြုသူအရေအတွက်မှာ ၃၄၄,၀၀၂ ခန့်ဖြစ်ရာ ကတ်ပေါင်းခြောက်ထောင်ခန့်မှာ သုံးစွဲမှုမပြုသေးကြောင်း သတင်းရရှိသည်။

CDMA 800 MHz ဆင်းမ်ကတ်များကို ကတ်ရေ တစ်သန်း ရောင်းချမည်ဖြစ်ပြီး အဆိုပါဆင်းမ်ကတ်များ ကုန်သွားပါက နောက်လများတွင် WCDMA, GSM အမျိုးအစားဆင်းမ်ကတ်များကို ရောင်းချပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

## Snapdragon Kaspersky လုံခြုံရေးဆော့ဖ်ဝဲများကြိုတင်တပ်ဆင်မည်

**ဆန်ဖရန်စစ္စကို**-Snapdragon ပရိုဆက်ဆာပါဝင်ပြီး Andriod ဆော့ဖ်ဝဲသုံးသည့် နည်းပညာပစ္စည်းများတွင် Kasperskyကုမ္ပဏီက ၎င်း၏လုံခြုံရေးဆော့ဖ်ဝဲများကိုကြိုတင်တပ်ဆင်ရန် မိုဘိုင်းဖုန်းချစ်ပ်အများအပြားထုတ်လုပ်သည့် Qual Comm Technologies ကုမ္ပဏီနှင့် သဘောတူညီမှု စာချုပ်တစ်ရပ်လက်မှတ်ရေးထိုးလိုက်သည်။

Snapdragon ပရိုဆက်ဆာ အသုံးပြုနိုင်သည့်Andriodဆော့ဖ်ဝဲသုံးမိုဘိုင်းဖုန်း(သို့မဟုတ်)သင်ပုန်းကွန်ပျူတာထုတ်လုပ်ထားသည့် ကုမ္ပဏီများနှင့် ထုတ်လုပ်နေသော ကုမ္ပဏီများအား အထူးဈေးနှုန်းများဖြင့် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း Kaspersky ကုမ္ပဏီ၏ သတင်းစာ ရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။သို့သော် အထူးဈေးနှုန်းသတ်မှတ်ချက်ကို ကုမ္ပဏီကဖော်ပြခဲ့ခြင်းမရှိပေ။

Snapdrogon ပရိုဆက်ဆာ ပါဝင်ပြီး Andriod ဆော့ဖ်ဝဲသုံး နည်းပညာပစ္စည်းများကို ဝယ်ယူအသုံးပြုသူများသည် Kaspersky လုံခြုံရေးဆော့ဖ်ဝဲ အသုံးပြုခွင့်ရမည်ဖြစ်ပြီး အခြားသော ဆော့ဖ်ဝဲများအား ရွေးချယ်ဖွယ်မရှိသောကြောင့် Kapersky သည် ၎င်းပြိုင်ဘက်များကို အသာစီးရဖွယ်ရှိနေသည်။

လက်ရှိဈေးကွက်တွင် ရောင်းချလျက်ရှိသည့်(သို့မဟုတ်) ထွက်ရှိရန် ကြေညာထားသည့် နည်းပညာပစ္စည်းအမျိုးပေါင်း ၇၇၀ တွင် Qualcomm ကုမ္ပဏီမှ ထုတ်လုပ်သည့် Snapdragon ပရိုဆက်ဆာများပါရှိပြီး ထပ်မံထုတ်လုပ်မည့် နည်းပညာပစ္စည်း ၅၅၀ တွင်လည်း ထည့်သွင်းသွားမည်ဖြစ်သည်။

Kaspersky ကုမ္ပဏီသည် ကမ္ဘာတစ်ဝန်းတွင် နည်းပညာအရသဘောတူညီမှုရယူပြီး တွဲဖက်လုပ်ကိုင်နေသည့် ကုမ္ပဏီ ၈၀ ကျော်ရှိ၍ ယင်းတို့တွင် Microsoft၊IBM၊ Lenovoနှင့် Facebook ကဲ့သို့သောနာမည်ကြီး ကုမ္ပဏီများပါဝင်သည်။

—Ref: CMET

## ဖုန်းလိုင်းကျပ်မှုကြုံလျှင် သက်ဆိုင်ရာ အိတ်ချိန်းမှ ဖြေရှင်းပေးမည်

**ဆွေမွန်**

**ရန်ကုန်**-တန်ဖိုးနည်းဖုန်းများ ရောင်းချပြီးနောက် ဖုန်းလိုင်းကျပ်တောက်မှုအချို့ဖြစ်ပေါ်နေရာ ထိုသို့ဖုန်းလိုင်းအဆင်မပြေမှုများရှိပါက မိမိကိုင်ဆောင်သည့် ဖုန်းနံပါတ်အလိုက် သက်ဆိုင်ရာဆက်သွယ်ရေး အိတ်ချိန်းရုံးများကို မေးမြန်း၍ ဖြေရှင်းပေးကြောင်း သတင်းရရှိသည်။

လတ်တလောတွင် ယခင်ရောင်းချပေးခဲ့သည့် ကျပ်နှစ်သိန်းဖုန်းများသာမက ကျပ် ၁၅ သိန်းတန်ဖုန်းများဖြစ်သည့် ၀၉၅၀ နှင့် ၀၉၅၁ ဖုန်းများ၌ပါ လိုင်းပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း ၎င်းဖုန်းကိုင်ဆောင်သူများက ပြောသည်။

ထို့အပြင် နှစ်သိန်းတန် GSMနှင့် နှစ်သိန်းခွဲတန်WCDMAမိုဘိုင်းဖုန်းအချို့၌ ဖုန်းလိုင်းမမိခြင်းကြောင့် အင်တာနက်တပ်ဆင်ထားသူများသုံးစွဲ၍ မရမှုများ ရှိနေသည်။

"တစ်ခါတလေဆို No Ser vice ဆိုပြီးတောင်ဖြစ်သွားတာ။ နံနက်ပိုင်းစောစောတောင်ဖြစ်တယ်။ အခုဆို တစ်ပတ်လောက်ရှိနေပြီ။ ဘယ်လိုလုပ်လို့ လုပ်ရမှန်းတောင် မသိဘူး။ အင်တာနက်လည်းလုံးဝသုံးလို့မရဘူး"ဟု WCDMA ဖုန်း သုံးစွဲသည့်အင်းစိန်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ထိုသို့ ဖုန်းလိုင်းပြတ်တောက်မှု များရှိပါက မိမိဖုန်းနံပါတ်အလိုက်သက်ဆိုင်သည့် ဆက်သွယ်ရေး အိတ်ချိန်းရုံးများသို့ ဖုန်းဆက်၍ ဖြေ ရှင်းနိုင်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ရတနာပုံကောလ်စင်တာမှသိရှိရသည်။

"ကိုယ်သုံးတဲ့ဖုန်းက လိုင်းမမိ တာ၊ အဆင်မပြေတာမျိုးရှိရင် ဖုန်းနံပါတ်ပေးရင်ကြည့်ပေးလို့ရတယ်။ ဘာလို့ဖြစ်တာလဲဆိုတာကို"ဟု ဆက်သွယ်ရေး အိတ်ချိန်းရုံးတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သုံးစွဲသည့် ဟန်းဆက်များကြောင့်လည်း လိုင်းပြတ်တောက်မှုများ၊ ဖုန်းလိုင်းမမိခြင်းများ ရှိတတ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

ထိုသို့ဖုန်းလိုင်းအဆင်မပြေမှုများရှိပါက ၀၉၅၀ဖုန်းများ အတွက် ၀၁-၅၀၅၁၄၇၊ ၀၉၅၁ နှင့် ၀၉၄၂ ဖုန်းများအတွက် ၀၁-၂၁၅၈၂၂၊ ၀၉၄၁ဖုန်းများအတွက် ၀၁-၄၂၁၅၅၈၊ ၀၉၄၅ WCDMAဖုန်းများအတွက် ၀၁-၅၃၂၂၅၇၊၀၁- ၅၃၇၂၀၁၊ ၀၉၇၃ဖုန်းများအတွက် ၀၉-၇၃၀၀၀၀၀၀ နှင့် ၀၉-၇၃၁၁၁၁၁၁ အစရှိသည့် ဆက်သွယ်ရေးအိတ်ချိန်းရုံးများကို ဆက်သွယ်မေးမြန်းနိုင်ပြီး ဧပြီလအတွင်းက စတင်ရောင်း ချခဲ့သည့် ကျပ်၁၅၀၀ တန် CDMA800 MHz ဖုန်းများအတွက် ၀၁-၆၅၆၉၉၄-၆ တွင် စုံစမ်းနိုင်ကြောင်း ရတနာပုံကောလ်စင်တာမှ သတင်းရရှိသည်။



# Android OS သုံး Samsung ဖုန်းများ ဈေးကွက်တွင် ဦးဆောင်



**ဝါရှင်တန်** -ဂူးဂဲလ်ကုမ္ပဏီ၏ Android မိုဘိုင်း OS (operating System)သည် Apple ၏ iphoneတို့ကို ကျော်လွန်၍ ၂၀၁၃ခုနှစ်ပထမ သုံးလအတွင်း ကမ္ဘာတစ်ဝန်းရောင်းချရသည့်စမတ်ဖုန်းလေးလုံးတွင် သုံးလုံး၌ နေရာယူလျက်ရှိကြောင်း စစ်တမ်းကောက်ယူမှုတစ်ရပ်အရသိရသည်။

ယခုနှစ်ပထမသုံးလအတွင်း Android စမတ်ဖုန်းအလုံးရေ ၁၅၆သန်း (သို့မဟုတ်) တစ်ကမ္ဘာလုံးရောင်းချရသည့်စုစုပေါင်းစမတ်ဖုန်းအရေအတွက်၏ ၇၄ ဒသမ၄ ရာခိုင်နှုန်းရောင်းချခဲ့ရသည်။ ယမန်နှစ်တွင် ၅၆ ဒသမ ၆ ရာခိုင်နှုန်း ရောင်းချခဲ့ရကြောင်းစစ်တမ်းကောက်မှုတွင်ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံရှိ အီလက်ထရွန်နစ်ပစ္စည်းအများအပြားထုတ်လုပ်သည့် Samsung သည် Android စမတ်ဖုန်းအများဆုံးထုတ်လုပ်သည့် ကုမ္ပဏီဖြစ်ပြီး ယမန်နှစ်က ဈေးကွက်အတွင်း ဈေးကွက်ဝေစု ၂၇ ဒသမ ၆ ရာခိုင်နှုန်း ဖြင့်ဦးဆောင်ခဲ့ပြီး ယခုနှစ်တွင်လည်း ၃၀ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဆက်လက်ဦးဆောင်လျက်ရှိသည်။ Apple ကုမ္ပဏီ၏ iPhoneနှင့် iOS တို့မှာ ၁၈ဒသမ ၂ ရာခိုင်နှုန်းစီဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ Blackbarry၏ OS မှာ ဈေးကွက်ဝေစု ၃ရာခိုင်နှုန်းနှင့် တတိယနေရာတွင် ရှိနေပြီး Miscrosoft Window OS မှာမူ ၂ ဒသမ ၉ရာခိုင်နှုန်းဖြင့် စတုတ္ထနေရာတွင်ရောက်ရှိနေသည်။

တောင်ကိုးရီးယားနိုင်ငံ၏ LG အမှတ်တံဆိပ်မိုဘိုင်းများမှာ ဈေးကွက်ဝေစု ၄ ဒသမ ၈ရာခိုင်နှုန်း၊ တရုတ်နိုင်ငံ၏ Huawei မိုဘိုင်းဖုန်းများမှာ ၄ ဒသမ၄ရာခိုင်နှုန်း နှင့် ZTE မိုဘိုင်ဖုန်းများမှာ ၃ဒသမ၈ ရာခိုင်နှုန်းအသီးသီးဖြင့် ဈေးကွက် ဝေစုနေရာယူလျက်ရှိသည်။ ယခု နှစ်အတွင်း စမတ်ဖုန်းအလုံးရေသန်း ၂၁၀ရောင်းချခဲ့ရပြီး ယမန် နှစ်ကထက် ၄၃ရာခိုင်နှုန်းမြင့် တက်လာခဲ့သည်။ မိုဘိုင်းဖုန်းဈေး ကွက်တစ်ခုလုံးအတွက် ရိုးရိုးမိုဘိုင်းဖုန်းများရောင်းအားနည်းနေခြင်းကြောင့် ယမန်နှစ်ရောင်းအားထက် ၀ ဒသမ ၇ ရာခိုင်နှုန်းသာမြင့်တက်ခဲ့သည်။

Samsung ကုမ္ပဏီ၏ မိုဘိုင်းဖုန်းများမှာ ဈေးကွက်ဝေစု ၂၃ဒသမ၆ရာခိုင်နှုန်းဖြင့် နံပါတ်တစ် ရောင်းအားအကောင်းဆုံးနေရာမှ ဦးဆောင်လျက်ရှိပြီး ဖင်လန်နိုင်ငံ၏ Nokia မိုဘိုင်းဖုန်းများမှာ ၁၄ဒသမ၈ရာခိုင်နှုန်းနှင့် Apple မိုဘိုင်းများမှာ ၉ရာခိုင်နှုန်းစီဖြင့် မိုဘိုင်းဈေးကွက်တွင် နေရာယူထားကြသည်။

—Ref: AFP




# မိုဘိုင်းဖုန်းအော်ပရေတာများကို ဝန်ဆောင်မှု ကောင်းသည့်ကုမ္ပဏီများသာ ဦးစားပေးမည်



*ပြည်တွင်း ဆက်သွယ်ရေးစခန်းတစ်ခု* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၁၉**

မြန်မာ့ဆက်သွယ်ရေးက မိုဘိုင်းအော်ပရေတာရွေးချယ်ရာတွင် ငွေကြေးပေးနိုင်မှုအပေါ် မူတည်ရွေးချယ်မည်မဟုတ်ဘဲ နည်းပညာနှင့် ဝန်ဆောင်မှုပိုပေးသူကို သာဦးစားပေးရွေးချယ်ပေးမည်ဖြစ်ကြောင်းသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသောင်းတင်ကပြောသည်။

မြန်မာ့ဆက်သွယ်ရေးက မိုဘိုင်းအော်ပရေတာရွေးချယ်ရာတွင် ပြည်တွင်းကုမ္ပဏီ နှစ်ခုနှင့် ပြည်ပကုမ္ပဏီနှစ်ခု ရွေးချယ်မည်ဖြစ်သည်။

"သူတို့ အချင်းချင်းယှဉ်ပြိုင်ခိုင်းပါမယ်။ ပြီးရင် ပြည်သူပြည်သားတွေကို ရွေးခိုင်းမယ်။ ဒီလူကို မကြိုက်ရင်နောက်တစ်ခုကိုသွားပါမယ်"ဟု ဒုတိယဝန်ကြီးဦးသောင်းတင်ကပြောသည်။

ပြည်တွင်းကုမ္ပဏီနှစ်ခုမှာ မြန်မာ့ဆက်သွယ်ရေးကို အများပိုင်ပြောင်းမည့် Myanmar Public Telecom နှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီကိုအများပိုင်ပြောင်းမည့် ရတနာပုံအများပိုင်ကုမ္ပဏီတို့ဖြစ်သည်။

နိုင်ငံတကာမှဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ပတ်သက်၍အတွေ့အကြုံရှိသောကုမ္ပဏီများကို တင်ဒါခေါ်ယူထားပြီး ထိုအထဲမှ ရွေးချယ်မည့်နှစ်ခုကို ဇွန်လ ၂၇ ရက်တွင်ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ အဆိုပါ ကုမ္ပဏီများအနေဖြင့် လိုင်စင်ကြေး အတွက် ဒေါ်လာဘီလီယံ ၂၀၀ကျော်တစ်ပြိုင်နက်တည်း ကုန်ကျမှုရှိနိုင်ကြောင်းဒုဝန်ကြီးက ပြောသည်။ အော်ပရေတာလုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီများအနေဖြင့် ၁၅နှစ်လုပ်ခွင့်ပေးမည်ဖြစ်သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013



စာမျက်နှာ(၅)မှ

## ဆည်းဆာချိန်မှာဝမ်းစာရှာ

အသက် ၆၀ကျော် အရွယ်ရောက်ခါမှ သံပတ်အားကုန်သွားကာ နာရီတစ်လုံးလိုနွေးကွေးလေးလံနေသော ခန္ဓာကိုယ်ဖြင့်ပင် မိမိတာဝန်ယူထားရာ အဝန်းအဝိုင်းကိုမအိပ်မနေစောင့်ရှောက်သည်။ ပြစ်မှုတစ်စုံတစ်ရာဖြစ်ပွားပါကလည်း သက်ဆိုင်ရာက အရင်ဦးဆုံးစစ်ဆေးအရေးယူသည်မှာ သူတို့ကိုပင်။ မူးယစ်သောက်စားတတ်သော လူငယ်အချို့၏ ရမ်းကားခြင်းကိုလည်း တစ်ခါတစ်ရံကြုံတွေ့ရင်ဆိုင်ရပြီး မသမာသူတို့ရန်ကိုလည်းသတိထားရသည်။ တာဝန်ချိန်တစ်ချိန်လုံးသတိဝီရိယ ရှိရမည့်ပုံစံမျိုးဖြစ်သည်။

“တစ်ခါက ရုံးခန်းကို ကျော်ဝင်တဲ့သူနဲ့ ရင်ဆိုင်တိုးမိလို့ အရိုက်ခံလိုက်ရတာ ရန်ကုန်ပြည်သူဆေးရုံကြီးမှာ သုံးရက်လောက်ဆေးကုခဲ့ရတယ်” ဟု ၂၀၁၀ ပြည့်နှစ်က ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင်လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့စဉ် ရင်ဆိုင်ရသော အတွေ့အကြုံကို ဦးဘသာကပြောသည်။

မိသားစုက အနားယူရန်တိုက်တွန်းသော်လည်း ဝင်ငွေမရှိသောအခြေအနေဖြင့် ဦးဘသာမနေနိုင်။ ငြင်းဆန်ခဲ့သည်။ မိသားစု၏ စားဝတ်နေရေးကို တစ်သက်လုံး ဦးဆောင်ဖြေရှင်းခဲ့သူမို့ သူငယ်စဉ်က မိသားစုစားဝတ်နေရေးအတွက် ခေါင်းခဲခဲ့ရသလို သားသမီးနှင့် မြေးတွေကို မခံစားစေချင်ပေ။ အိပ်ရာထဲ မလဲခင်အထိ မိသားစုတာဝန်ကို ထမ်းဆောင်ချင်သေးသည်။ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် စီးပွားရှာ၊ တတိယအရွယ် ဘာဝနာရှာဟု ဆိုရိုးရှိသော်လည်း ဦးဘသာအတွက် တတိယအရွယ်မှာ မိသားစုစားဝတ်နေရေးအတွက် စီးပွားရှာနေတုန်း။

ဦးဘသာကဲ့သို့ပင် အသက်အရွယ်ကြီးရင့်လျက် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော သက်ကြီးရွယ်အိုများ ရန်ကုန်မြို့အပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် အစိုးရရုံးများအခြေစိုက်ရာ မန္တလေး၊ နေပြည်တော်ကဲ့သို့သော မြို့ကြီးများတွင် များပြားစွာရှိနေသည်။ လုံခြုံရေးလိုအပ်ချက်မြင့်မားသော ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့ကဲ့သို့သော ရပ်ဝေးဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ပါက လစာပိုမိုရသည့်အတွက် ဝမ်းရေးအတွက် မိသားစုနှင့် ခွဲခွာကာသွားရောက်လုပ်ကိုင်လိုသူများပြားကြောင်းလည်း သိရသည်။

“ရန်ကုန်မှာ ငါးသောင်းဆိုရင် နယ်မှာ တစ်သိန်းရတယ်လေ။ မိသားစုနဲ့ဝေးနေရတယ်ဆိုပေမဲ့ ဒီအသက်အရွယ်နဲ့ လစာတစ်သိန်းရမယ့် အလုပ် နောက်ထပ်မရှိနိုင်တော့ဘူး” ဟု ထားဝယ်မြို့ရှိ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ကမာရွတ်မြို့နယ်ဒိုင်းမွန်းကွန်ဒိုတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် အသက် ၆၂ နှစ်အရွယ် ဦးသန်းမောင်ကပြောသည်။

လုံခြုံရေးဝန်ထမ်းများသည် ကုမ္ပဏီရုံးခန်းများအပြင် မိသားစုလိုက် အပန်းဖြေနေရာများဖြစ်သော ကလေးကစားကွင်း၊ ရုပ်ရှင်ရုံစသည့် နေရာများအပြင် ဆယ်ကျော်သက်လူငယ်များ စုဝေးရာနိုက်ကလပ်၊ ဒေးကလပ်များတွင်ပါ တာဝန်ထမ်းဆောင်ရသည်။

လုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီများသည် ဝန်ထမ်းများအား လစာဖြင့် ခန့်အပ်ထားပြီး မိမိတို့ကုမ္ပဏီသို့ လုံခြုံရေးတာဝန်ထမ်းဆောင်ပေးရန် ငှားရမ်းသော လုပ်ငန်းရှင်များထံမှ အချိုးကျပြန်လည်သတ်မှတ်ယူခြင်းဖြစ်သည်။ ဝန်ထမ်းတစ်ဦးသည်နေရာတစ်ခုတည်းတွင် အပြီးတာဝန်ထမ်းဆောင်ရသည်မဟုတ်ဘဲ လိုအပ်သောနေရာများဆီသို့ ကုမ္ပဏီမှ ညွှန်ကြားသည့်တိုင်းသွားရောက်တာဝန်ထမ်းဆောင်ရခြင်း ဖြစ်သည်။

“နေပူတာတွေမိုးရွာတာတွေ ရှောင်နေလို့မရဘူး။ ကုမ္ပဏီက ခိုင်းရင်သွားရတာပဲ။ စီးပွားရေးအရရော ဝါသနာအရရော လုပ်တယ်ဆိုပေမဲ့ တစ်ခါတလေကျတော့ စိတ်သွားတိုင်းကိုယ်မပါချင်ဘူး” ဟု ဦးသန်းမောင်က တိုးညင်းစွာပြောသည်။

ရန်ကုန်မြို့တွင် ခရီးစရိတ်တစ်လကျပ်လေးထောင်ရယ်၊ ထမင်းစားရိတ် တစ်နေ့ခြောက်ရာကျပ်နှင့် တစ်နှစ်လျှင် ခွင့်ခြောက်ရက်သာ ရရှိခြင်းမှာ ၎င်းတို့အတွက် အဆင်မပြေကြောင်းလည်း ဆိုကြသည်။

ဝန်ထမ်းများအား စည်းမျဉ်းစည်းကမ်းနှင့် အုပ်ချုပ်မှုသာ အဆင်ပြေနိုင်ပြီး ၎င်းတို့၏ နောင်ရေးအတွက် ကုမ္ပဏီမှ လစဉ်ဆုငွေပေးခြင်းမျိုးပြုလုပ်ပေးကြောင်း တာမွေမြို့နယ်ရှိလုံခြုံရေးကုမ္ပဏီတစ်ခုမှ အုပ်ချုပ်သူတစ်ဦးကပြောသည်။

“သူတို့မှာလည်း သူတို့အခက်အခဲနဲ့ သူတို့လေ။ ကိုယ့်ရဲ့လစာက ကျန်းမာရေးအတွက် အသုံးစရိတ်ဖြစ်ရင်တောင် မိသား စုအတွက်တစ်ဖက်တစ်လမ်းကနေအထောက်အကူရတာပေါ့” ဟု ဦးဘသာကဆိုသည်။

အငြိမ်းစားယူ၍ အနားယူသင့်သည့်တိုင် လုပ်ငန်းခွင်ထဲတွင်ပင် ရှိနေသေးသော သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရန်မှာ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတိုးတက်မှုများအတွက် လွန်စွာမှအရေးပါကြောင်း အထွေထွေရောဂါကုဆရာဝန်ကြီး ဦးကျော်စိန်ကပြောသည်။

“နှစ် ၆၀လောက် မနားမနေမောင်းခဲ့ရတဲ့ အင်ဂျင်တစ်လုံးလိုပေါ့။ အနားယူဖို့အတွက် အချိန်တန်နေပါပြီ။ သူတို့ဟာ အဲကွန်းခန်းထဲမှာ နားနားနေနေလုပ်နေရတာမဟုတ်ဘူး။ သူတို့ဘဝတွေ အေးချမ်းတည်ငြိမ်ဖို့အတွက် အစိုးရမှာရော လူ့အဖွဲ့အစည်းမှာပါ တာဝန်ရှိပါတယ်” ဟု ဆိုသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ (Help Age International)တို့၏ ၂၀၁၂ခုနှစ်ကပြုလုပ်သော သက်ကြီးရွယ်အိုဆိုင်ရာ လေ့လာဆန်းစစ်မှုစစ်တမ်းအရ မြန်မာနိုင်ငံရှိသက်ကြီးရွယ်အိုအများစုသည် အစိုးရ(သို့မဟုတ်) အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖူလုံရေးအထောက်အပံ့ ရယူခဲ့ခြင်းမရှိကြောင်းသိရသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်ကလည်း သက်ကြီးရွယ်အိုများအတွက် ဝင်ငွေလုံလောက်စွာရရှိရေး၊ ဂုဏ်သိက္ခာရှိရှိရပ်တည်ရေး၊ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးအတွက်ပါထည့်သွင်းစဉ်းစားသင့်ပြီဖြစ်ကြောင်း မေ ၂၄ ရက် Park Royal Hotel တွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောသည်။

အသက် ၆၀ ပြည့်၍ အစိုးရကပင် အငြိမ်းစားပေးခဲ့သော်လည်း မိသားစုဘဝရပ်တည်ရေးအတွက် ရရာအလုပ်ဖြင့် ရုန်းကန်လှုပ်ရှားနေရဆဲဖြစ်သော သက်ကြီးရွယ်အိုအချို့၏ အလုပ်အကိုင်ဟူသမျှသည်ယင်းတို့၏ စိတ်တိုင်းကျ ရွေးချယ်မှုတစ်ခုမဟုတ်ဘဲ အခြားရွေးချယ်စရာ အလုပ်အကိုင်မရှိ၍သာဝင်ရောက်လုပ်ကိုင်နေရခြင်းဖြစ်ကြောင်း တညီတညွတ်တည်းပြောကြသည်။

လုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းများသည်သက်ကြီးအမျိုးသားကြီးများ၏ လက်ကျန်ခွန်အားများကို အသုံးချ၍ မိသားစုစားဝတ်နေရေးကို တစ်ထောင့်တစ်နေရာကဖြည့်ဆည်းပေး၍ရနေသောအလုပ်အကိုင်အခွင့်အလမ်းတစ်ခုဖြစ်နေပေသည်။


# ဝန်ထမ်းအလိုရှိသည်။

ဂျာမဏီနိုင်ငံ Denk Pharma Co., Ltd. နှင့် Czech နိုင်ငံ Walmark Co., Ltd. မှ ဆေးများကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်တင်သွင်းဖြန့်ချိနေသော T.T.O Trading Co., Ltd.တွင် အောက်ပါရာထူးများအတွက် ဝန်ထမ်းများလိုအပ်လျက် ရှိပါသည်။

(၁) **Medical Representative** (ကျား/မ)(၅)ဦး
- M.B.,B.S/B.D.S/B.V.S/B.Pharm ဘွဲ့ရရှိပြီးသူများဖြစ်ရမည်။

(၂) **Medical Representative(Assistance)** (ကျား/မ)(၅)ဦး
- ဘွဲ့ရပြီးဖြစ်ရမည်
- အသက် (၂၅) ထက်မငယ်ရ (၃၅) နှစ်ထက်မကြီးရပါ။
- ဆေးကုမ္ပဏီအတွေ့အကြုံအနည်းဆုံး (၂) နှစ်ရှိရမည်။

(၃) **Medical Representative(Trainees)** (ကျား/မ) (၁၀)ဦး
- ဘွဲ့ရပြီးဖြစ်ရမည်
- အသက် (၂၀) ထက်မငယ်ရ (၃၀) နှစ်ထက်မကြီးရပါ။

စိတ်ပါဝင်စားသူများ ဖော်ပြထားသောလိပ်စာအတိုင်း ၆လ အတွင်းရိုက်ထားသော ဓါတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ နှင့် ၂ပတ် အတွင်းလူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

T.T.O
**T.T.O Trading Co., Ltd.**
အမှတ် ၁၀၀၇-၁၀၀၈၊ ၁၀လွှာ၊ ယုဇနတာဝါ၊
ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊
ဖုန်း-၅၅၉၅၁၈၊ ၅၅၂၇၂၀



Academic Telesis အမေရိကန်ပညာရေးစိတ်ဝင်စားသူများအတွက် SUNY

“မြန်မာနိုင်ငံတွင် ပထမဦးဆုံး Academic Telesis မှ စီစဉ်ဆောင်ရွက်သော ၁၀တန်း/IGCSE အောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီးသူများ USA college and University များသို့ တိုက်ရိုက်တက်ရောက်ပညာသင်ကြားနိုင်မည့် အထူးအခွင့်အရေး”

USA မှ နာမည်ကြီးတက္ကသိုလ်များနှင့်ကောလိပ်ပေါင်း ၁၀၀ ကျော်တို့၏တရားဝင်ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသော Academic Telesis မှ Dual Degree program ဖြင့် SAT, TOEFL, IELTS မလိုအပ်ပဲ (၄)နှစ် ပညာရေးကို (၂) နှစ်စာကုန်ကျစရိတ်ဖြင့် တက်ရောက်ပညာသင်ကြားနိုင်သည်။



မိမိသင်ယူလိုသောဘာသာရပ်များ၊ USA နှင့် နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းသောဘာသာရပ်များကို စိတ်တိုင်းကျရွေးချယ်နိုင်ပြီး၊ ပညာသင်ဆု အခွင့်အလမ်းများလည်းရှိသောကြောင့် မည်သူမဆို အခမဲ့လာရောက်ဆွေးနွေးနိုင်ပါသည်။

SBCC UW Tacoma Community College Seattle Central Community College Whatcom Community College

**Hot Line 01-527168, 09-420087726**
No. (73), A-3, B-3, 2nd Floor, corner of Ma Po St and Myaynigone Zay St, Sanchaung Tsp: Yangon
www.academictelesis.com



**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

**ရန်ကုန်/မော်လမြိုင်**

**လိင်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့် ဆက်နွယ်သော နှလုံးရောဂါနှင့် သွေးထဲအဆီများသူများကုသခြင်း**
-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
-(၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါဖြစ်နိုင်သူများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၀ ၇၁၀၃၇
အမှတ်-၁၀၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၅၇ ၄၀၀ ၅၅၅၆၅

7DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးနှင့် ယာဉ်ကြောစီးဆင်းမှုပြဿနာများ

ဒေါက်တာကျော်လတ်

ယခုအခါ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်တင်သွင်းမှုစနစ်များ ပြင်ဆင်လိုက်သဖြင့် မော်တော်ယာဉ်ပေါင်းများစွာ လစဉ်တင်သွင်းလာကြပေသည်။ မြန်မာနိုင်ငံတွင် လူဦးရေအများဆုံး နေထိုင်သည့် မြို့ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သည့် ရန်ကုန်မြို့သည် ထိုယာဉ်အစီးရေတိုးပွားမှု၏ ရောင်ပြန်ဟန်ချက်ကို အသိသာဆုံးရရှိသော မြို့ဖြစ်ပေတော့သည်။ ထိုအချိန်အခါတွင် ရန်ကုန်မြို့တွင်း ယာဉ်သွားလာရေး ပိုမိုနှေးကွေးလာကြသဖြင့် ညည်းညူမှုများလည်းကြားလာရပေသည်။ ကိုယ်ပိုင်ယာဉ်များ သွားလာမှုနှေးကွေးခြင်းသည် ရန်ကုန်မြို့၏ သွားလာသူ ၁၀ ရာခိုင်နှုန်းခန့်သာ ထိတွေ့ခံစားကြရ၍ ယာဉ်များ၏ သွားလာမှုနှုန်းထား နှေးကွေးခြင်းသည် အများသုံးသွားလာမှုစနစ်များဖြစ်သည့်ဘတ်စ်ကားစီး ခရီးသည်များအတွက် ပိုမိုခံစားကြရပေမည်။ ပူ၍၊ ကျပ်၍၊ မတ်တတ်ရပ်၍၊ တွဲလောင်းခို၍ အသက်စွန့်ကာ နေ့စဉ်သွားလာနေရသောသူတို့မှာ နေ့စဉ်ခရီးသွားများ၏၈၄ ရာခိုင်နှုန်းခန့်ရှိပါ၍ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်သွားလာမှုနှေးကွေးခြင်းသည် ထို ၈၄ ရာခိုင်နှုန်းခန့်ပြည်သူတို့က ပိုမိုခံစားရမည်မှာ ထင်ရှားပေသည်။ ထို့ကြောင့် မြို့ တွင်းသွားလာမှု (သို့မဟုတ်) မြို့ တွင်းသယ်ယူပို့ဆောင်ရေး ပြဿနာများနှင့် ပတ်သက်၍ ဤ ဆောင်းပါးဖြင့် တင်ပြအပ်ပါသည်။

ဤတွင်(၁)ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်သွားလာမှုနှေးကွေးမှုပြဿနာများနှင့်(၂)မြို့တွင်းသယ်ယူပို့ဆောင်ရေးပြဿနာများဟု နှစ်ပိုင်းခွဲခြားတင်ပြအပ်ပါသည်။ မြို့တွင်းယာဉ်သွားလာမှုနှေးကွေးခြင်း၊ ရံဖန်ရံခါ ယာဉ်ကြောပိတ်ဆို့ခြင်းတို့မှာ အောက်ပါအချက်များပေါ်တွင် မူတည်ပေသည်။

(၁)ယာဉ်စီးရေသိပ်သည်းမှု၊ (၂)အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်၏ အဆင့်အတန်းနှင့် အဆင်ပြေမှုများကို အခြေခံ၍ ကိုယ်ပိုင်ယာဉ်သုံးမှု၊ (၃)လမ်းများခင်းကျင်းမှုပုံစံစနစ်၊ (၄)ယာဉ်ကြောထိန်းသိမ်းမှုစနစ်၊ (၅)လမ်းသွားလာမှုတွင် ပါဝင်သူများ၏ စည်းကမ်းထိန်းသိမ်းမှု၊ (၆)မြို့မြေအသုံးချမှုပုံစံ။ အထက်ပါ ခြောက်ချက်တွင် အမှတ်(၆)ဖြစ်သည့် မြို့ပြမြေအသုံးချမှုပုံစံသည် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်တွင် အဓိကအရေးကြီးဆုံး၊ အဓိကတာဝန်အကျဆုံးဖြစ်၍ မြို့တစ်မြို့၏ စီမံကိန်းကောင်းမှု၊ စနစ်တကျရှိမှုကို ဖော်ပြသည်။ အမှတ်(၁)မှ အမှတ်(၅)အချက်များမှာ ဝိုင်းဝန်းကြိုးစားဖြေရှင်းကြမည်ဆိုလျှင် ရေတိုအချိန်ကာလအတွင်း အထိုက်အလျောက် အဆင်ပြေသွားနိုင်သော်လည်း မြို့မြေအသုံးချမှုပုံစံကို ပြောင်းလဲရန်အချိန်ကြာမြင့်၍ ရေရှည်မြို့ပြစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်၍သာ ပြုပြင်ပြောင်းလဲနိုင်ပေသည်။

**ယာဉ်စီးရေသိပ်သည်းမှု**


ပထမဦးစွာ ယာဉ်စီးရေသိပ်သည်းမှုမှာ ရန်ကုန်မြို့သူမြို့သားများ လွန်ခဲ့သောတစ်နှစ်ခန့်အတွင်း လက်တွေ့ခံစားလာကြရသဖြင့် အထူးတင်ပြစရာလိုမည် မထင်ပါ။ ရန်ကုန်မြို့တွင် ယာဉ်များလွယ်ကူစွာ တင်သွင်းခွင့်မရှိသော အချိန်ကာလ၊ ၂၀၁၁ ခုနှစ်ခန့်က စီးရေ ၂ ဒသမ ၆၈ သိန်းခန့်သာရှိခဲ့၍ ၂၀၁၃ ခုနှစ်စတွင် ၃ ဒသမ ၅၅ သိန်းခန့်အထိ တိုးပွားသွားရာ ၂ နှစ်ခန့်အတွင်း ၂၄ ဒသမ ၅ ရာခိုင်နှုန်းခန့် တိုးပွားခဲ့ပါသည်။ နှစ်စဉ် ၁၂ ရာခိုင်နှုန်းခန့် တိုးပွားလျက်ရှိသည်ဟု တွက်နိုင်ပါသည်။ ယင်းအချက်မှာ ယာဉ်သိပ်သည်းမှုနှင့် ပတ်သက်၍ လျော့စရာ၊ လျော့ကျစရာလမ်းလည်းမမြင်ပါ၍ ရန်ကုန်မြို့တွင် မျှော်မှန်းမြင်တွေ့နိုင်သော အချိန်ကာလအတွင်း ယာဉ်စီးရေပိုမိုတိုးပွား၊ သိပ်သည်းမှုပိုမိုမြင့်မားလာမည်မှာ သေချာပေသည်။ သို့သော် အများဆုံးသယ်ယူပို့ဆောင်ရေးစနစ်များ (Mass public transportation system)ကို ပိုမိုကောင်းမွန်စေခြင်း၊ အဆင့်မြှင့်တင်ခြင်းဖြင့် ကိုယ်ပိုင်ယာဉ်အသုံးချမှုကို လျော့နည်းစေပေမည်။ ထိုနမူနာမှာ ဂျပန်ရှိ မြို့ကြီးများတွင်ကြုံတွေ့ရ၍ ဂျပန် အိမ်ထောင်အများစုမှာ ယာဉ်ပိုင်ဆိုင်ကြသော်လည်း နေ့စဉ်သွားလာခြင်းကို ရထား၊ မြေအောက်ရထား၊ ဘတ်စ်ကားအစရှိသည့်အများဆုံး သယ်ယူပို့ဆောင်ရေးစနစ်များကို အသုံးပြုကြသည်။ ဂျပန် ရှိ မြို့ကြီးများတွင် ထိုလူထုသယ်ယူပို့ဆောင်ရေးစနစ်မှာ လွန်စွာအဆင့်မြင့်ကောင်းမွန်၍ ဖြစ်သည်။ မိမိတို့မြို့တော်၏ နောင်ရေရှည်ဦးတည်ချက်မှာလည်း ထိုအများပြည်သူသုံးစနစ်ကို မြှင့်တင်ရန်ဖြစ်သင့်ပေသည်။

**အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်**


ရန်ကုန်မြို့တော်၏ ထိုအများပြည်သူသုံးစနစ်တွင် ဘတ်စ်ကားအသုံးပြုသူများမှာ အများစုဖြစ်၍ အနည်းစုဖြစ်သော ၅ ရာခိုင်နှုန်းမှာ မြို့ပတ်ရထားကို အသုံးပြုကြသည်ဟု သက်ဆိုင်ရာမှသိရှိရပါသည်။ အမှန်ဖြစ်သင့်သည်မှာ မိမိတို့ရန်ကုန်မြို့တွင် ၁၉၆၀ ခန့်မှစ၍ မြို့ပတ်ရထားတည်ရှိခဲ့ရာ ထို အခြေခံကိုချဲ့ထွင်ကာ ပိုမိုတိုးတက်ကောင်းမွန်ရန် ကြိုးစားသင့်ပေသည်။ ရထား၏ အကျိုးကျေးဇူးမှာ လူပေါင်းများစွာကို တစ်ချိန်တည်းတွင် သယ်ဆောင်နိုင်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ကာကွယ်သည့်အပြင် စွမ်းအင်သုံးစွဲမှု၊ ကာဗွန်ထုတ်လုပ်မှုများကိုလည်း ကာကွယ်ပေသည်။ ထိုသည်ကိုအခြေခံ၍ မိမိတို့ရထားစနစ်ကို အများဆုံးသယ်ယူပို့ဆောင်ရေးစနစ်၏ သွားလာမှုတို့မှ ၇၀-၈၀ ရာခိုင်နှုန်းခန့်အထိ တိုးမြှင့်ရန် ရေရှည်အားဖြင့် ကြိုးစားသင့်ပေသည်။

**ယာဉ်ကြောထိန်းသိမ်းမှုစနစ်**

ယာဉ်ကြောထိန်းသိမ်းမှုစနစ်ကို အဆင့်မြှင့်တင်ရန် စွမ်းဆောင်ချက်မှာ ရေတိုကာလအတွင်း အထိုက်အလျောက်ပြုပြင်ပြောင်းလဲနိုင်ပေသည်။ ရန်ကုန်




ပုံ(၁) ရန်ကုန်မြို့ နေ့စဉ်သွားလာရာတွင် အသုံးပြုသောစနစ်များ အချိုးလိုက်ပါဝင်ပုံ




ပုံ(၂) ရန်ကုန်မြို့ယာဉ်ဦးရေတိုးတက်ပြောင်းလဲပုံ

မြို့တွင် အချို့သောလမ်းဆုံများ၌ မီးနီ၊ မီးစိမ်းထိန်းချုပ်မှုများမှာ ဆက်စပ်သောစနစ်များ တပ်ဆင်မှုမရှိသေးသဖြင့် ယာဉ်ကြောစီးဆင်းမှုနှေးကွေးမှုများရှိပါသေးသည်။ ထိုစနစ်ကို တစ်မြို့လုံးအတိုင်းအတာဖြင့် ထိန်းချုပ်သောစနစ်ဟုခေါ်ဆို၍ ထိုစနစ်တပ်ဆင်မှုမှာ ရန်ကုန်မြို့အတွက် ဈေးသက်သာစွာဖြင့် အကြမ်းအားဖြင့် ဒေါ်လာ ၁၀ သန်းခန့်ဖြင့် တပ်ဆင်ရန် ဆွေးနွေးနေကြပါသည်။ ထိုစနစ်မှာ ယာဉ်သိပ်သည်းမြင့်မားသည့်လမ်းများကို အချိန်ပိုင်းအလိုက်ဦးစားပေးခြင်းဖြင့် မီးစိမ်း၊ မီးနီအချိန်များကို ပြောင်းလဲခြင်းဖြင့် တစ်မြို့လုံးယာဉ်စီးဆင်းမှုကို ပိုမိုအဆင်ပြေစေပါမည်။ ထို ITCS ကိုတပ်ဆင်နိုင်ပါလျှင် ရန်ကုန်မြို့တွင်း ပျမ်းမျှယာဉ်သွားလာမှုကို ၁၅-၂၀ ရာခိုင်နှုန်းခန့် ပိုမိုမြန်ဆန်နိုင်မည်ဟု ပညာရှင်များ ခန့်မှန်းကြပါမည်။

ပျမ်းမျှယာဉ်သွားလာမှုနှုန်းထားကို ယခု JICA မှ ပညာရှင်များနှင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာအဖွဲ့အစည်းတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော Comprehensive Traffic and Transportation Project တွင် တိုင်းတာတွက်ချက်ကြရမည်ဖြစ်ပါသည်။ ယင်းတို့ထံမှ ရလဒ်များမရမီ စာရေးသူကိုယ်တိုင် စမ်းသပ်တွက်ချက်မှုမှာ ရန်ကုန်မြို့တွင်း ပျမ်းမျှယာဉ်သွားလာမှုနှုန်းထားမှာ ကျပ်တည်းချိန် Peak hour တွင် တစ်နာရီလျှင် ၂၅ ဒသမ ၅ ကီလိုနှုန်း (တစ်နာရီလျှင် ၁၅ ဒသမ ၈ မိုင်နှုန်း)နှင့် ကျပ်တည်းချိန်မဟုတ်သောအခါများတွင် တစ်နာရီလျှင် ကီလိုမီတာ ၃၀ နှုန်းခန့်ရှိပါသည်။ မည်သို့ပင်နှေးကွေးကျပ်တည်းသော်လည်း အိမ်နီးချင်းမြို့ကြီးများနှင့် နှိုင်းယှဉ်သော် တော်ပါသေးကြောင်းကို အောက်ဖော်ပြပါဇယားတွင် မြင်နိုင်ပါသည်။

**လမ်းသွားလာမှုစနစ်တွင်ပါဝင်သူများ၏ စည်းကမ်း**

လမ်းသွားလာမှုစနစ်တွင် ပါဝင်သူများ၏ စည်းကမ်းထိန်းသိမ်းမှုနှင့်ပတ်သက်၍ လွန်စွာမသတိစရာကောင်းသော လွန်စွာအောက်တန်းကျသော ပြုမူမှုများ ယခုအခါများစွာတွေ့နေကြရပါသည်။ အချို့သောယာဉ်မောင်းသမားများမှာ အခြားတစ်ဖက်မှလမ်းကြောင်းကိုယူ၍ မောင်းခြင်း၊ ဘယ်ချိုးလိုသော်လည်း ညာဘက်လမ်းကိုယူ၍မောင်းခြင်း စသည်တို့ကြောင့် ယာဉ်ကြောစီးဆင်းမှုပိတ်ဆို့ခြင်း၊ နှောင့်နှေးခြင်းများ နေ့စဉ်ကြုံတွေ့နေကြရပါသည်။ ဤပြုမူချက်များမှာ မသိ၍လုပ်ခြင်းထက် တစ်ကိုယ်ကောင်းဆန်ခြင်း၊ မိမိအဆင်ပြေလျှင်ပြီးစတမ်း၊ အခြားသူများဒုက္ခရောက်ကြမည်ကို သတိမမူခြင်း စသောညဏ်ပညာမဲ့ အောက်တန်းစားစိတ်ဓာတ်များတွင် အခြေခံပေသည်။ လမ်းပေါ်တွင်ပါဝင်သူအားလုံးတို့မှာ အများစောင့်သလို မိမိလည်းစောင့်ရမည်။ အများနည်းတူသွားလာရမည်ဆိုသော စိတ်ဓာတ်ထားရှိရန် လွန်စွာအရေးကြီးပေသည်။

**လမ်းများခင်းကျင်းမှုပုံစံ**

လမ်းများခင်းကျင်းမှုပုံစံသည်လည်း မြို့တွင်းသွားလာရေးတွင် အရေးကြီးပေသည်။ မြို့ကြီးများတွင် Ring system ခေါ် မြို့ကိုပတ်၍ ဆက်သွယ်ထားသော လမ်းများထားရှိခြင်းသည် Linear system ခေါ် လမ်းအရှည်လိုက်စနစ်နှင့် Radial system ခေါ် ဖြာထွက်သောစနစ်တို့ထက် ယာဉ်သွားလာမှုကိုချောမွေ့စေသည်ကို တွေ့ရှိထားပြီးဖြစ်သည်။ ရန်ကုန်မြို့တွင်လည်း ကိုလိုနီလက်ထက်မှ အမွေရခဲ့သော လမ်းအရှည်လိုက်စနစ်မှ ပြုပြင်ရန် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကစ၍ ကြိုးစားခဲ့သည်။ အရှေ့ဘက် တောင်ဥက္ကလာပရှိ ဝေဇယန္တာတာလမ်း၊ သုမင်္ဂလာလမ်းနှင့် အနောက်ဘက် ဘုရင့်နောင်လမ်း၊ ဗဟိုလမ်းတို့ ဆက်သွယ်ရန် ပါရမီလမ်း၊ ကျိုက်ဝိုင်းဘုရားလမ်း စသည်တို့သည် ထို Ring system ရရှိရန်ကြိုးစားချက်များဖြစ်ခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း မြို့ပြစီမံကိန်းပညာကို လျစ်လျူရှုခဲ့၍ ထို အဓိက ဆက်သွယ်ရေးလမ်းကြောင်းကြီးများပေါ် ကုန်တိုက်ကြီးများ၊ ဈေးဆိုင်များဆောက်လုပ်စေခဲ့ခြင်း၊ ခွင့်ပြုခဲ့ခြင်းဖြင့် ယခုအခါအမြန်ဆက်သွယ်သွားလာရန် လမ်းများပျောက်ကွယ်သွားခဲ့သည်။ ယခုအခါ အပြင်မြို့ပတ်လမ်းဆောက်လုပ်ရန် ကြိုးစားလျက်ရှိကြသည်။ သို့သော် အပြင်မြို့ပတ်လမ်း အကောင်အထည်ဖော်နိုင်ရန် နောင်နှစ်ပေါင်းများစွာ ကြာမြင့်ပေးဦးမည်။ နောက်နောင်ပေါ်ပေါက်လာလျှင်လည်း အတွင်းပတ်လမ်းမှာ လွန်စွာလိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် အတွင်းပတ်လမ်းအဖြစ် ယခင်က လျာထားခဲ့သော လမ်းများပေါ်တွင်နှစ်ထပ်ဆောက်လုပ်ရန်မှ အခြားနည်းလမ်းမရှိဟု ပညာရှင်များသုံးသပ်လက်ခံကြပါသည်။ ဤနည်းမှာ ငွေကုန်ကြေးကျများပါမည်။ ဆောက်လုပ်ဆဲအချိန်တွင်လည်း ကသိကအောက်ဖြစ်ကြပါမည်။ သို့သော် ယခုအခါ မိမိတို့ပျမ်းမျှမောင်းနှင်နှုန်း တစ်နာရီ ၁၅ မိုင်နှုန်း(တစ်နာရီကို ၂၅ ကီလိုမီတာနှုန်း)မှ ထက်ဝက်ခန့်လျော့နည်းမသွားရန် ဆောက်လုပ်ရန်လိုအပ်ပါမည်ဟု ဆိုင်ရာပညာရှင်များက ယူဆကြပါသည်။

**မြေအသုံးချမှုပုံစံ**

နောက်ဆုံးနှင့် မြို့တွင်းသယ်ယူပို့ဆောင်ရေး၊ သွားလာဆက်သွယ်ရေးကို အဓိကအဆုံးအဖြတ်ပေးသောအချက်မှာ မြေအသုံးချမှုပုံစံ (Land-use pattern)ပင်ဖြစ်တော့သည်။ အထက်ဖော်ပြပါအချက်များအားလုံး အဆင်ပြေသည်ပင်ဖြစ်စေ မြေအသုံးချမှုပုံစံအဆင်မပြေလျှင် မည်သည့်နည်းနှင့်မျှ ယာဉ်သွားလာမှု နှေးကွေးခြင်းကို ဖြေရှင်း၍မရပါ။ ရန်ကုန်မြို့၏ သမိုင်းကြောင်းအရ ဆိုင်များ၊ ကုန်တိုက်ကြီးများ၊ ရုပ်ရှင်ရုံများ၊ စီးပွားရေးဆိုင်ရာရုံးများစုစုဝေးရာမြို့ထဲ၊ ဆူးလေဘုရားပတ်ဝန်းကျင်၊ ဗိုလ်ချုပ်လမ်းနှင့် ကမ်းနားလမ်းအတွင်း အထွေထွေသိပ်သည်းမှုများစွာ မြင့်မားလျက်ရှိပါသည်။ **စာမျက်နှာ(၁၉)သို့**

| မြို့ | ပျမ်းမျှကျပ်တည်းချိန် တစ်နာရီနှုန်း(ကီလိုမီတာ) | ကျပ်တည်းချိန် အချိန်မဟုတ်သည့် ပုံမှန်နှုန်း | ရင်းမြစ် |
|---|---|---|---|
| ရန်ကန် | ၂၅. ၀ | ၃၀. ၀ | သီးသန့်ကိုယ်ပိုင်စမ်းသပ်ချက် |
| ဟန္နိုင်း | ၂၄. ၉ | ၂၃. ၀ | ဟန္နိုင်းမြို့တော် ဖွံ့ဖြိုးရေး အစီအစဉ်၊ နည်းပညာ အစီရင်ခံစာ |
| ဟိုချီမင်း | ၁၉. ၀ | ၂၁. ၀ | HCM Urban Transport Master Plan and Feasibility Study (HOUTRANS) |
| ဂျကာတာ | ၉. ၄ | မဖြစ်နိုင် | ARSDS (1985), SITRAMP 1 (2000) and JUTPI (2011), (From Cilandak to Monas) |
| မနီလာ | ၇. ၀ | မဖြစ်နိုင် | Philippines tackles air pollution, Claire Wallerstein, http://www.ncbi.nlm.nih.gov/pmc/articles /PMC1115138/ |
| ဘန်ကောက် | ၁၀. ၀ | မဖြစ်နိုင် | Bangkok traffic fatality statistics, http://www.thaivisa.com/forum/topic/293516-bangkok-traffic-fatality-statistics/ |

7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# တန့်ကြည့်တောင်ခြေ၌ လေထဲရှိပြက္ခဒိန်စာရွက်များကို လှန်လှောခြင်း

မောင်သာချို



**(တစ်)**

ပုဂံညောင်ဦးတစ်ဝိုက်သို့ အခေါက်ပေါင်းရာနှင့်ချီကာ နေရာမလပ်ခြေရာထပ်လုနီးပါးမျှ ရောက်ခဲ့ဖူးသော်လည်း တန့်ကြည့်တောင်စွယ်တော်မြတ်စေတီရှိရာဆီသို့မူ တော်တော့်ကို အချိန်နှောင်းမှ ရောက်ဖြစ်ခဲ့ကြောင်း ကျွန်တော် ဝန်ခံလိုပါသည်။

လောကနန္ဒာမြစ်ဆိပ်မှာထိုင်ရင်းကမအိပ်ဖြစ်နိုင်သည့် ပုဂံညတွေထဲမှာ ဟိုးတစ်ဖက်ကမ်းက လျှပ်စစ်မီး၏ပူဇော်မှုအောက်တွင် တောက်ပဝင်းလက်နေသည့် တန့်ကြည့်တောင်စွယ်တော်မြတ်စေတီတော်ကို ကျွန်တော် အကြိမ်ကြိမ်လှမ်းဖူးဖူးပါသည်။ ခြေခင်းလက်ခင်းသာတောင့်သာယာရှိသော အချိန်များ၌ ဗူးဘုရားမြစ်ဆိပ်မှာ ထိုင်ရင်းကလည်း မျက်စောင်းထိုး ဟိုးအနောက်ဘက်ရောဝတီမြစ်ကမ်းပေါ်က တန့်ကြည့်တောင်စေတီကို ကျွန်တော် လှမ်းမျှော်ကြည့်ဖူးပါသည်။ ဘာကြောင့်များ သည်ဧရာဝတီမြစ်ကြီးကို ဖြတ်ကူးကာ သည်စေတီတော်ရှိရာဆီကို ကျွန်တော်မရောက်ဖြစ်ခဲ့ပါလိမ့်။

ဟော အခုကြည့်။ ရောက်မယ့်ရောက်တော့ မဟာစင်မှန်တိုင်းမဝင်မီ လေးငါးရက်၊ အညာမှာ မိုးကလေးတစ်ပြိုက်နှစ်ပြိုက် အသော့ရွာသွားခဲ့သော ရက်တွေထဲရောက်ကာမှ တန့်ကြည့်တောင်တန်းပေါ်မှာ ကျွန်တော်က ရောက်လို့။

**(နှစ်)**

ဟိုတုန်းကတော့ ဗူးဘုရားအထက်ရောဟိုတယ်ဆိပ်ကမ်းကနေ တန့်ကြည့်တောင်ရှိရာ အနောက်ဘက်ကမ်းသို့ ဇက်ဖြင့်ကူးကြရပါသည်။ အခုဇက်မရှိတော့။ စက်လှေတွေ စက်လှေတွေ။ ခွေးပိန်မကြီးနို့ကို ခွေးကလေးတို့ဝိုင်းအုံစုခဲနေသလို ကမ်းခြေမှာ ပြွတ်ခဲလို့။

မနက်ခင်းတော်တော်စောစောမှာပင်လျှင် အနောက်ဘက်ကမ်းက ပြန်လာသည့် စက်လှေတွေက ဗူးဘုရားဆိပ်ကမ်းကို အလျှိုအလျှိုဆိုက်ကပ်၍ လာပါသည်။ ကျွန်တော်က ပုဂံဘက်သို့ ဈေးဝယ်လာကြသည့် အနောက်ဘက်ကမ်းက ဒေသခံများဟုထင်ပြီး မေးကြည့်ရာ အကြော်သည်ကလေးက ဘုရားဖူးတွေတဲ့။ တန့်ကြည့်တောင်စေတီကို ဖူးပြီးပြန်လာကြတာတဲ့။ ဩော် စွယ်တော်လေးဆူ တစ်နေ့တည်းအပြီးဆိုသည့် ဘုရားဖူးတွေထင်ပါ့။ ပုဂံဘုရားဖူးတချို့၌ သည်ရှုးသွပ်မှုမျိုးက ရှိတတ်ကြစမြဲ။

ပါမောက္ခလုစ်(professor Gordon H. Luce)ကပင် စွယ်တော်မြတ်လေးဆူကို အနော်ရထာမင်း တည်ထားပုံက စိတ်ကူးကောင်းလိုက်တာဟု ဆိုခဲ့ဖူးလေသော ဘုရားလေးဆူက ပုဂံနယ်နိမိတ်ပင်ဖြစ်ပါသည်။ မြောက်မှာက ရွှေစည်းခုံ၊ တောင်မှာက လောကနန္ဒာ၊ အနောက်မှာက တန့်ကြည့်တောင်၊အရှေ့မှာက တုရင်တောင်။

သီရိလင်္ကာဘုရင် ပထမဝိဇယဗာဟုမင်းက လက်ဆောင်နှင်းလိုက်သည့် စွယ်တော်ကိုပွားကာ ထိုအရပ်လေးခု၌ စေတီလေးဆူတည်ထားခဲ့ခြင်းဖြစ်ရာ ခေတ်သစ်ဘုရားဖူးတွေက ထိုစွယ်တော်လေးဆူကို တစ်နေ့တည်းနှင့်အပြီးဖူးလျှင် အကျိုးထူးသည်ဟုယူဆကာ အချိန်ကို အလုအယက်အသုံးချရာက မနက်ခင်းစောစောကြီးမှာ တန့်ကြည့်တောင်ဘက်ကမ်းက ပြန်လာသူတွေကို တွေ့ကြရခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ဂေါတမဘုရားရှင်ကြွချီလာကာ မြစ်တစ်ဖက်ကမ်းရှိ တောင်ပေါ်ကနေ တန့်ကြည့်လျက် တိုင်းပြည်ဖြစ်လာအံ့သောနေရာများဟု ဗျာဒိတ်ပေးသော အရပ်ဒေသတွေရှိပါသည်။ ပျူခေတ်က မြို့တော်တစ်ခုဖြစ်ခဲ့ဖူးသော သရေခေတ္တရာကိုလည်း ဘုရားရှင်က ဗျာဒိတ်ပေးခဲ့သည်ဟု ဆိုပါသည်။ ဒါကြောင့်လား မသိ။ ပြည်တစ်ဖက်ကမ်းမှာကလည်း တန့်ကြည့်တောင်တဲ့။ ထို့အတူ ပုဂံတစ်ဖက်ကမ်းသို့လည်း ဘုရားရှင်ကြွချီလာကာ ပုဂံကိုဗျာဒိတ်ပေးခဲ့ပြန်ပါလေသတဲ့။ ထို့ကြောင့် ပုဂံတစ်ဖက်ကမ်းမှာကလည်း တန့်ကြည့်တောင်တဲ့။ သို့သော် ပြည်နှင့်ပုဂံတွင် ပုဂံတစ်ဖက်ကမ်းရှိ တန့်ကြည့်တောင်က ပိုလို့ထင်ရှားသည်ဟု ထင်ပါသည်။

ဤနေရာ၌ မြန်မာနိုင်ငံအတွင်းသို့ ဘုရားရှင်ဒေသစာရီကြွမလာဖူးကြောင်း သုတေသနပြုရေးသားခဲ့ကြသည့် စာအချို့ကို ကျွန်တော်ဖတ်ဖူးကြောင်း လက်တို့လိုပါသေးသည်။ ဆရာကြီးဒေါက်တာသန်းထွန်းတို့၊ ဆရာပါရဂူတို့၏ ဆောင်းပါးများ၊ ဆရာကြီး ဦးအေးမောင်၏ ဗုဒ္ဓဝါဒသမိုင်း ဘာသာပြန်တို့လို စာအုပ်တွေများထဲ၌ သည်အချက်တွေကို တွေ့နိုင်ပါသည်။

ဘာပဲဖြစ်ဖြစ် တန့်ကြည့်တောင်က လှပါသည်။ ဧရာဝတီနှင့် ပုဂံတစ်ဝိုက်ကို အနောက်ဘက်ကနေ ပြန်လှန်ပြီးကြည့်ရသည့်မြင်ကွင်းက အံ့သြဖွယ်ဖြစ်ပါသည်။ မြစ်ကိုလည်းအပေါ်စီး၊ တောင်တွေကိုလည်း အပေါ်စီးကနေ ဆီးပြီးကြည့်ရသည့်အရသာမှာ ဘယ်လိုမှတင်းတိမ်နိုင်စရာမရှိ။ ဟိုးအနောက်ဘက်သို့ လှိုင်းကြီးတွေ တလိမ့်လိမ့်ဆင်းသွားသလို လှိမ့်ဆင်းသွားသည့်တောင်တန်းတွေက မိုးအဆုံးမြေအဆုံး။ တောင်တန်းတွေကြားထဲမှာ ငွေရောင်ဖဲစကလေးတစ်စ လွှတ်ချထားသလို တွန့်လွန့်၍နေသည်က ယောချောင်းတဲ့။

မြစ်ခြေ၊ ကျွန်းချောင်း၊ တန့်ကြည့်တောင်၊ အရာတော်၊ ရေနံချပ်တဲ့ ရွာကလေးတွေ ရွာကလေးတွေ။ တောင်ခြေရင်းနှင့်မြစ်ကမ်းနဖူးအစပ်မှာ ရပ်တည်နေသည့် ရွာကလေးများမှာ ခဏတာခိုနားရင်း ဧရာဝတီနံဘေး၌ ခုံတန်းရှည်ကြီးချကာ လေတဖြူးဖြူးထဲ အိပ်ရသည့်အရသာကို ကျွန်တော်သတိရလှပါဘိ။ ထို့ထက် ပိုပြီးသတိရနေမိတာကတော့ တန့်ကြည့်တောင်ဘုရားပေါ်က အုန်းမောင်းခေါက်သံများ။

**(သုံး)**

တန့်ကြည့်တောင်ရင်ပြင်တော်ထောင့်ရှိ အုန်းမောင်းကြီးတွေက ညီအစ်ကိုမသိတသိအချိန်တွင် တစ်ကြိမ်၊ မနက်သုံးနာရီတွင် တစ်ကြိမ် ထိုးသည်ဟု ဆိုပါသည်။ သို့သော်လည်းကျွန်တော်ကမနက်သုံးနာရီတွင်ထိုးသည့်အုန်းမောင်းကိုပဲ နားမှာစွဲပါသည်။

ခံတုံးတွေက ပိတောက်သားနှင့်လုပ်ထားကာ အဖိုတုံးက အရှည်လေးတောင်လောက်၊ အမတုံးက အရှည်ငါးတောင်လောက်ရှိပါသည်။ လုံးပတ်ကတော့ အချင်းတစ်တောင်လောက်ဟု ခန့်မှန်းရပါ၏။ အဖိုတုံး၏ အသံက "တုန်"တဲ့။ အမတုံး၏ အသံက "အုမ်"တဲ့။ ဒါက ခံတုံးတွေ။

ထိုးသည့် အတုံးကိုတော့ တမာသားနှင့် လုပ်ထားပါသည်။ အချင်းက လေးလက်မလောက်။ အရှည်က သုံးတောင်လောက်။

အုန်းမောင်းခေါက်ပုံကတော်တော့်ကို စိတ်ဝင်စားဖို့ ကောင်းပါသည်။ ပထမဦးဆုံးအဖို တုံးကိုကိုးချက်ထိုးပြီး နှစ်မိနစ်ခန့်နားကာ နောက်ထပ်အချက် အစိတ်သုံးဆယ်လောက် ထိုးပစ်လိုက်ပါသည်။ ထို့နောက် နှစ်မိနစ်ခန့်တစ်ခါပြန်နား။ ပြီးလျှင် အမတုံးကိုလည်း ထိုနည်းတူထိုးကာ နှစ်မိနစ်ခန့် နားပြီးသည်နှင့် အဖိုတုံးနှင့်အမတုံးတို့ကို တစ်လှည့်စီငါးချက်စီထိုးပါသည်။

"ပထမထိုးတဲ့ ကိုးချက်စီက ဘုရားဂုဏ်တော်ကိုးပါးဆိုပါတော့. . . နောက်ငါးချက်စီက အနန္တငါးပါးပေါ့. . . အနန္တောအလှည့်မှာအဖိုတုံးကျပြီး. . . အနန္တအလှည့်မှာ အမတုံးကျတယ်ဆိုပါတော့"

သို့ဖြင့် နှစ်မိနစ်နားပြီး ပြန်သောအခါ အဖိုနှင့်အမကို တစ်လှည့်စီသွက်ရာမှ နှေးသွားစေလျက် အချက်အစိတ်သုံးဆယ်လောက် ဆက်ထိုးပြန်ပါသည်။ ထို့နောက် တစ်မိနစ်နားပြီးသောအခါတွင်မှ အဖိုတုံးကမြန်မာရက်ကို ထိုးပါသည်။ တုံဆိုလျှင် တစ်ရက်၊ တုန်တုန်ဆိုလျှင် နှစ်ရက်။ ပြီးလျှင် အမတုံးက နေ့ကိုထိုးပါသည်။ အုမ်ဆိုလျှင် တနင်္ဂနွေနေ့။ အုမ်အုမ်ဆိုလျှင် တနင်္လာနေ့။ အုမ်အုမ်အုမ်ဆိုလျှင် အင်္ဂါနေ့။

"ရှစ်မိုင်ဝန်းကျင်က ရွာတွေအကုန်ကြားရတယ်"

အုန်းမောင်းခေါက်တာဝန်ကို ၁၇ နှစ်တိုင်သည်အထိ ထမ်းဆောင်နေဆဲဖြစ်သော ဦးဝင်းမောင်က ရှင်းပြလာပါသည်။ ဩော်. . တန့်ကြည့်တောင်ဝန်းကျင်က ရွာကလေးတွေ နားကလေးအသာစွင့်လိုက်ရုံနှင့် မြန်မာရက် မြန်မာနေ့ကိုသိကာ ဆွမ်းထချက်ကြ လုပ်ငန်းခွင်အတွက် ပြင်ကြဆင်ကြနဲ့။ ချစ်စရာကောင်းလိုက်တာ။

ကမ္ဘာလှည့်ခရီးသည်တို့၏ ကားများနှင့် အတက်အဆင်းစိပ်သော တန့်ကြည့်တောင်တန်းပေါ်မှာ ခဏခိုနားရင်းက တွဲလဲဆွဲထားသည့် အုန်းမောင်းကြီးများကို ကြည့်ရင်း လေလှိုင်းထဲကနေပြက္ခဒိန်ကို အသံနှင့် သတင်းပေးပုံကို သဘောကျမိကာပုဂံဘုရင်အနော်ရထာမင်းမြတ်ကို အုန်းမောင်းထိုးပြလိုက်ချင်စမ်းပါဘိ။ ။

---

စာမျက်နှာ(၂၀)မှ

## ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် တွေ့ဆုံခြင်း

**မြန်မာနိုင်ငံမှာနိုင်ငံရေးအပြောင်းအလဲတွေက သွက်သွက်လက်လက်ပြောင်းလဲနေတာကို တွေ့ရတယ်။စီးပွားရေးအပြောင်းအလဲကတော့ ထင်သလောက်မမြန်သေးဘူးပေါ့။ အဲဒီအပေါ်မှာ အန်ကယ်ဘယ်လိုမြင်လဲ။**

စီးပွားရေးအပြောင်းအလဲက ချက်ချင်းတော့မရဘူးလေ။ဥပမာ ဖက်စပ်ကုမ္ပဏီဆို တချို့ထောင်နေပြီ။နှစ်ဦးနှစ်ဖက် MOU ထိုးပြီးပြီ။ ကျွန်တော်တို့လည်း ဥရောပကုမ္ပဏီတော်တော်များများနဲ့ ဖက်စပ်လုပ်ဖို့ လက်မှတ်တွေ ထိုးပြီးပြီ။ ဒါပေမဲ့လက်မှတ်ထိုးပြီးရင်ပြင်ဆင်တဲ့ ဆွေးနွေးတာတွေရှိတယ်။ ဖက်စပ်လုပ်ငန်းက အနည်းဆုံးတော့ တစ်နှစ်၊ နှစ်နှစ်တော့ အချိန်ယူရမယ်။ ကျွန်တော်ထင်တာကတော့ ၂၀၁၄ ခုနှစ်မှာ လုပ်ငန်းတော်တော်များများပေါ်လာလိမ့်မယ်။ အခုလောလောဆယ်မှာတော့ သာမန်လူက မမြင်နိုင်ဘူး။ ဘာမှ မစသေးဘူးထင်တယ်။ တကယ်ကတော့စနေပြီ။

**အာဆီယံစီးပွားအသိုက်အဝန်း (ASEAN COMMUNITY 2015)အတွက်မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ဘာတွေ ပြောင်းလဲဖို့လုပ်သင့်တယ်လို့ ထင်လဲ။**

အာဆီယံ 2015 Free Trade စပြီဆိုရင် ကျွန်တော်တို့အများကြီးပြောင်းလဲရတော့မယ်။ ဟိုတုန်းကဆို မကောင်းတဲ့ ကွာလတီတစ်ခုတွေ့ရင် ဒါမြန်မာ Standard ကောင်းတဲ့ကွာလတီတစ်ခုခုတွေ့ပြီဆိုရင်ဟာ ဘယ်နိုင်ငံ။အခုက ဒါတွေကိုလည်း ကျွန်တော်တို့က ပြုပြင်ရမယ်။ ကွာလတီကိုကောင်းအောင်လုပ်ရမယ်။ စီမံခန့်ခွဲမှုကိုလည်းကောင်းအောင်လုပ်ရမယ်။ စီးပွားရေးလုပ်ငန်းတစ်ခုက စီမံခန့်ခွဲမှု အရေးကြီးဆုံးပဲ။ အဲဒါမနိုင်ရင် မတိုးတက်ဘူး။ စနစ်ကောင်းဖို့လိုတယ်။ ဥရောပကုမ္ပဏီတွေ ဘာလို့တိုးတက်လဲဆိုတော့ ဥရောပနဲ့ကျွန်တော်တို့အာရှနဲ့ ယှဉ်ရင်တောင်မှ ဥရောပက စနစ်ပိုကျတယ်။ ဒါကြောင့် သူတို့လုပ်ငန်းကပိုတိုးတက်တယ်။ အဲဒီလိုစနစ်တွေကို လိုက်မီအောင် ဘယ်လိုလုပ်မလဲ။ နည်းပညာကသိပ်မရှိသေးရင် ဖိတ်ခေါ်မယ်၊ သင်မယ်။ မြန်မာစီးပွားရေးလုပ်ငန်းတွေက ပညာရှင်တွေက သိပ်မည့်ပါဘူး။ နည်းနည်းသင်လိုက်ရင် တတ်ပါပြီ။ ဒါကြောင့် ၂၀၁၅ခုနှစ် လောက်ဆို ကျွန်တော်တို့ ပြိုင်ဆိုင်နိုင်ပါပြီ။

**အရင်ခေတ်က မြန်မာနိုင်ငံမှာ ရှိတဲ့ သူဌေးကြီးတွေက ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုတွေမရှိဘဲ နီးစပ်မှုတွေနဲ့ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေနေကြတယ်ပေါ့။ အခုရော အဲဒါမျိုးတွေ ကျန်သေးတယ်လို့ ထင်ပါသလား။**

၂၀၁၁ခုနှစ် အစိုးရလက်ထက်မှာတော့ပြိုင်ဆိုင်လို့မနိုင်တဲ့ကုမ္ပဏီကတော့ ကျန်ခဲ့မှာပဲ။ ကျွန်တော်ထင်ပါတယ်။ မြန်မာနိုင်ငံမှာ ရှိတဲ့ လုပ်ငန်းရှင်တွေ နောက်ဆိုရင် မှန်ကန်တဲ့ လမ်းကြောင်းပေါ်ကို ရောက်သွားလိမ့်မယ်။

**အခုပြဋ္ဌာန်းလိုက်တဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေကို လုပ်ငန်းရှင်တစ်ဦးအနေနဲ့ ကျေနပ်မှုရှိလား။ ပြင်ဆင်ဖြည့်စွက်သင့်တာမျိုးရော အန်ကယ်တွေ့ထားလား။**

ဒီအခုလောလောဆယ်အနေနဲ့ကတော့ အစပဲရှိသေးတယ်လေ။ ဘာတွေ အခက်အခဲကြုံလာမလဲဆိုတာမသိသေးဘူး။ လုပ်ရင်းကိုင်းရင်းဘာတွေအခက်အခဲဖြစ်သွားလဲ။ ဖြစ်သွားတာကို ပြန်ပြင်ရမှာပေါ့။

**ပြည်ပရင်းနှီးမြှုပ်နှံမှုတွေသာ အရှိန်အဟုန်နဲ့ဝင်လာရင်ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အလားအလာက ဘယ်လိုဖြစ်နိုင်မယ်လို့ အန်ကယ်သုံးသပ်လဲ။**

လုပ်ငန်းဘယ်လောက်ပဲကြီးကြီးလာလာ ကျွန်တော်တို့ တဖြည်းဖြည်းနဲ့ သူတို့ဆီက သင်ယူမယ်။ကြိုးစားမှုရှိမယ်ဆိုရင်တော့ သိပ်ပြီးအခက်အခဲရှိမယ်မထင်ပါဘူး။

**ခုလူတိုင်းပါးစပ်ဖျားမှာရေပန်းစားနေတဲ့ ခရိုနီဆိုတဲ့ စကားပေါ်မှာ အန်ကယ်ဘယ်လိုအမိပ္ပါယ်ဖွင့်ဆိုချင်ပါလဲ။**

ကျွန်တော်တို့ ကုမ္ပဏီကတော့ ခရိုနီကိစ္စနားမလည်ဘူး။ ကျွန်တော်တို့ကုမ္ပဏီက နဂိုကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီးတော့ သူများမလုပ်တဲ့လုပ်ငန်းတွေလုပ်ပြီးတော့ ပဲတိုးတက်လာတဲ့အတွက် လမ်းမှန်ကမ်းမှန်တက်လာတဲ့ ကုမ္ပဏီလို့ ယူဆပါတယ်။

—Ref: UN

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေ |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၆၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# သတင်းစာတွေ ဂျာနယ်နဲ့တူနေသလား

**စိုးဘားဒိုင်**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နေ့စဉ်ထုတ်သတင်းစာတွေထွက်လာတော့ပုဂ္ဂလိကသတင်းစာတွေဟာ ဂျာနယ်တွေနဲ့ တူနေတယ်ဟူသော အသံတွေကြားလာရသည်။ ပုဂ္ဂလိကသတင်းစာထုတ်ဝေသူများမှာ အပတ်စဉ်ထုတ်သတင်းဂျာနယ်တွေက ထုတ်ဝေလာကြတာ အများစုဖြစ်သည်ကို တွေ့ရပါမည်။ သတင်းစာတွေ၊ ဂျာနယ်တွေနဲ့တူနေတယ်ဟူသော အသံတွေကြားလာရတော့ ၈၀ ပြည့်နှစ်လွန်များက စီးပွားရေးသတင်းနှင့်ဆောင်းပါးဦးစားပေးမဂ္ဂဇင်းတွေ၊ သတင်းနှင့် သတင်းဆောင်းပါးအားပြုမဂ္ဂဇင်းတွေ ထွက်လာစဉ်က မဂ္ဂဇင်းတွေက သတင်းစာအလုပ်ကိုလုပ်နေကြသည်ဟူသော အသံတွေထွက်ပေါ်လာဖူးတာကို သတိရမိသည်။

မြန်မာစာနယ်လောကတွင် အကန့်အသတ်တွေများပြားလှသည့်ကာလကိုဖြတ်သန်းခဲ့ကြရသည်ကို သက်သေထူပြစရာမလိုဟု ထင်ပါသည်။ ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့်မရတော့ သတင်းနှင့် သတင်းဆောင်းပါး ငတ်မွတ်နေသည့် စာဖတ်ပရိသတ် လူထုကို စာနယ်ဇင်းသမားတွေက မဂ္ဂဇင်းကနေ အာသာဖြေပေးခြင်းအဖြစ်သတင်းနှင့်သတင်းဆောင်းပါးအားပြု မဂ္ဂဇင်းတွေကို ထုတ်ဝေဖြန့်ချိခဲ့ကြသည်။

ပရိသတ်တွေ၏ အားပေးမှုရသဖြင့် ခနဲ၊ မြန်မာ့ခနဲ၊ ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်၊ မြတ်ကြေးမုံ၊ ကြီးပွားရေးလမ်းညွှန်စသော သတင်းနှင့်သတင်းကိုအားပြုထုတ်ဝေခဲ့သည့် မဂ္ဂဇင်းတွေ ထင်ရှားအောင်မြင်ခဲ့ကြသည်။ မဂ္ဂဇင်းများတွင် သတင်းကဏ္ဍတွေကို တခုတ်တရထည့်လာကြသည်ကိုတွေ့ရသည်။

ဒီဘက်နှစ်ပိုင်းတွေရောက်တော့ ဂျာနယ်တွေထုတ်ဝေခွင့်ရလာသည်။ သတင်းနှင့်သတင်းဆောင်းပါးအားပြုသည့် ဂျာနယ်တွေထွက်လာသည်။ အချို့ဂျာနယ်တွေအောင်မြင်ပြီး အချို့ဂျာနယ်တွေရပ်သွားသည်။ ရပ်သွားသည့်ဂျာနယ်တွေထဲတွင် ဆက်လက်ထုတ်ဝေရန်မတတ်နိုင်၍ ရပ်သွားသည့်ဂျာနယ်တွေရှိသလို သတင်း၊ သတင်းဆောင်းပါးဖော်ပြမှုအပေါ် ကန့်သတ်မှုတွေကြောင့် ရပ်သွားရသည့်ဂျာနယ်တွေလည်း ပါဝင်ခဲ့သည်ကို တွေ့ရပေမည်။

ဂျာနယ်တွေထွက်လာသောအခါ ဂျာနယ်တွေက သတင်းစာအလုပ်တွေကို လုပ်ကြရသည်။ ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့်မရတော့ သတင်းစာအလုပ်တွေကို ဂျာနယ်တွေက လုပ်လာကြသည်။ စာပေစိစစ်ရေး၏ ကွပ်ညှပ်မှုအောက်ကနေ သတင်းကိုမွတ်သိပ်နေကြသည့် စာဖတ်ပရိသတ်လူထုကို ရသမျှပေးရင်း သတင်းစာဆန်ဆန်လုပ်ကိုင်ခဲ့ကြသည်ကို တွေ့ရပေမည်။

သတင်းဂျာနယ်များသည် အပတ်စဉ်သတင်းစာပုံစံထုတ်ဝေဖြန့်ချိခဲ့ကြပြီး အယ်ဒီတာများ၊ သတင်းထောက်များ၊ ဂျာနယ်လစ်များကလည်း သတင်းကိုအားပြု၍ ပြည့်စုံသော ဘက်ပေါင်းစုံက စုဆောင်းသုံးသပ်ထားသော သတင်းဆောင်းပါးများ၊ သတင်းရသဆောင်းပါးများ၊ သတင်းပေါ်သုံးသပ်သည့် ဆောင်းပါးများ ပိုမိုကျယ်ပြန့်သောအတွေးအမြင်သုံးသပ်ချက်များကို ဖော်ပြခဲ့ကြသည်ကိုလည်း တွေ့ကြရပေမည်။

ထိုသို့ သတင်း ဆာလောင်သောပရိသတ်လူထုကို ပေးဝေခဲ့ရာတွင် ပိုမို၍လတ်ဆတ်သော သတင်းများကို ပေးနိုင်ရေးအတွက် နောက်ဆုံးရသတင်းနှင့် အချက်အလက်များကို အချပ်ပိုအဖြစ် ထုတ်ဝေထည့်သွင်းဖြန့်ချိခဲ့သည်ကိုလည်း တွေ့ကြရမည်ဖြစ်သည်။ ယင်းအချပ်ပိုများသည် နေ့စဉ်ထုတ်သတင်းစာ၏ လုပ်ငန်းကို အကောင်အထည်ဖော်နေကြခြင်းဖြစ်သည်ကိုလည်း သတိပြုမိကြပါလိမ့်မည်။

ယင်းသို့ဖြင့် သတင်းဂျာနယ်များသည် သတင်းစာနှင့်ပို၍ တူလာသည်ကို တွေ့လာကြရသည်။ ထိုသို့သတင်းစာနှင့် ပို၍ပို၍တူလာသော သတင်းဂျာနယ်များကို သတင်းစာနှင့်တူနေသည်ဟူ၍ သတိမပြုမိကြဘဲ ဂျာနယ်များက ကြိုးပမ်းဖော်ပြနေကြသည့် နောက်ဆုံးရသတင်းတင်ပြမှုကိုမျက်တွေ့အာတွေ့ဖြစ်ကြလေသည်။ ယခုကဲ့သို့ပုဂ္ဂလိကသတင်းစာတွေကို စမ်းသပ်ထုတ်ဝေခွင့်ပြုလိုက်ပြီဆိုတာနှင့်ပင် နှစ်ပေါင်းများစွာ သတင်းစာဝန်ကိုပုံစံမျိုးစုံဖြင့်ထမ်းရွက်ထုတ်ဝေလုပ်ကိုင် နေကြရာကနေ သတင်းစာအလုပ်ကို လုပ်လာကြရပြီဖြစ်သည်။ ယင်းကဲ့သို့ သတင်းစာအလုပ်ကို လုပ်ကြရသည့်အချိန်သည် ဂျာနယ်တွေကလည်း သတင်းစာပုံစံကို ရာခိုင်နှုန်းအတော်များများ လုပ်ကိုင်နေပြီးဖြစ်သည်ကို တွေ့ကြရပေမည်။

ထိုအခါ ထွက်လာသည့် သတင်းစာတွေကိုကြည့်၍ ဂျာနယ်နှင့်တူနေသည်ဟူသော ဝေဖန်သံတွေ ကြားလာရခြင်းဖြစ်သည်။ ဂျာနယ်များမှာ သတင်းစာပုံစံနှင့် အလွန်နီးကပ်စွာထုတ်ဝေဖြန့်ချိနေသည့် လမ်းကြောင်းသည်သတင်းစာလမ်းကြောင်းဖြစ်နေခြင်းကို သုံးသပ်ကြည့်မိသည်။

နေ့စဉ်ထုတ်သတင်းစာများသည် စာဖတ်သူ လူထုအတွက် မျက်စိပွင့်၊ နားပွင့်ဖြစ်ပြီး လတ်တလော မျက်မှောက်အခြေအနေတွေကို အရေးတယူစဉ်းစားအကောင်အထည်ဖော်နိုင်ဖို့ကြိုးပမ်းလျက်ရှိနေကြသည်။ မိမိတို့သတင်းစာ၏မူ၊ လျှောက်မည့် လမ်းကြောင်း၊ ခံယူချက်များပေါ် မူတည်၍ မတူကွဲပြားသော အမြင်ယူဆချက်များ၊ တင်ဆက်မှုများဖြင့် ကိုယ်ပိုင်ဟန်ဖြင့် သွားနေကြသည်ဟု မြင်ပါသည်။

ပုဂ္ဂလိက သတင်းစာများအနေဖြင့် လုပ်ဆောင်စရာများရှိနေသေးသည်ကိုလည်း တွေ့ရနိုင်ပါသည်။ အနာဂတ်အတွက် စိတ်ကူးစိတ်သန်းကောင်းများ၊ တီထွင်ဖန်တီးမှုများရှိကြပါလိမ့်ဦးမည်။ သတင်း တင်ဆက်မှုအပေါ်၊ သတင်းစာ၏ ရပ်တည်မှုအပေါ်၊ သတင်းစာ၏ ဩဇာသက်ရောက်မှုအပေါ် မူတည်၍ ကြိုးပမ်းအကောင်အထည်ဖော်သွားကြလိမ့်ဦးမည်ဟုလည်း မျှော်လင့်ရပေသည်။ ယင်းမှာ သတင်းစာအလုပ်ကို လုပ်ကိုင်နေကြသူတွေက မိမိတို့အလုပ်အပေါ် တန်ဖိုးထားမှု၊ မိမိတို့၏ အရည်အသွေးအပေါ် အလေးထားမှု၊ ပရိသတ်အပေါ် စေတနာထားမှုများနှင့်ပတ်သက်နေသောကြောင့်ဖြစ်သည်။

သတင်းစာသည် စာဖတ်ပရိသတ်လူထု၏ အကျိုးစီးပွားဆန္ဒများကို ဘယ်လောက်အတိုင်းအတာအထိ ဖော်ဆောင်ပေးမလဲဟူသောသဘောထားကိုမျက်ကွယ်ပြု၍ရသည်မဟုတ်ပေ။ လူထု၏ဆန္ဒသဘောထားကို ထင်ဟပ်ဖော်ပြရသလိုလူထုအကျိုးအတွက် စကားဦးသန်းဖော်ဆောင် ပေးရသည့်အလုပ်ကိုလည်း လုပ်ကြရသည်။

လူထုအကျိုးအတွက်စကားဦးသန်း (ရှေ့ဆောင်တိုက်ပွဲဝင်) ဖော်ဆောင်ပေးရသည့်အလုပ်ကို လုပ်ရသောအခါ ထိုလုပ်ဆောင်ချက်သည် ချက်ချင်းလက်ငင်းအကောင်အထည်ပေါ်လာတာ၊ အကျိုးကျေးဇူးလက်ငင်းရသွားတာမျိုး ရှိကောင်းမှ ရှိပါလိမ့်မည်။ သို့သော်လည်း ယင်းကဲ့သို့သောဆောင်ရွက်မှုမျိုးကို သတင်းစာများက တာဝန်တစ်ခုလို သဘောထားလုပ်ကိုင်ကြသည်ကို တွေ့ကြရပါလိမ့်မည်။

သတင်းစာများသည်စာဖတ်ပရိသတ်အတွက် သူတို့စိတ်ဝင်စားသည့် အခမဲ့ကြော်ငြာတွေ၊ မိုးလေဝသသတင်း၊ ရုပ်မြင်သံကြားအစီအစဉ်၊ ရေဒီယိုအစီအစဉ်၊ ရုပ်ရှင်ဗီဒီယို၊ စာအုပ်သတင်း၊ ကုန်ဈေးနှုန်းသတင်းစတာတွေကိုလည်း ထည့်ကြရသည်။

**စာမျက်နှာ(၃၂)သို့**

# Business

7 DAY NEWS JOURNAL

Vol.12, No.11 • MAY 22 , 2013


## ကုန်သွယ်မှုပြပွဲများကျင်းပရန် ထိုင်း TCEB နှင့် UMFCCI သဘောတူ



*တပ်မတော်ခန်းမတွင်ပြသနေသော အီလက်ထရောနစ်ပစ္စည်းပြပွဲမြင်ကွင်း*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အိဖြူမွန်၊ ဟေမာနင်း**
**ရန်ကုန်၊ မေ-၁၉**

ထိုင်း-မြန်မာနှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းကာ ကုန်သွယ်မှုပြပွဲများ ပြည်တွင်းနှင့် နိုင်ငံတကာအဆင့်ထိပ်တန်းပြပွဲများ ပြုလုပ်ရန် ထိုင်းနိုင်ငံမှ Thailand Convention and Exhibition Bureau (TCEB) အဖွဲ့နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးမည်ဖြစ်ကြောင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ပြပွဲကော်မတီအတွင်းရေးမှူး ဦးမျိုးသန့်က ပြောသည်။

"နှစ်နိုင်ငံက လုပ်ငန်းရှင်တွေက ကိုယ့်ကုန်ပစ္စည်းတွေကို မြှင့်တင်ကြတာပါ။ သွင်းကုန်သမားတွေအတွက် အကျိုးများမယ်ထင်ပါတယ်။ ဒီလိုပြပွဲတွေမှာ ဘယ်ပစ္စည်းက ဘယ်လောက်ရှိတယ် တင်ပို့ရင် ဘယ်လို့အကျိုးမြတ်ရှိတယ်ဆိုတဲ့ သတင်းအချက်အလက်တွေရမယ်။ ပို့ကုန်သမားတွေကတော့ ကိုယ်ပစ္စည်းဈေးကွက်ထိုးဖောက်ချင်တယ်ဆိုရင် သူတို့နိုင်ငံမှာ ကျင်းပတဲ့ပွဲတွေ ပြသရမယ်" ဟု ဦးမျိုးသန့်က ပြောသည်။ ထိုင်းနိုင်ငံသည်မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများထဲတွင်ပါဝင်ပြီး ၂၀၁၂ ခုနှစ်အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည်ကန်ဒေါ်လာ ၇၂၈၇ သန်းခန့်ရှိခဲ့ပြီး ၂၀၁၁ ကထက် ၉ ဒသမ ၈၅ ရာခိုင်နှုန်း မြင့်တက်လာသည်။

## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း သတင်းထွက်ပြီးနောက် စင်ကာပူကုမ္ပဏီ ရှယ်ယာဈေးနှုန်းများ မြင့်တက်

**စင်ကာပူ၊မေ-၂၀**

စင်ကာပူနိုင်ငံရှိ WE Holdings ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံရှိဘိလပ်မြေစက်ရုံတစ်ခုတွင် ရင်းနှီးမြှုပ်နှံရန်စီစဉ်ထားကြောင်း သတင်းများ ထွက်ပေါ်လာပြီးနောက်ရှယ်ယာဈေးကွက်တွင်မူလကထက် ၁၁ ရာခိုင်နှုန်း မြင့်တက်သွားသည်။

WE Holdings ကုမ္ပဏီသည် မြန်မာနိုင်ငံရှိဦးနေဝင်းထွန်း ပိုင်ဆိုင်သော Ruby Dragon ကုမ္ပဏီ၏ လုပ်ငန်းခွဲဖြစ်သော Dragon Cement၏ ရှယ်ယာ ၂၀ ရာခိုင်နှုန်းကိုဒေါ်လာသန်း ၂၀ဖြင့်ဝယ်ယူရန်စီစဉ်ထားပြီး ဝယ်ယူမှုစာချုပ်ချုပ်ဆိုပြီးပါကနောက်ထပ်ရှယ်ယာ ၂၀ရာခိုင်နှုန်းထပ်မံဝယ်ယူရန်ရှိကြောင်း ဆိုသည်။ ကုမ္ပဏီရှယ်ယာများသည်တစ်လအတွင်း တစ်စုလျှင် စင်ကာပူဒေါ်လာ ၀ ဒသမ ၁၁၃ အထိ မြင့်တက်ခဲ့ပြီး ကုမ္ပဏီ၏ ကုန်သွယ်မှုတန်ဖိုးမှာ ငါးရက်တာကာလအတွင်း လေးဆတက်၍ ဒေါ်လာသန်း ၂၀၀ ကျော်အထိ ရှိလာသည်။

ပြီးခဲ့သည့် မတ်လကလည်း စင်ကာပူနိုင်ငံမှ Aussino Group လီမိတက်သည်မက်စ်မြန်မာကုမ္ပဏီ၏စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းပိုင်းကို ဝယ်ယူရန် စီစဉ်ခဲ့သော်လည်း စင်ကာပူစတော့အိတ်ချိန်းက မက်စ်မြန်မာသည် အမေရိကန်ပိတ်ဆို့မှုစာရင်းထဲတွင် ရှိနေသောကြောင့် လက်မခံနိုင်ကြောင်း ငြင်းပယ်ခဲ့၍ အရောင်းအဝယ်ပျက်ခဲ့ရသည်။

—Ref: Reuters

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၂၅ | ၉၃၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၃၆ | ၇၄၈ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၈၈ | ၁၂၀၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၈. ၅ | ၂၈. ၄၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၆ | ၁၃၇ | ကျပ် |

၂၀၁၃ မေ ၁၉ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၇၇၈၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၅၉၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၃. ၁၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၄၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၈၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၈၅ဒေါ်လာ | | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၇. ၃၂ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၈၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၅၃. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၅၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၂၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၂၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၀၂၇၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၃၈၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၈၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၄၈၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၃၆၁. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၄. ၀၁ |
| ငွေ | ၁ အောင်စ | ၂၂. ၀၆ |
| ကြေးနီ | ပေါင် | ၃၃၁. ၅၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၀၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ မေ ၁၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




# Business

7DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

## ဝန်ကြီးဌာနများ တည်ဆောက်ရေးတင်ဒါဆက်တိုက်ခေါ်နေ၍ ဆောက်လုပ်ရေးလုပ်ငန်းများ အခွင့်အလမ်းကောင်းဖြစ်လာ

**ပြည်သိမ်း၊ သိမ့်သိမ့်စိုး**
**ရန်ကုန်၊ မေ-၁၉**


ဝန်ကြီးဌာနများက အဆောက်အအုံတည်ဆောက်ရန်တင်ဒါခေါ်ယူမှုများကြောင့် အစိုးရစီမံကိန်းများ လုပ်ကိုင်လိုသည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက် အခွင့်လမ်းကောင်းဖြစ်လာကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

"နေပြည်တော်စီမံကိန်း(နေပြည်တော်တည်ဆောက်ရေးစီမံကိန်း)ပြီးတော့ အလုပ်တွေရပ်နေတာ။ အခုလိုတင်ဒါတွေလာတော့ အဆင်ပြေတာပေါ့" ဟု တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှ ဦးကိုကိုထွေးက မေ ၁၉ ရက်တွင် ပြောကြားသည်။

ယခုခေါ်ယူနေသည့် တင်ဒါများမှာ ပွင့်လင်းမြင်သာမှုကိုဦးစားပေးပြီး ခေါ်ယူလာသဖြင့် ရရှိသည့် လုပ်ငန်းရှင်များအတွက် အကျိုးအမြတ်မှာ ယခင်က လေလံများလုပ်ကိုင်သကဲ့သို့ များစွာကျန်ရှိရန် မလွယ်ကူကြောင်းလည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပြောကြားသည်။

"ပြိုင်ဆိုင်မှုများလာတော့ အစိုးရအတွက် ပိုအကျိုးရှိတယ်။ ကုမ္ပဏီအားလုံးဝင်ပြိုင်ခွင့်ရတော့ ကုမ္ပဏီတစ်ခုနှစ်ခုတည်း လုပ်ခွင့်ပေးသလို အစိုးရက ငွေတွေအများကြီးပေးစရာမလိုဘူးပေါ့" ဟု Three Friends ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျာဦးကိုကိုလေးက ဆိုသည်။

၂၀၁၃-၁၄ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်အစိုးရမှ ဝန်ကြီးဌာနအချို့ကို ဘတ်ဂျက်ပိုမိုချပေးခဲ့သည်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးဝန်ကြီးဌာနတို့ကို ဘတ်ဂျက်များ ပိုမိုချပေးထားသည်။ ပညာရေးဝန်ကြီးဌာန၌ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များတွင် စာသင်ခန်းမများ မွမ်းမံတည်ဆောက်ရန်၊ စာကြည့်တိုက်များ တည်ဆောက်ရန် တင်ဒါများခေါ်ယူနေသည်။ ထို့အပြင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနကလည်း အိတ်ဖွင့်တင်ဒါများကို မေလ ၃၁ ရက်မှစတင် တင်ဒါခေါ်ယူရန် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားသည်။




## ရွှေဈေးကျသဖြင့် ဈေးကွက်တွင် ဝယ်လိုအားတက်



*ဝယ်လိုအားတက်နေသော ရွှေအထည်ဈေးကွက်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**
**ရန်ကုန်၊ မေ-၁၉**

ကမ္ဘာ့ရွှေဈေးနှုန်းများ အကျဘက်တွင်ရှိနေသဖြင့် ပြည်တွင်းရွှေဈေးနှုန်းများလည်း ဆက်လက်ကျဆင်းနိုင်ကြောင်း ရွှေလုပ်ငန်းရှင်များက ခန့်မှန်းပြောကြားသည်။

ပြည်တွင်းရွှေဈေးနှုန်းများသည် ကမ္ဘာ့ရွှေဈေးနှုန်းကျဆင်းမှုနှင့်အတူဈေးနှုန်းများ ကျဆင်းလာရာကျပ်ခုနစ်သိန်းအောက်သို့ ရောက်ရှိနေပြီဖြစ်သည်။ ကမ္ဘာ့ရွှေဈေးနှုန်းများသည် တစ်အောင်စလျှင် ၁,၄၆၀ဒေါ်လာဝန်းကျင်မှ ၁၃၆၀ဒေါ်လာအထိ ကျဆင်းလာ၍ ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း ကျပ် ၇၁၀,၀၀၀ကျော်မှ ၆၉၆,၀၀၀ကျပ်ထိဈေးနှုန်းများ ကျဆင်းနေသည်။

"ကမ္ဘာ့ဈေးက တောက်လျှောက်လို ဒီရက်ပိုင်းမှာ ကျနေတော့ပြည်တွင်းဈေးလည်းကျလာတယ်။ ဒါတောင် ဒေါ်လာဈေးမာနေလို့။ ဒေါ်လာဈေးပါပြန်ကျလာရင် ဈေးကဒီ့ထက်ကျနိုင်တယ်" ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

ရွှေဈေးနှုန်းများကျဆင်းနေသဖြင့် ရွှေဈေးကွက်ဝယ်လိုအားများမှာလည်း ယခင်ရက်များထက် သိသာစွာ မြင့်တက်လာနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

"ဈေးကျနေတော့ ဝယ်လိုအားတွေပိုတက်လာတယ်။ အပိုင်းရော၊ အထည်ဘက်မှာ ရောပါဈေးတွေက ကျလာတယ်။ ပြည်တွင်းဈေးက ကမ္ဘာ့ဈေးကျတာနဲ့ စာရင် ဒေါ်လာဈေးက ကောင်းနေတော့ ကျသင့်သလောက် မကျသေးဘူး" ဟုအောင်သမာဓိရွှေဆိုင်မှ ကိုဝင်းငယ်ကပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းများမှာ ပြည်ပပေါက်ဈေးထက်စာလျှင် ကျပ် ၁၅၀၀၀ ခန့်ထိဈေးမြင့်နေသေးကြောင်း သိရသည်။

ဈေးကျနေပြီဖြစ်သော်လည်း အပိုင်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သူ မရှိသေးဘဲ ဈေးကွက်စောင့်ကြည့်သော အနေအထားတွင်ရှိနေကြောင်း အပိုင်းဈေးကွက်အရောင်းအဝယ်ပြုလုပ်သူတစ်ဦးကပြောသည်။

7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

## Leader's Profile

# ရှဲလ်ရေနံကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ပီတာဗိုဆာ



ရဲမင်း

မစ္စတာ ပီတာဗိုဆာသည် ကမ္ဘာတစ်ဝန်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်သော Dutch Royal Shell Inc ၏ အမှုဆောင်အရာရှိချုပ်ဖြစ်ပြီး ၂၀၀၉ ခုနှစ် ဇူလိုင်လမှစ၍ ယင်းရာထူးကို စတင်လက်ခံခဲ့သည်။

ဗိုဆာကို ၁၉၅၈ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ၌ မွေးဖွားခဲ့သည်။ ၁၉၇၉ မှ ၁၉၈၂ အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်မြို့၊ လက်တွေ့အသုံးချသိပ္ပံပညာတက္ကသိုလ်၌ တက်ရောက်ခဲ့ပြီး စီးပွားရေးစီမံခန့်ခွဲမှု (BA)ဘွဲ့ ရရှိခဲ့သည်။

မစ္စတာဗိုဆာသည် ကျောင်းပြီးသော ၁၉၈၂ ခုနှစ်မှာပင် ရှဲလ်ရေနံကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ၎င်းအား ဥရောပနှင့် တောင်အာဖရိကကုမ္ပဏီခွဲများသို့ ပို့လွှတ်၍ ရာထူးအမျိုးမျိုးတွင် တာဝန်ထမ်းဆောင်စေခဲ့ပြီး အဆင့်မြင့်ရာထူးများ ရရှိလာခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ရှဲလ်၏ ကမ္ဘာလုံးဆိုင်ရာ ရေနံထုတ်ကုန်စီးပွားရေးဌာနတွင် ဘဏ္ဍာရေးအရာရှိချုပ် (CFO)အဖြစ် ခန့်အပ်ခံရသော်လည်းပြိုင်ဘက် အမှုဆောင်အရာရှိ တစ်ဦးအား ရှဲလ်က ကုမ္ပဏီတစ်ခုလုံး၏ ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် ခန့်အပ်လိုက်သောအခါ မစ္စတာဗိုဆာသည် ရှဲလ်မှ နုတ်ထွက်၍ Asea Brown Boveri (ABB) ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

သို့သော် ၎င်း၏ ပြိုင်ဘက်အမှုဆောင်အရာရှိ ရှဲလ်မှ နုတ်ထွက်သွားသောအခါ မစ္စတာဗိုဆာသည် ရှဲလ်ကုမ္ပဏီသို့ ပြန်လာခဲ့ပြီး ၂၀၀၄ ခုနှစ်မှစ၍ ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် တာဝန်ယူခဲ့ကာ ၂၀၀၉ ခုနှစ်ဇူလိုင်လတွင် အမှုဆောင်အရာရှိချုပ် (CEO)အဖြစ် ခန့်အပ်ခံရသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဈေးကွက်တင်ခြင်း၊ ရေနံဓာတုပစ္စည်းများ ထုတ်လုပ်ခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်းများ အစရှိသော ရေနံနှင့်ဆက်စပ်သောလုပ်ငန်းမှန်သမျှ လုပ်ကိုင်သော ရှဲလ်ကုမ္ပဏီကြီး၏ အမှုဆောင်အရာရှိချုပ်ဖြစ်လာချိန်မှာပင် ခြောက်နှစ်ဆက်တိုက် ထုတ်လုပ်မှုကျဆင်းခြင်းကို ရပ်တန့်ရန် မစ္စတာဗိုဆာက ပြုပြင်ပြောင်းလဲမှုများ စတင်လုပ်ဆောင်ခဲ့သည်။ ကော်ပိုရေးရှင်းအတွင်းမှာပင် ရှိနေသော အပိုင်စားနယ်ပယ်များကို ဖြိုခွင်းရန် ပြင်ဆင်ဖွဲ့စည်းမှုများ စတင်ခဲ့သည်။ ဌာနအများအပြားကို ပေါင်းစည်းခဲ့ပြီး အလုပ်နေရာ ၅၀၀၀ လျှော့ချဖြတ်တောက်ခဲ့သည်။ Shell အတွက် အဓိကမကျသော စီးပွားရေးလုပ်ငန်းများ ရောင်းချခဲ့သည်။

ကမ္ဘာတစ်ဝန်း စွန့်စားမှုများကို လောင်းကြေးထပ်၍ ရေနံရှာဖွေမှု လုပ်ကွက်သစ်များ ထပ်မံရှာဖွေခဲ့သလို မစ္စတာဗိုဆာ၏ ဦးဆောင်မှုအောက်တွင်ရှဲလ်ကုမ္ပဏီသည် ရုရှားနိုင်ငံမှ Gazprom ရေနံကုမ္ပဏီ၊ တရုတ်နိုင်ငံမှ CNPC ကုမ္ပဏီတို့နှင့်လည်း တွဲဖက်လုပ်ဆောင်ခဲ့သည်။ ရှဲလ်ကုမ္ပဏီသည် ၂၀၁၁ ခုနှစ်တွင် တစ်နေ့ လျှင် ရေနံစည်ပေါင်း ၃,၀၄၆,၀၀၀ ထုတ်လုပ်နေရာမှ ၂၀၁၄ ခုနှစ်တွင် ၃,၇၀၀,၀၀၀ ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း ပြောကြားသည်။

မစ္စတာဗိုဆာသည် ဇနီးသည် ဒယ်နီယယ်လာနှင့် သားသမီးသုံးဦးထွန်းကားထားသည်။

*—Ref: Wikipedia*

သက်ဆိုင်ရာပညာရှင်ကြီးများနှင့် သမားတော်ကြီးများမှ ကြီးကြပ်ကုသပေးနေပါသည်။

အရေပြားရောဂါသည်များအတွက် မင်္ဂလာသတင်း

အစာအိမ်အူလမ်းကြောင်း ကင်ဆာဖြစ်သွားခြင်း ကာကွယ်ပါ။



ပိတ်ရက်မရှိ။

ဆေးခန်းဖွင့်ချိန်
နံနက် (၈) နာရီမှ
ည (၈)နာရီထိ

အထက်ပါဝေဒနာများကို Alternative Medicine ဖြင့်
ဝေဒနာရှင်များ၏ ဆန္ဒအတိုင်း ထိရောက်စွာ ကုသပေးနေပါသည်။

ခေတ်မှီ ဆေးကုခန်း

အမှတ် (၈)၊ စဉ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၁၁၈၀၀၀

နယူးဟောင်ကောင်ဆေးကုခန်း

နှာခေါင်းရောင်နာ၊ လည်ချောင်းရောင်နာကို
တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း

နာတာရှည် နှာခေါင်း၊ လည်ချောင်းရောင်နာ၏ အဓိက လက္ခဏာရပ်မှာ နှာပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ နှာခေါင်းယားယံခြောက်သွေ့ခြင်း၊ နှာခေါင်းသွေးထွက်ခြင်း၊ အနံ့မရခြင်း၊ လည်ချောင်း နာကျင်ယားယံခြင်းနှင့် ခိုးလိုခုလု ဖြစ်နေခြင်းတို့မှာ ကင်ဆာ ရောဂါသို့ အလွယ် တကူပြောင်းလဲသွားနိုင်သည်။

နယူးဟောင်ကောင်ဆေးကုခန်းမှ နှာခေါင်း အလာဂျီ၊ နှာတွင်းလိုဏ်ခေါင်း ရောင်ရမ်းခြင်း၊ နှာခေါင်းထွက်သက် အသားပို၊ နာတာရှည်လည်ချောင်းနာ ချောင်းဆိုးခြင်း၊ အာသီး ရောင်ခြင်းစသော ကုသရန် ခက်ခဲသော ရောဂါများကို ကွန်ပျူတာစက်ကြီးများ (သို့မဟုတ်) နှာခေါင်းအတွင်းသို့ ပြောင်းစင်ဆေးကြော ကုသသည့်နည်းကို အသုံးပြု၍ကုသပေးနေပါသည်။ ဆေးဝါးအကျိုးသက်ရောက် မှုမှာ ရောဂါအစိတ်အပိုင်းကို တိုက်ရိုက် ထိရောက်မှုရှိသည်။ အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး အမြန်ဆုံး ပျောက်ကင်းစေပါသည်။ ခုခံအား တိုးတက်စေပြီး ရောဂါထပ် မဖြစ်ပါ။ တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ် ကုသ ပေးပါသည်။ ရောဂါကာလ မည်မျှကြာသည် ဖြစ်စေ ကုထုံး (၁-၂)ကြိမ်အတွင်း အမြစ်ပြတ် ပျောက်ကင်းစေပါသည်။



ပိတ်ရက်မရှိ

ဆေးခန်းဖွင့်ချိန် – နံနက် ၈ နာရီမှ ည ၈ နာရီထိ


အမှတ် (၂၄၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ – ၈၆၁၀၅၁၀

7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# 7DAY BOOK REVIEW

## ဇဝန၏ ဇဝန

(ဇဝန)




မြန်မာသတင်းစာလောကတွင် ပင်တိုင်ဆောင်းပါးအရေးနိုင်ဆုံး ပုဂ္ဂိုလ်အဖြစ် ရွေးချယ်ရလျှင် ကွယ်လွန်သူစာရေးဆရာ၊သတင်းစာဆရာကြီး ဇဝနကို ရွေးရမည်ဖြစ်သည်။ ဆရာဇဝနသည် အသက်ရှင်နေထိုင်သွားစဉ်ကာလအတွင်း သတင်းစာဆောင်းပါးပုဒ်ရေစုစုပေါင်းခြောက်ထောင်ကျော် ရေးသားခဲ့သည့် သတင်းစာဆရာကြီးဖြစ်သည်။ နေ့စဉ်နှင့်အမျှ အကြောင်းအရာမထပ်လေအောင် ရေးနိုင်စွမ်းရှိသူဖြစ်ပြီး မြန်မာသတင်းစာလောကတွင် နေတစ်ဆူ၊ လတစ်စင်းသဖွယ် ထွန်းလင်းခဲ့သော သူရိယသတင်းစာကြီးမှသည် မြန်မာ့အလင်း၊ ဂျာနယ်ကျော်၊ ဇဝန၊ ဗမာ့ခေတ်၊ အိုးဝေမှ ကြေးမုံခေတ်ထိတိုင် နှစ်ပေါင်းငါးဆယ်မျှကြာအောင် ပင်တိုင်ရေးခဲ့၍လည်း ဤမျှရေးသားနိုင်ခဲ့ခြင်းဖြစ်သည်။

ဆရာဇဝနသည် နေ့စဉ်ထုတ်သတင်းစာများ၌ "အပါပုံပြောမယ်၊ ဦးလေးပြောမယ်၊ ပြောစမ်းပါရစေ၊ မြို့လုံးပတ်လည်စသည်ဖြင့် ကဏ္ဍများဖွင့်ကာ ရေးခဲ့ပြီး ပုဂ္ဂလိကနှင့်ပြည်သူပိုင်ကြေးမုံသတင်းစာခေတ်အဆက်ဆက်၌ ပင်ဆိုင်ဆောင်းပါးရှင်ဖြစ်ခဲ့သည်။ ထိုသို့သတင်းစာဆရာတစ်ဦးအဖြစ် ရပ်တည်ရုံမက တစ်ဖက်တွင်လည်း အနုစာပေဖြစ်သော ကဗျာလင်္ကာများစပ်ဆိုခြင်း၊ ဝတ္ထုတိုရှည်များရေးသားခြင်းဖြင့် စာရေးဆရာအဖြစ် အလွန်ထင်ရှားခဲ့သူဖြစ်သည်။ ကောလိပ်ကျောင်းသား၊ ကောလိပ်ကြမ်းပိုး၊ ဆိုးပေ ဝတ္ထုများမှာ အကြိမ်ကြိမ်အဖန်ဖန် ရိုက်နှိပ်နေရဆဲဖြစ်သည်။ ထိုသို့သော ဖားတစ်ပိုင်းငါးတစ်ပိုင်း ၎င်း၏ ဘဝဇာတ်ကြောင်းကို "ဇဝန၏ ဇဝန" အဖြစ် အတ္ထုပ္ပတ္တိရေးခဲ့ရာ မွေးဖွားသည်မှ လွတ်လပ်ရေးရရှိချိန်ကာလအထိ ပထမအပိုင်းကို ရေးသားထုတ်ဝေနိုင်ခဲ့ပြီး ဖဆပလခေတ်မှ လမ်းစဉ်ပါတီခေတ်ထိတိုင် ကာလကိုမူကား အကြောင်းကြောင်းကြောင့် ထုတ်ဝေနိုင်ခြင်း မရှိခဲ့ပေ။

ထို့နောက် ခေတ်ကာလများ ပြောင်းလဲလာပြီး ယနေ့အချိန်တွင် တစ်ကြိမ်တစ်ခါမျှ မထွက်ဖူးသော ဒုတိယပိုင်းပါ ထပ်မံဖြည့်စွက်၍ စိတ်ကူးချိုချို စာအုပ်တိုက်က ထုတ်ဝေလိုက်ပါသည်။ ဆရာဇဝန၏ ဘဝသည် လွန်စွာစိတ်ဝင်စားဖွယ်ကောင်းလှသည်။ ပြည်မြို့သားဇာတိဖွားဖြစ်၍ ၎င်း၏စာများသည် တစ်မူထူးခြား၍နေ၏။ အထက်အညာလိုလည်း စကားပြောဖြင့်မရေး၊ အောက်အကြေလိုလည်း စကားပြေချည်းသက်သက်မရေး၊ စကားပြောနှင့် စကားပြေကို ဝါကျတစ်ခုတည်း၌ သင့်ရာသင့်ရာရောသုံးသွားနိုင်သူဖြစ်သည်။ ထို့ကြောင့် ယခု အတ္ထုပ္ပတ္တိသည် ဝတ္ထုဆန်၍နေပါသည်။ ထို့အပြင်အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို နှိုင်းယှဉ်သုံးသပ်၍ တစ်ကြိမ်မက အဖန်ဖန်ပြန်လည် မိုက်မှားမိသောဖြစ်ရပ်တို့ကို မခြွင်းမချန်မကျန်ရစ်အောင် ကွက်ကွက်ကွင်းကွင်း ရေးထားသည်။ သူရာရည်ယစ်မူးခြင်း၊ ကာမဂုဏ်ပျော်ပါးခြင်းတို့သည် အတ္ထုပ္ပတ္တိရေးသားသူတိုင်း ရေးဝံ့သောအကြောင်းအရာမျိုးမဟုတ်၊ ဤသည်ကို ဆရာဇဝနက ရေးသားခဲ့သည်။ ဇဝန၏ဇဝနသည် အခြားသောစာရေးဆရာကြီးများ ရေးခဲ့သည့် ပီမိုးနင်း၏ ပီမိုးနင်း၊ တက်တိုး၏ တက်တိုး၊ ဒဂုန်တာရာ၏ ဒဂုန်တာရာတို့လို အတ္ထုပ္ပတ္တိစာပေ၌ တခမ်းတနားဝင့်ထည်စွာ ပေါ်ထွန်းနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ့နိုင်ငံရေးအဖြစ်သနစ်ပေါင်းစုံ၊ သတင်းစာလောကအတွေ့အကြုံအစုံ၊ စာပေလောကဇာတ်လမ်းပေါင်းစုံ၊ ခရီးသွားဆောင်းပါးအတွေ့အကြုံများကို တစ်ထိုင်တည်းဖတ်လိုပါက ဇဝန၏ဇဝနသည်လက်ကမချနိုင်သော စာအုပ်ဖြစ်ပါသည်။ အထူးသဖြင့် ပုဂ္ဂလိက နေ့စဉ်ထုတ်သတင်းစာများတစ်ခေတ်ဆန်းသစ်လာချိန်တွင် သတင်းစာသမားတိုင်း မလွဲမသေမုချဖတ်အပ်၊ သင်ခန်းစာယူအပ်သော စာအုပ်ဖြစ်ပါသည်။ စာအုပ်ကို တန်ဖိုး ၅,၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

# Knowledge ဗဟုသုတ


## ကိန်းစ်ရုပ်ရှင်ပွဲတော် ဘယ်အချိန်က စတင်ကျင်းပခဲ့သလဲ

ပြင်သစ်နိုင်ငံ၊ ကိန်းစ်မြို့တွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် ကိန်းရုပ်ရှင်ပွဲတော်ကို အစဉ်အလာကြီးမားပြီး ဂုဏ်သိက္ခာရှိသည့်ပွဲတော်တစ်ရပ်အဖြစ် အသိအမှတ်ပြုကြရသည်။ ပွဲတော်တွင်ပြသသော ဇာတ်ကားအားလုံးမှာပွဲတော်စီစဉ်သူများ၏ ဖိတ်ကြားချက်အရပြသသော ကားများဖြစ်ပြီး နှစ်စဉ်မေလ၌ ကျင်းပလေ့ရှိသည်။ ဤပွဲတော်ကို ၁၉၃၀ နှစ်များအတွင်း ပြင်သစ်ပညာရေးဝန်ကြီး ယန်းဇေက ပြင်သစ်ဒါရိုက်တာ ဖိလစ်အာရ်လန်ဂါနှင့် အမေရိကန်၊ ဗြိတိသျှဒါရိုက်တာများ၏ အကြံပြုချက်ကို အခြေခံကာ နိုင်ငံတကာရုပ်ရှင်ကားများ ပြသသည့် ပွဲတော် အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ပွဲတော်ကို ၁၉၄၇ တွင် Festival du film de Cannes အမည်ဖြင့် စတင်ကျင်းပခဲ့ပြီး ၁၆ နိုင်ငံပါဝင်ခဲ့သည်။ ပွဲတော်ဒိုင်လူကြီးများအဖြစ် တစ်နိုင်ငံလျှင်တစ်ဦး အညီအမျှပါဝင်သည်။ ၁၉၅၅ တွင် "ပွဲတော်အထူးဆု" Grand Prix du Festival ကို လက်ရှိ လူသိများနေသော ပွဲတော်၏ အကောင်းဆုံးဇာတ်ကားဆုဟုလည်း ခေါ်သည့် Golden Palm ဆုဖြင့် အစားထိုးချီးမြှင့်ခဲ့သည်။

# တစ်ပတ်တာကံကြမ္မာ


မေ ၂၂ ရက် မှ မေ ၂၈ ရက် အထိ

စံအာကာဘို




### ARIES မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

ရပ်တန့်ထားသော ကိစ္စများ ပြန်လည်ဆောင်ရွက်နိုင်မည်။ ပြတ်တောက်နေသော အဆက်အသွယ်ဟောင်း၊ မိတ်ဟောင်းများနှင့် ပြန်လည် ဆက်သွယ်ပြီး လုပ်ငန်းများ ဆောင်ရွက်နိုင်မည်။ မရောက်ဖူးသော အရပ်ဒေသများသို့ သွားခြင်း၊ ရောက်ခြင်းကြုံမည်။ လက်လွှတ်ထားသော ငွေကြေးများ လက်ဝယ်ပြန်လည်ရကိန်းရှိသည်။ သူတစ်ပါးနှင့် မတူညီသော လမ်းကြောင်းမှ ဆောင်ရွက်လိုက်သော ကိစ္စများမှ တိုးတက်မည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

ပစ္စည်းပျောက်မည်။ ခါးပိုက်နှိုက်ခံရတတ်သည်။ အခိုးခံရတတ်သည်။ ငွေကြေးလက်လွှန်လွယ်သည်။ လှည့်စားခံရတတ်သည်။ လူလိမ်လူကောက်များနှင့် ကြုံရတတ်သည်။ မူလစီစဉ်ထားသော ကိစ္စများ လက်တွေ့ဆောင်ရွက်ရန် ခက်ခဲမည်။ နေရာအပြောင်းအလဲ ရှိမည်။ မိသားစု၊ ဆွေမျိုး၊ အကြီးအကဲများ၏ ကျန်းမာရေးအတွက် စိတ်ပူရမည်။ တစ်ပါးသူ အိမ်တွင်းရေး၊ လူမှုရေး ပြဿနာများ မိမိလိုက်လံ၍ ဖြေရှင်းရကိန်းရှိသည်။




### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

စိတ်ချမ်းမြေ့စရာများ ဆက်တိုက်ကြုံရမည်။ မိတ်ကောင်း ဆွေကောင်းများနှင့် ကြုံတွေ့ရမည်။ ပြည်ပနိုင်ငံခြားနှင့် ပတ်သက်သော ကံကောင်းမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းများ ကြုံမည်။ အဖိုးတန်သော ပစ္စည်းများရရှိမည်။ ထူးခြားသော လက်ဆောင်ကောင်းများ ရရှိမည်။ စုပေါင်းလုပ်ကိုင်မှုများ အောင်မြင်မည်။ ရပ်တန့်ထားသော လုပ်ငန်းများ ပြန်လည်စတင်လုပ်ကိုင်ရန် အနေအထားရှိသည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

မကူညီသင့်သူကို ကူညီမိခြင်း၊ အားမနာသင့်သူအပေါ် အားနာမှု လွန်ကဲခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရမည်။ လူမှုရေးကိစ္စများကို အခြေခံ၍ စိတ်အနှောင့်အယှက် ဖြစ်ရတတ်သည်။ သံယောဇဉ် မထားသင့်သူအပေါ် မေတ္တာသက်ဝင်မိတတ်သည်။ ကျန်းမာရေးကို အလေးအနက် သတိထားရပေမည်။ ရုတ်ချည်းကျန်းမာရေးကျဆင်းနိုင်သည်။ မတော်တဆ ထိခိုက်မှုအန္တရာယ်များကို အထူးသတိထားသင့်သည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

သူတစ်ပါးအတွက် အချိန်ကုန် ငွေကုန်ခံပြီးဆောင်ရွက်ရသော ကာလဖြစ်သည်။ စုပေါင်းလုပ်ငန်းများ လုပ် ကိုင်ရန်ကြုံမည်။ မိတ်ကောင်း၊ ဆွေကောင်းများထံမှ အကူအညီကောင်းများ ရရှိမည်။ တစ်ပါးသူနှင့် ပူးပေါင်းလုပ်ကိုင်မှုများမှ ထူးခြားသော တိုးတက်မှုများ ကြုံတွေ့ရမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းများ ကြုံတွေ့ရမည်။ ကျန်းမာရေး ဂရုစိုက်ရမည်။




### VIRGO ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

ဘဝတိုးတက်မှုများ ကြုံမည်။ စိတ်ချမ်းမြေ့စရာများ ရှိမည်။ မိသားစုအတွင်း အလုပ်အကိုင် စီးပွားတက်လမ်းပွင့်မည်။ လမ်းသစ်ထွင်ပြီး လုပ်ကိုင်သော ကိစ္စများမှ ထူးခြားသော တိုးတက်မှုများ ဖြစ်ပေါ်မည်။ ဘဝအခြေအနေတိုးတက်မှုများ ဆက်တိုက်ရရှိမည်။ မျက်နှာပွင့်မည်။ လူချစ် လူခင်ပေါ်များသည်။ မေတ္တာရေး အလွန်စန်းပွင့်မည်။ အလုပ်စီးပွား အောင်မြင်တိုးတက်မှုများ ကြုံတွေ့ရမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

အရာရာ သတိနှင့်ဆောင်ရွက်ရမည်။ ပြဿနာများ ဖြေရှင်းရမည်။ သူတစ်ပါးကြောင့် အကြံအစည်များ၊ အလုပ်ကိစ္စများ နှောင့်နှေးပျက်ယွင်းရကိန်း ကြုံမည်။ ကျန်းမာရေး အညံ့ရှိတတ်သည်။ မတော်တဆ ထိခိုက်မှု အန္တရာယ်သတိရှိရမည်။ ခိုက်ရန်ဖြစ်ပွားမှုများ ရှောင်ပါ။ ရန်အန္တရာယ်များသည်။ ဤရက်အတွင်း စတင်ဆောင်ရွက်လိုက်သော ကိစ္စမှန်သမျှသည် အခက်အခဲရှိမည်။




### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

အထူးကောင်းသော ကာလဖြစ်သည်။ အလိုဆန္ဒများ ပြည့်စုံမည်။ ပေါ်ပေါက်နေသော အခြေအနေသစ်များနှင့် လျော်ညီစွာဆောင်ရွက်၍ တိုးတက်မှု အဆင့်ဆင့်ရရှိမည်။ ငွေကြေးကိစ္စစကားပြောဆိုမှုများ အောင်မြင်မည်။ ဥစ္စာတိုးပွားမည်။ အလုပ်အကြံအစည်များ ထွန်းထွန်းပေါက်ပေါက် လုပ်ဆောင်နိုင်မည်။ မိတ်ကောင်း၊ ဆွေကောင်းများထံမှ အထောက်အကူကောင်းရမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

အလိုရှိရာ ပြည့်စုံမည်။ အခက်အခဲများကို ကျော်လွှားနိုင်မည်။ ရန်နှင့်ယှဉ်ပြီး တိုးတက်မှုကို ရှာဖွေရမည်။ ကိုယ်ရေးကိုယ်တာကိစ္စများကို ဦးစားပေး၍ မရသေး။ အလုပ်အကြံအစည်တစ်ခု မပြီးမီနောက်တစ်ခုကို ကိုင်တွယ်လုပ်ကိုင်ရသော အနေအထားရှိပေမည်။ မိဘ၊ အကြီးအကဲ ကျန်းမာရေးအတွက် စိတ်ရှုပ်ရမည်။ မိသားစုနှင့်ပတ်သက်သော ကိစ္စများ တာဝန်ယူရခြင်း ရှိမည်။




### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

အခွင့်ကောင်းများ ရရှိမည်။ ထူးခြားသော တိုးတက်မှုကို ရရှိမည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းမည်။ ဥစ္စာတိုးပွားမှုများ မိသားစုတွင်ကြုံမည်။ လုပ်ငန်းလုပ်ကိုင်သူများတွင် အလုပ်အဆင့် တိုးတက်မှုရရှိမည်။ ငွေကြေးကိစ္စအတွက် ပြောဆိုမှုများ အောင်မြင်မည်။ စုပေါင်းလုပ်ငန်း အကျိုးပေးမည်။ အခက်အခဲမည်မျှကြုံစေအားလုံးကို ကျော်လွှားနိုင်မည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

စိတ်ချမ်းသာခြင်း၊ အလိုပြည့်စုံခြင်း၊ ဘဝတိုးတက်ခြင်းများ ဖြစ်ပေါ်မည်။ ငွေကြေးကံကောင်းမည်။ ရင်းနှီးမြှုပ်နှံမှုပြုသည့် ကိစ္စမှန်သမျှ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်သင့်သည်။ စွန့်စားရန် ဝန်မလေးသင့်။ ခက်ခက်ခဲခဲ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အလုပ်များကိုမှ အဓိကထား၍ ဆောင်ရွက်သင့်သည်။ လုပ်ငန်းမရှိသူ မုချလုပ်ငန်းရမည်။ ငွေအစုလိုက်ဝင်မည်။ လာဘ်ပွင့်မည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

အညံ့ကင်းစင်၍ အရာရာ အဆင်ပြေခြင်းကြုံမည်။ ကိုယ်ရေးကိုယ်တာ ကိစ္စထက် တစ်ပါးသူအရေးများကို လိုက်လံဦးစားပေးဆောင်ရွက်နေရမည်။ မနာလိုရန်ပြု၊ ဘေးခြေထိုးချောက်တွန်း ဒုက္ခပေးနေသောသူများ၏ အန္တရာယ်မှကင်းဝေးလွတ်မြောက်မည်။ မိသားစုတွင် မကြာခဏ စကားများရခြင်းများ ကင်းဝေးသွားမည်။ သတင်းကောင်းများ လက်ခံကြားသိရမည်။

Environment
7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# “တစ်ချိန်တုန်းကတော့ ဟုတ်ပါတယ်။ တိုင်းပြည်ရဲ့ ဝင်ငွေဟာ သယံဇာတအပေါ်မှာ မှီခိုနေရတယ်ဆိုတာ မှန်ပါတယ်။ အခုတော့ မလိုပါဘူး”

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် တွေ့ဆုံခြင်း

အိဖြူမွန်

**ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော သစ်ခိုးထုတ်မှုများ၊ သစ်တောပြုန်းတီးမှုတို့နှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းနှင့် မေ ၁၁ရက်တွင် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**အခုဆိုရင် ကချင်ပြည်နယ်မှာတိုက်ပွဲတွေဖြစ်ခဲ့တာ ၂ နှစ်ပြည့်ပါတော့မယ်။ စစ်ပွဲတွေနဲ့နယ်မြေမငြိမ်းချမ်းတာကိုအကြောင်းပြပြီး သစ်ခိုးထုတ်နေမှုတွေကြောင့် ကချင်နဲ့ရှမ်းပြည်နယ်ကနေတရုတ်နိုင်ငံကို ပို့နေတဲ့တန်ချိန်ဟာ တစ်နှစ်ကိုတန် တစ်သိန်းကျော်တယ်လို့ စောင့်ကြည့်တဲ့ အဖွဲ့အစည်းတွေက ပြောနေပါတယ်။ မူးယစ်ဆေးဝါးနဲ့ မျှားခေါ်ပြီး သစ်ထုတ်ခိုင်းတဲ့သက်သေတွေလည်းအများကြီးရှိပါတယ်။ မေးချင်တာက ဝန်ကြီးတို့အနေနဲ့ ဒီလိုတွေရှိတယ်ဆိုတာရော သိပါသလား။ အရေးယူဆောင်ရွက်မှု မရှိဘူးလားရှင်။**

သိတာကာလ အတော်ကြာပါပြီ။ ဒီနယ်စပ်တွေမှာ တရားမဝင်သစ်ခိုးထုတ်မှုတွေ နှစ်စဉ်နှစ်စဉ်ဖြစ်နေတယ်ဆိုတာ အများကြီး သိပါတယ်။ သိတဲ့အလျောက်လည်း ဝန်ကြီးဌာနအနေနဲ့ တတ်နိုင်သလောက် ထိန်းသိမ်းကာကွယ်ခြင်းတွေ လုပ်နေပါတယ်။ ဥပမာ-ပြောရရင် တရုတ်သံအမတ်ကြီး(အရင်သံအမတ်)နဲ့တွေ့တုန်းက နယ်စပ်တွေမှာ ဒီလိုတွေဖြစ်နေတယ်။ မြန်မာနိုင်ငံတော်ဘက်က အများကြီးနစ်နာတယ်။ ငွေရေးကြေးရေးနဲ့ တွက်ရင်လည်း နစ်နာသလို ငွေရေးကြေးရေးနဲ့ ရေတွက်လို့ မရတဲ့ အင်မတန် တန်ဖိုးကြီးတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို ပျက်စီးစေတယ်။ ပျက်သုဉ်းစေတယ်။ ဒါလေးတွေကိုတော့ တရုတ်နိုင်ငံကလည်း ပြောပေးပါဆိုပြီး ပြောခဲ့ပါတယ်။ အရင်အစိုးရလက်ထက် ဝန်ကြီးမဖြစ်မီ ဒီဦးဆောင်ညွှန်ကြားရေးမှူးဘဝက အရင်ဝန်ကြီးနဲ့ တရုတ်နိုင်ငံခရီးစဉ်အဖြစ်တရုတ်နိုင်ငံကို ရောက်ခဲ့ပါတယ်။ အဲဒီတုန်းကလည်း ဒါလေးတွေကိုတားဆီးပေးဖို့ပြောခဲ့ပါတယ်။ တစ်ဆက်တည်းမှာလည်း ယူနန်ပြည်နယ်အစိုးရနဲ့တွေ့တုန်းကလည်း တားမြစ်ပေးဖို့ နှစ်ကြိမ် အရေးဆိုခဲ့ဖူးပါတယ်။

**သစ်အလုံးလိုက် တင်ပို့မှုကို ၂၀၁၄ ခုနှစ်ကျမှ ရပ်မယ်ဆိုပေမယ့် ဒီလိုသစ်ခိုးထုတ်လုပ်မှုတွေကြောင့် သစ်တောတွေ ကုန်သလောက်ရှိပြီလို့ ပြောနေကြပါတယ်။ အဲဒီအတွက်ရော ဝန်ကြီးမှာ အဖြေရှိပါသလား။**

ဒီလို မပြောကြဘဲနဲ့ သေချာစာရင်းဇယားနဲ့ ပြောကြရင် ပိုကောင်းပါတယ်။ မြန်မာနိုင်ငံမှာ သစ်တောဖုံးလွှမ်းမှုနဲ့ သစ်တောကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောဖွဲ့စည်းမှုသဲကွဲဖို့လိုတာပေ့ါ။ အချို့က မကွဲဘူးဖြစ်နေတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှု ၄၆ ဒသမ ၉ ရာခိုင်နှုန်းရှိတယ်။ ၂၀၁၀ ပြည့်နှစ်က ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့က ထုတ်ပြန်ကြေညာထားတဲ့ ထုတ်ပြန်ချက်ပါ။ ဒါကလည်း ဒီအတိုင်းထုတ်ပြန်ထားတာမဟုတ်ဘူး။ သေချာကောင်းကင်ဓာတ်ပုံတွေ ကြည့်ပြီးထုတ်ပြန်ထားတာပါ။ အဝေးစူးစမ်းခြင်းတွေ သုံးပြီး မြန်မာနိုင်ငံရဲ့ သစ်တောသယံဇာတကိုတွက်ချက်ထားတာပေ့ါ။ ဒါပေမဲ့ ကာလတိုတစ်ခုအတွင်းမှာတော့ ပြုန်းတီးမှုကမြန်တယ်။

ဆယ်နှစ်အတွင်းလောက်မှာပဲဖြစ်ဖြစ် လျင်မြန်သော နှုန်းနဲ့သူကပြုန်းတီးလာတာ မှန်တယ်။ ပြုန်းတီးတာလည်း အမျိုးမျိုးရှိတာပေ့ါ။ တရားဝင်နှစ်စဉ်နှစ်စဉ်တွက်ချက်ပြီး သစ်ခုတ်တာလည်း ရှိသလို တရားမဝင် သစ်ခိုးခုတ်မှုတွေလည်းရှိတယ်။ အခုလိုမျိုး နယ်စပ်မှာ အတိုင်းအဆမရှိ သစ်ခိုးခုတ်တာတွေလည်းရှိတော့မြန်မာနိုင်ငံရဲ့ဆယ်စုနှစ်အတွင်း သစ်ပြုန်းတီးမှုတွေမြန်တယ်ဆိုတာမှန်ပါတယ်။ ဒါပေမဲ့မြန်မာနိုင်ငံရဲ့သစ်တောဖုံးလွှမ်းမှုက ၄၆ ဒသမ ၉ ရာခိုင်နှုန်း ကျန်ပါသေးတယ်။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအဖြစ် ဥပဒေအရကာကွယ်ထားတာ ၂၄ ဒသမ၆ ရာခိုင်နှုန်း ရှိပါတယ်။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောက အဲဒီလောက်၊ သစ်တောဖုံးလွှမ်း မှုက ဒီလောက် မဟုတ်ဘူး။ မဖွဲ့ရသေးတဲ့ သစ်တော ၄၆ ဒသမ ၉ ရာခိုင်နှုန်း ရှိပါတယ်။

**ဒါက ၂၀၁၀ စာရင်းဆိုတော့ ဒီဘက် သုံးနှစ်တာအတွင်းမှာ ဘယ်လောက် ကျန်ဦးမယ်လို့ ထင်ပါသလဲ။**

သာမန်အားဖြင့်တော့ ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီပေ့ါနော်တိုင်းပြည်ရဲ့ အနေအထားကလည်း သစ်တောကဏ္ဍကနေ ဝင်လာမယ့် နိုင်ငံခြားငွေ အဲဒီအပေါ်မှာသိပ်ပြီးတော့မှီခိုအားထားစရာမလိုတော့ဘူး။ မလိုတဲ့အတွက်ကြောင့်မို့ဝန်ကြီးဌာနအနေနဲ့သစ်တောသယံဇာတကို ခုတ်လှဲပိုင်းဖြတ်ဖို့ အရမ်းကြီး အားစိုက်ထုတ်စရာမလိုတော့ဘူး။ တစ်ချိန် တုန်းကတော့ ဟုတ်ပါတယ်။ တိုင်းပြည်ရဲ့ ဝင်ငွေဟာ သစ်တောသယံဇာတအပေါ်မှာ မှီခိုနေရတယ်ဆိုတာ မှန်ပါတယ်။ အခုတော့ မလိုပါဘူး။ နိုင်ငံတော်သမ္မတကလည်း ငွေရေးကြေးရေးကိုရှာပေးဖို့ထက် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ သစ်တောတွေ ထိန်းသိမ်းဖို့ အာရုံစိုက်ပါလို့လမ်းညွှန်မှာကြားထားပါတယ်။ သစ်လုံးတွေ အများကြီးပို့ဖို့မခိုင်းထားဘူး။ သမ္မတ ခိုင်းတာက သစ်တောသယံဇာတကို ထိန်းသိမ်းဖို့ပဲ ခိုင်းထားပါတယ်။

**အခုဆိုရင် ကချင်ပြည်နယ်မှာ တိုက်ပွဲတွေ တော်တော်စဲသွားပါပြီ။ ဒါပေမဲ့ နည်းနည်းတော့ ကျန်သေးတာပေ့ါ။ ဝန်ကြီးကိုယ်တိုင်ကလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ပါနေတယ်။ ဒီလိုရပ်စဲနေတဲ့ အချိန်မှာ ကချင်၊ ရှမ်းပြည်နယ်တွေက တောရိုင်းတိရစ္ဆာန်နဲ့ ဇီဝမျိုးစုံကြွယ်ဝတဲ့ ဒေသလည်းဖြစ်တော့ ဝန်ကြီးတို့ ဌာနအနေနဲ့(သို့မဟုတ်)အင်န်ဂျီအိုအနေနဲ့ ရပ်ထားရတဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေ ပြန်စပြီလား။ သစ်ခိုးခုတ်မှုတွေ တင်းကျပ်စွာ တားမြစ်ဖို့ အစီအစဉ်တွေရော ရှိနေပြီလား။**

ဝန်ကြီးဌာန တစ်ခုအနေနဲ့ကတော့ လက်နက်ကိုင်အဖွဲ့အစည်း မရှိတဲ့ဌာနတစ်ခုဖြစ်တော့ နယ်မြေမအေးချမ်းတဲ့နယ်မြေမှာ ထမ်းဆောင်ဖို့ ဆိုတာခက်ခဲပါတယ်။ ဥပဒေ လက်လှမ်းမမီမှု၊ နယ်မြေမအေးချမ်းမှု ရှိနေသမျှကာလပတ်လုံး အဲဒီနေရာတွေကို တာဝန်ယူလို့ မရတဲ့အခြေအနေဖြစ်နေတယ်။ ဒါပေမဲ့ သံတမန်နည်းလမ်းနဲ့ အထက်အကြီးအကဲများထံတင်ပြတာတို့၊ လက်လှမ်းမီသမျှ ကချင်ပြည်နယ်အတွင်း ဖမ်းဆီးထားတာတွေ ရှိပါတယ်။ ဒီအတိုင်း လက်ပိုက်ကြည့်နေတာတော့ မဟုတ်ပါဘူး။ အသက်စွန့်ပြီး ဖမ်းထားကြတာပါ။ တိုက်ပွဲတွေ ဖြစ်နေတဲ့ မန်စီမြို့နယ်အတွင်းက သစ်တောဝန်ထမ်းတွေကို ဗန်းမော်မြို့မှာ အကုန်လုံးပို့ထားရတယ်။ သစ်တောဝန်ထမ်းတွေ မလုံခြုံပါဘူး။ မလုံခြုံပေမဲ့လည်း လက်လှမ်းမီသလောက် အသက်စွန့်ပြီး ဖမ်းဆီးတာပါ။ အသက်ပေးခဲ့ရတဲ့ ဖြစ်စဉ်တွေလည်း ရှိပါတယ်။ ဖြစ်စဉ်ကတော့ ရွှေလီမဘိန်းထဲမှာ ဖြစ်သွားတာပါ။ သစ်တောဝန်ထမ်းနှစ်ဦး အသက်ပေးခဲ့ရတယ်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ အခုလတ်တလော မြန်မာနိုင်ငံမှာ အရေးတကြီးဖြေရှင်းဖို့လိုတဲ့ သဘာဝပတ်ဝန်းကျင်ပြဿနာက ဘာဖြစ်မယ်လို့ ထင်ပါသလဲ။**

အဓိကဖြေရှင်းရမယ့် ပြဿနာလို့တော့ မမြင်ဘူး။ ဘာလို့မမြင်လဲဆိုတော့ သိပ်ကောင်းနေတယ်လို့တော့ ပြောတာမဟုတ်ပါဘူး။ နိုင်ငံရေးအခြေအနေအရကမ္ဘာ့အသိုင်းအဝိုင်းနဲ့ အဆက်အစပ်နည်းခဲ့တယ်ဆိုပေမယ့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စတွေမှာဒေသအတွင်းမှာပဲဖြစ်ဖြစ်၊ ကုလသမဂ္ဂမှာပဲဖြစ်ဖြစ်၊ ကွန်ဗင်းရှင်းမှာပဲဖြစ်ဖြစ် ဒီလိုကိစ္စမျိုးမှာတော့နောက်မကျသေးပါဘူး။ မြေပေါ်သယံဇာတကလည်း တခြားနိုင်ငံတွေထက်စာရင် ကောင်းပါသေးတယ်။

**စာမျက်နှာ(၃၂)သို့**



ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်း

ဓာတ်ပုံ- အိဖြူမွန်



Tourism

7 DAY NEWS JOURNAL

Vol.12, No.11 • MAY 22 , 2013

# အိန္ဒိယဗီဇာ အွန်လိုင်းစနစ်ဖြင့် စတင်ထုတ်ပေး

**မေဝင်းမွန်၊ မောင်တာ**

**ရန်ကုန်၊ မေ-၁၈**

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဗီဇာထုတ်ပေးရာတွင် အွန်လိုင်းစနစ်၊ လက်ဖွေယူသည့် စနစ်ဖြင့် မေလ ၇ ရက်မှ စတင်ဆောင်ရွက်ပေးနေကြောင်း အိန္ဒိယသံရုံးက မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။




အွန်လိုင်းမှဗီဇာလျှောက်ထားရာ၌ indianvisaonline.gov.in တွင် ကိုယ်ရေးအချက်အလက်များဖြည့်စွက်လျှောက်ထားရမည်ဖြစ်သည်။ ဖြည့်စွက်ပြီး လျှောက်လွှာများကို ပရင့်ထုတ်ကာ အိန္ဒိယသံရုံး၊ အိန္ဒိယကောင်စစ်ဝန်ရုံးများတွင် ထပ်မံလျှောက်ထားရမည်ဖြစ်သည်။ နိုင်ငံကူး လက်မှတ်မူရင်း၊ အဖြူအမည်း ၂လက်မဓာတ်ပုံနှစ်ပုံ၊ လိုအပ်သောငွေကြေးများ ယူဆောင်လာရမည်ဖြစ်သည်။

နိုင်ငံကူးလက်မှတ် ထုတ်ယူရာတွင် လျှောက်ထားသူ ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ကြောင်းထုတ်ယူသူ၏မျက်နှာအားဓာတ်ပုံရိုက်ခြင်း၊လက်ဗွေများမှတ်သား ရယူခြင်း၊ တိုက်ဆိုင်စစ်ဆေးခြင်းများ ပြုလုပ်ပြီးမှ ဗီဇာထုတ်ပေးသွားမည်ဖြစ်သည်။

လက်ဗွေယူခြင်းကို အသက် ၁၂ နှစ်အောက်နှင့် အသက် ၇၀ အထက်ရှိသူများ ကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အွန်လိုင်းဗီဇာစနစ်ကို မန္တလေးရှိ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတွင် ဧပြီ ၂၄ ရက်မှ စတင်အသုံးပြုနေပြီး ကမ္ဘာတစ်ဝန်းရှိအိန္ဒိယသံရုံး၊ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးရှိသည့် မည်သည့်နိုင်ငံမဆို ယခုစနစ်ကို အသုံးပြုနိုင်သည်ဟု ဆိုသည်။

မန္တလေးအပါအဝင် ပြင်ပမှ အွန်လိုင်းဗီဇာစနစ် အသုံးပြုရာတွင် ငွေအပိုကုန်ကျခြင်း၊ လျှောက်လွှာပရင့်ထုတ်ယူမှုအတွက် အခကြေးငွေပေးသွင်းနေရခြင်းများရှိပါက အိန္ဒိယသံရုံးတွင် အကူအညီတောင်းခံနိုင်ပြီး အခမဲ့အွန်လိုင်းလျှောက်လွှာများ ပရင့်ထုတ်ပေးခြင်း၊ အချက်အလက်ကူညီဖြည့်ပေးခြင်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း အိန္ဒိယ ကောင်စစ်ဝန်ချုပ်ရုံး မန္တလေးမှ တာဝန်ရှိသူက ပြောကြားသည်။

# အဲအေးရှားလေကြောင်း ပျံသန်းမှုတစ်ကြိမ်လျှော့မည်

**အောင်သူရ**

**ရန်ကုန်၊ မေ-၁၈**

ရန်ကုန်-ဘန်ကောက် ခရီးစဉ် တစ်နေ့သုံးကြိမ် ပျံသန်းနေသော အဲအေးရှား လေကြောင်းလိုင်းသည် မေလ ၂၀ရက်မှ ဇူလိုင်လကုန်ထိ တစ်နေ့နှစ်ကြိမ်သာ ပျံသန်းတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"နေ့ခင်းဘက် ပျံသန်းနေတဲ့ တစ်ချိန်ကို လျှော့လိုက်တာ။ စီးပွားရေးအရတွက်ခြေမကိုက်လို့ပါ "ဟု အဲအေးရှားလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ထို့အပြင်ကာတာနိုင်ငံ၊ဒိုဟာမြို့မှ ရန်ကုန်မြို့သို့ နေ့စဉ်ပျံသန်းနေသော ကာတာလေကြောင်းလိုင်းမှာ မေလဆန်းပိုင်းမှစ၍ တစ်ပတ်လျှင် သုံးကြိမ်ပျံသန်းတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဦးသိန်းစိန်အစိုးရတက်လာပြီး မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများဝင်ရောက်မှုမြင့်တက်လာခြင်းကြောင့် လေကြောင်းလိုင်းများလည်း ပျံသန်းလာခဲ့ကြသည်။

သို့သော် ယခုနှစ်မေလနှင့် ဇွန်လများတွင် ညှိသည်အခန်းကြိုတင်မှာယူမှုမှာ ယမန်နှစ်ကထက်လျော့နည်းသဖြင့် ပုဂံနှင့် မန္တလေးမြို့များရှိ ဟိုတယ်များမှာ အခန်းဈေးနှုန်းများ လျှော့ချရောင်းလာကြသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်အခန်းများ ဈေးကြီးမားခြင်းနှင့် ဥရောပနိုင်ငံ အချို့တွင် စီးပွားရေးမကောင်းခြင်းကြောင့် ယခုနှစ်မိုးရာသီတွင် ညှိသည်ဝင်ရောက်မှုလျော့နည်းခြင်းဖြစ်နိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

သို့သော် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် ကျောက်မျက်ပြပွဲတို့ရှိသဖြင့် ညှိသည်ဝင်ရောက်မှု လျော့ကျသွားခြင်းမရှိကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ကမ္ဘာလှည့်ခရီးသည်များကို စိတ်အနှောင့်အယှက် ဖြစ်စေသောလုပ်ရပ်များ ကြပ်မတ်မည်ဟုဆို

**အောင်သူရ**

**ရန်ကုန်၊**

**မေ-၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ကမ္ဘာလှည့် ခရီးသွားများ သွားရောက်လည်ပတ်သည့်နေရာများတွင် ခရီးသည်များကို စိတ်အနှောင့်အယှက်ဖြစ်စေသည့် လုပ်ရပ်များအားသက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အင်းဝမှာဆိုရင် မြင်းလှည်းပြိုင်မောင်းတာတို့ မုန့်ဖိုးအတင်းတောင်းတာတို့၊ ဈေးသည်တွေက ညှိသည်ရှေ့က ပိတ်ရောင်းတာတို့ မလုပ်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ သက်ဆိုင်ရာ အဖွဲ့ခေါင်းဆောင်တွေက တာဝန်ယူဆောင်ရွက်ပေးမယ်လို့ပြောသွားတယ်" ဟု မန္တလေးညှိလမ်းညွှန်အသင်းမှ ပြောရေးဆိုခွင့်ရှိသူကိုဝင်းဇော်ဦးကပြောသည်။

ထို့အပြင်ကမ္ဘာလှည့်ခရီးသွားများသွားရောက်သည့်နေရာများတွင် အမှိုက်များစနစ်တကျစွန့်ပစ်ရန်အတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအစီအစဉ်များဆောင်ရွက်ရန် အင်းဝ၊ အမရပူရနှင့်ဦးပိန်တံတားတို့တွင် ဆောင်ရွက်ရန် သဘောတူညီမှုရရှိထားပြီးမကြာမီ မင်းကွန်းဒေသသို့သွားရောက်ဆွေးနွေးမည်ဟု သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လည်ပတ်သည့်နေရာများသန့်ရှင်းသာယာရေးအတွက် ညှိလမ်းညွှန်များ၊ ရှေးဟောင်းသုတေသန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မန္တလေးခရိုင်ရဲမှူးကြီးနှင့် အဖွဲ့၊ မြင်းလှည်းအသင်းဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့၊ အမှတ်တရ ပစ္စည်းများရောင်းသူများအဖွဲ့နှင့် အင်းဝမြို့အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



7DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# Cartoon
























7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013



# “ အရေးကြီးတဲ့ ပြဿနာအများအပြားကို ရင်ဆိုင်နေရပါတယ်

## မာလီနိုင်ငံ ယာယီသမ္မတ ဒီယွန်ကွန်ဒါထရာအိုရေးနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

မာလီနိုင်ငံဟာ မကြာမီလပိုင်းအတွင်းက အစွလာမ်မစ်စစ်သွေးကြွတွေရဲ့တိုင်းပြည်ကိုကာကွယ်ဖို့ နိုင်ငံတကာအကူအညီရယူခဲ့ရပြီး ပြင်သစ်တပ်ဖွဲ့တွေရဲ့ ဝင်ရောက်ကူညီတိုက်ခိုက်ပေးမှုနဲ့အောင်မြင်ခဲ့ပါတယ်။ နောက်လေးလအကြာမှာတော့ မာလီနိုင်ငံကို ကူညီရေးအတွက် နိုင်ငံတကာအလှူရှင်နိုင်ငံများ အစည်းအဝေးကို မကြာမီက ကျင်းပခဲ့ရာမှာ ယူရိုသုံးဘီလီယံခွဲပမာဏခန့်ထောက်ပံ့ပေးရေးကတိစကားတွေကို ရရှိခဲ့ပါတယ်။ စစ်အာဏာသိမ်းမှုကို ရင်ဆိုင်ခဲ့ရတာ သိပ်မကြာသေးတဲ့မာလီနိုင်ငံရဲ့ လက်ရှိယာယီသမ္မတအဖြစ်တာဝန်ယူဆောင်ရွက်နေသူကတော့ ဒီယွန်ကွန်ဒါထရာအိုရေးပဲဖြစ်ပါတယ်။ ဒါကြောင့် မာလီရဲ့ ယာယီသမ္မတ ထရာအိုရေးကို နိုင်ငံရဲ့ လက်ရှိအခြေအနေတွေအကြောင်း ယူရိုသတင်းမှ အော်ဒရေတီလ်ဗီက တွေ့ဆုံမေးမြန်းထားတာကို ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

**သမ္မတကြီးရှင့်။ မာလီဟာ ဒီအလှူရှင်နိုင်ငံများ ကွန်ဖရင့်ကနေ မျှော်လင့်ချက်တွေ အမြင့်ကြီးထားခဲ့ပါတယ်။ ဘဏ္ဍာရေးကူညီမှုအပိုင်းမှာလည်း ယူရိုသုံးဘီလီယံကျော်လောက် ရခဲ့ပါတယ်။ အဲဒီအကူအညီပေးရေးကတိတွေကိုလည်း သိနားလည်နေဖို့ လိုနေဆဲပါ။ ဒါပေမဲ့ သမ္မတကြီးရဲ့ မျှော်လင့်ချက်တွေကတော့ ထင်တာထက်ပိုသာလွန်သွားခဲ့ပါပြီ။ အကူအညီအဖြစ်ရခဲ့တဲ့ ဒီရန်ပုံငွေတွေကို ကောင်းမွန်စွာ အသုံးပြုသွားနိုင်ဖို့ သမ္မတကြီးဘက်က ဘယ်လိုအာမခံချက်တွေ ပေးသွားမှာပါလဲ။**

မာလီမှာရှိတဲ့လူတိုင်းဟာ ဒီကွန်ဖရင့်လုပ်တာကို စောင့်ကြည့်နေခဲ့တယ်လို့ ခင်ဗျားပြောတာတော့မှန်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ဟာ နိုင်ငံတကာစုစည်းညီညွတ်မှုကနေ အကျိုးအမြတ်ရှိလိမ့်မယ်လို့ မျှော်လင့်ချက်တွေတကယ်ပဲမြှင့်တင်ထားခဲ့ပါတယ်။ နိုင်ငံဖွံ့ဖြိုးရေးပြန်လုပ်ဖို့ ကျွန်တော်တို့ရဲ့ လုပ်ငန်းစဉ်ကို လက်တွေ့ဖြစ်အောင် စတင်နိုင်ဖို့ပေါ့လေ။

**ပြင်သစ်သမ္မတကပြောခဲ့တဲ့ (အကူအညီပေးလိုက်တဲ့ ယူရိုငွေ တစ်ဒေါ်လာချင်းကို အကျိုးရှိထိရောက်စွာ အသုံးပြုရမယ်ဆိုတာရော သမ္မတကြီး ကြားမိပါသလား။**

ဟုတ်ကဲ့။ ကျွန်တော်တို့ရဲ့ မိတ်ဖက်တွေဟာ ကြီးမားတဲ့အားထုတ်မှုတွေ လုပ်ခဲ့ပြီးပြီဆိုတာ သတိထားမိပါတယ်။ ဥရောပနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းပေါ့လေ။ ပြီးတော့လည်း ကျွန်တော်တို့အနည်းဆုံးလုပ်နိုင်တာကတော့ မာလီရဲ့ အခွန်ထမ်းပြည်သူတွေနဲ့ အခြားနိုင်ငံတွေရဲ့ အခွန်ထမ်းပြည်သူတွေနှစ်ရပ်လုံးကို လေးစားမှုထားတယ်ဆိုတာ သေချာအောင် လုပ်ဖို့ပါ။ ဒါက အနိမ့်ဆုံးအနေနဲ့ ကျွန်တော်တို့ လုပ်နိုင်တာပါ။ ပြီးတော့ ယူရိုတစ်ဒေါ်လာချင်းစီက သွားသင့်တဲ့နေရာကို သွားတာကို ကျွန်တော်တို့မြင်တွေ့ကြရမှာပါ။

**ခုဆို မာလီမှာပြင်သစ်တပ်ဖွဲ့တွေက စတင်ဆုတ်ခွာစပြုနေပါပြီ။ ကုလသမဂ္ဂရဲ့ အခြေအနေတည်ငြိမ်ရေးမစ်ရှင်ကလည်း အာဖရိကအချို့တွေနဲ့အတူ တာဝန်ကိုလွှဲယူတော့မှာပါ။ ဒါဟာ တိုက်ခိုက်မှုတွေဆက်မလုပ်တော့တဲ့သဘော၊ ပုန်းအောင်းနေတဲ့ ဂျီဟတ်ဒ်ဝါဒီတွေကို နောက်ထပ်ရှာဖွေမှုမလုပ်တော့တဲ့ သဘောပါပဲ။ ဒါပေမဲ့ တချို့သူပုန်တွေက လှုပ်ရှားနေဆဲမလား။ သူတို့ဟာ တိုက်ခိုက်နေဆဲမလား။ မာလီဟာ အချိန်တိုင်းမှာ ပြန်ထတိုက်ဖို့ အဆင်သင့်ဖြစ်နေတဲ့ ဂျီဟာဒ်ဝါဒီတွေနဲ့အတူ တည်တည်ငြိမ်ငြိမ် နေနိုင်ပါ့မလား။**

လိုအပ်လာရင်တော့ ကုလတပ်တွေဟာ တိုက်ခိုက်မှုတွေ လုပ်နိုင်ပြီး ဂျီဟတ်ဒ်ဝါဒီတွေကို ခြေရာခံနိုင်ပါတယ်။

**ဒါပေမဲ့ တခြားနိုင်ငံတွေ ကြုံတွေ့ခဲ့ရသလိုမျိုး ပြောက်ကျားစစ် ဖြစ်ကောင်းဖြစ်မယ့် ကြာရှည်ဆွဲနေမယ့် ပဋိပက္ခမျိုးအတွက်ရော သမ္မတကြီးတို့ အသင့်ပြင်ပြီးပါပြီလား။**

ဟုတ်ကဲ့။ ဒါပေမဲ့ ခင်ဗျားတို့မြင်တဲ့အတိုင်း စစ်ပွဲမှာ သူတို့ ရှုံးသွားပြီးတဲ့နောက် ဒီကနေ့မှာ သူတို့ဟာ အသေခံတိုက်ခိုက်မှုတွေကိုလုပ်ဖို့ရွေးချယ်နေကြပါတယ်။ ကျွန်တော်တို့ အခါအားလျော်စွာ ကားဗုံးခွဲမှုတွေ မြင်နေရတယ်။ အထင်အရှားပါပဲ။ ဒါဟာ သူတို့ သမားရိုးကျစစ်ပွဲကို ရေရှည်မတိုက်နိုင်တော့တဲ့အခါမှာ လုပ်လာတဲ့နည်း၊ တိုက်ခိုက်လာတဲ့နည်းပေါ့လေ။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီလိုလှုပ်ရှားမှုမျိုးတွေကို မျှော်လင့်ထားရတာပါ။ ဒါပေမဲ့ကောင်းကောင်းကိုင်တွယ်နိုင်မယ်လို့ ကျွန်တော်တို့ယုံကြည်ထားပါတယ်။

**နိုင်ငံမြောက်ပိုင်း ကီဒယ်မြို့မှာ MNLA Tuaregs အဖွဲ့က အခြေခံအားဖြင့် ချုပ်ကိုင်ထားတာပါ။ သူတို့နဲ့ရော ဘာတွေဆက်လုပ်မှာလဲ။ အစောပိုင်းအကျပ်အတည်းကာလမှာတုန်းက ဂျီဟတ်ဒ်ဝါဒီတွေနဲ့ စာချုပ်ချုပ်ဆိုထားခဲ့တဲ့ သူတို့နဲ့ သဘောတူညီချက် ရနိုင်ခြေရှိပါ့မလား။**

ဟုတ်ကဲ့။ သူတို့နဲ့ ကျွန်တော်တို့ ဆွေးနွေးသွားပါမယ်။ ဘာကြောင့်လဲဆိုတော့ ပထမဆုံးအဆင့်အနေနဲ့ဆိုရရင် ကျွန်တော်တို့က တစ်နိုင်ငံတည်းသား၊ မာလီလူမျိုးတွေဖြစ်ကြလို့ပါ။ ကီဒယ်မှာနေတဲ့သူတို့ဟာ ကိုယ့်ကိုယ်ကိုယ် မာလီလွတ်မြောက်ရေး တပ်မတော် MNLA အဖြစ် ခေါ်ခဲ့ကြပါတယ်။ ကနေ့ MNLA လက်အောက်မှာလည်း မူလအဖွဲ့ကလူတွေထက် ပိုများတဲ့လူတွေ ရှိနေတာ ကျွန်တော်တို့သိပါတယ်။ အန်ဆာဒိုင်နဲ့အခြားနေရာတွေကနေ လာတဲ့သူတွေလည်း အဲဒီထဲမှာ ရှိနေပါတယ်။ ဒါပေမဲ့ သူတို့ဟာ လွတ်မြောက်ရေးလမ်းကနေထွက်ပြီး ဘာသာရေးမဆန်တဲ့ နိုင်ငံတည်ထောင်ရေးကို စိတ်ဝင်စားလေးစားတယ်ဆိုရင် ရွေးကောက်ပွဲဖြစ်စဉ်ကို ဝင်မယ်ဆိုရင် ကျွန်တော်တို့သူတို့နဲ့ ဆွေးနွေးသွားဖို့အသင့်ရှိနေပါတယ်။ သူတို့စိတ်ဝင်စားမယ့် မေးခွန်းတွေကို ဒီမိုကရေစီစနစ်အတွင်းမှာပဲ၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးစနစ်အပြင် အခြား ဖြေရှင်းချက်တွေအများကြီးနဲ့ ဆွေးနွေးပေးနိုင်ပါတယ်။

**ဒါပေမဲ့ အတိအကျအားဖြင့် ဒါက ဘာကိုဆိုလိုတာပါလဲ။ အလှူရှင်နိုင်ငံတွေက ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို အများကြီး အလေးထားနေလို့လား။ ဆိုလိုတာက ဒါက Tuarges သူပုန်တွေကိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ပုံစံတစ်မျိုး ပေးမလို့လား။**

ဟင့်အင်း။ အဲဒီလောက်ထိ ကျွန်တော်တို့သွားနိုင်မယ်မထင်ပါဘူး။ ကျွန်တော်တို့ရဲ့ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဖြစ်စဉ်က မြောက်ပိုင်းရဲ့ကိစ္စကို ဖြေရှင်းဖို့လိုအပ်တဲ့ ဘယ်ကိစ္စမဆိုအတွက် အထောက်အပံ့ဖြစ်ဖို့ပါ။

**ဒါဆို ဒီဗဟိုချုပ်ကိုင်မှုလျှော့ချရေးရဲ့ အကန့်အသတ်က အတိအကျဆိုရင် ဘာများဖြစ်မလဲ။**

ဟုတ်ကဲ့။ သိတဲ့အတိုင်းပဲ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို လက်တွေ့မှာ အပြည့်အဝကျင့်သုံးလို့ မရနိုင်ပါဘူး။ သီအိုရီအရတော့ သင်ပုန်းပေါ်မှာ ကိစ္စတွေအများကြီးပါ။ ဒါပေမဲ့ လက်တွေ့မှာတော့ ကျွန်တော်တို့ တွန်းလှန်မှုတွေကို ရင်ဆိုင်နေရပါတယ်။ တကယ်လို့ ဗဟိုအစိုးရရဲ့ ချုပ်ကိုင်မှုလျှော့ချလိုက်ရင် လူတိုင်းအတွက်သင့်တော်အောင် ကျကျနနလုပ်ဖို့ ကျွန်တော်တို့ ပြောထားပါတယ်။

**အကူးအပြောင်းကာလရဲ့ ယာယီသမ္မတတစ်ဦးအနေနဲ့ သမ္မတကြီးဟာ လုပ်ရမယ့်တာဝန်တွေ အကြီးကြီး ရှိနေပါတယ်။ သမ္မတ ရွေးကောက်ပွဲကို ကျင်းပပေးရေးကိစ္စရောပေါ့။ ပထမအကျော့ ရွေးကောက်ပွဲတွေကို ၂၈ ရက်ဇူလိုင်မှာ ကျင်းပသွားမယ်နော်။ ဒါက အလှူရှင်နိုင်ငံတွေက ချမှတ်ပေးထားတဲ့ အခြေအနေတွေထဲက တစ်ခုပါ။ ဒါဟာ သိပ်ခက်မှာပါ။ ဘာကြောင့်လဲဆိုတော့ အချိန်နည်းနည်းပဲရလို့ပါ။ လူကြီးမင်းအတွက် အချိန်ထပ်ပိုပေးဖို့ ဥပမာအားဖြင့် ပြင်သစ်နဲ့ စပြောရရင် သူတို့ကို နှစ်သိမ့်စေနိုင်မယ့် တစ်နည်းနည်းများရှိမလား။**

ဒါဟာ မလွယ်ဘူးဆိုတာ ကျွန်တော်တို့သိပါတယ်။ တကယ့်စိန်ခေါ်မှုအစစ်ပါ။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ အပြောင်းအလဲကာလကို တိုနိုင်သမျှခပ်တိုတိုဖြစ်အောင် လုပ်မယ်ဆိုတဲ့ ရည်မှန်းထားချက်ကိုပြသချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မာလီဟာ အရေးကြီးတဲ့ ပြဿနာအများအပြားကို ရင်ဆိုင်နေရလို့ပါ။ သိပ်မကြာမီ အပြောင်းအလဲကာလပြီးသွားတာနဲ့ပြဿနာအစစ်တွေကို ကိုင်တွယ်နိုင်တော့မှာပါ။ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရတစ်ရပ်ကသာ ပိုပြီးတရားဝင်ရှိမှုနဲ့ပြဿနာတွေကို ဂရုစိုက်ကိုင်တွယ်နိုင်မယ်ဆိုတာ ကျွန်တော်တို့နားလည်ထားပါတယ်။ ဒါကြောင့် ဒါဟာ အလှူရှင်နိုင်ငံတွေရဲ့ အခြေအနေမဟုတ်ပါဘူး။ ကျွန်တော်တို့က ဒါကို ဆုံးဖြတ်ရမှာပါ။ အချိန်ဇယားနဲ့ အညီလုပ်နိုင်ဖို့မိတ်ဆွေတွေ၊ ပူးပေါင်းနေတဲ့ မိတ်ဖက်နိုင်ငံတွေ အားလုံးကို တောင်းဆိုထားပါတယ်။

**ဟုတ်ကဲ့ ကောင်းပါပြီ။ ကီဒယ်မှာရှိတဲ့ သူတွေမဲပေးနိုင်အောင် သမ္မတကြီးဘယ်လိုလုပ်မှာပါလဲ။ နိုင်ငံရဲ့အတွင်းပိုင်းမှာရှိနေတဲ့ နေရာပြောင်းရွှေ့နေထိုင်နေရတဲ့ လူဦးရေ သုံးသိန်းလောက် အတွက်ရောဘယ်လိုလုပ်မလဲ။ မာလီမှာ စစ်ပွဲစတင်ကတည်းက ထွက်သွားကြတဲ့ ပြည်ပြေးဒုက္ခသည် ၁၇၅,၀၀၀အတွက်ရော ဘယ်လိုလုပ်မလဲ။ ဒီအခြေအနေတွေအောက်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်အောင် သမ္မတကြီးဘယ်လိုအာမခံပေးနိုင်မှာပါလဲ။**

ဟုတ်ကဲ့။ “တရားမျှတဲ့ရွေးကောက်ပွဲတွေ”။ ဟုတ်ကဲ့။ “အပြစ်အနာအဆာမရှိတဲ့ ပွဲတွေ” လား။ အခြားနေရာတွေမှာလည်း ငြိမ်းချမ်းရေးရှိပြီး လုံခြုံနေတာတောင်မှ အဲဒီလိုရွေးကောက်ပွဲတွေဖြစ်မယ်လို့ ကျွန်တော်မထင်ပါဘူး။ ဒါပေမဲ့ ကျွန်တော်ပြောနိုင်တာကတော့ နိုင်ငံရေးဒုက္ခသည်အားလုံး၊ ရွှေ့ပြောင်းနေထိုင်ရသူတွေအားလုံးဟာ သူတို့ရောက်နေတဲ့နေရာကနေ ပြန်လာပြီး သမ္မတရွေးကောက်ပွဲအတွက်မဲပေးဖို့ဟာ မလုပ်မဖြစ်လုပ်ရမယ့် ကိစ္စတစ်ရပ်မဟုတ်ပါဘူး။ ရွေးကောက်ပွဲက အဲဒီလိုမျိုးတွေမလိုပါဘူး။

**ဒါပေမဲ့ သမ္မတကြီးအနေနဲ့ သူတို့ကို ရှာရမယ်မလား။**

ဒါပဲပေါ့။ တချို့လူတွေက ပြန်လာကြမှာပါ။ ဒါပေမဲ့ တချို့တွေကတော့ ရောက်မြဲနိုင်ငံတွေ (သို့မဟုတ်) မာလီနိုင်ငံအတွင်းနေရာတွေမှာမပြန်လာဘဲဆက်ရှိနေမှာပါ။ ဒါပေမဲ့ သူတို့တွေလည်း မဲဆန္ဒပေးပိုင်ခွင့် ကတ်ပြားတွေရရင် ဘာပဲဖြစ်ဖြစ်မဲပေးနိုင်မှာပါ။ လူတွေကို စုစည်းနိုင်ဖို့ကျွန်တော်တို့လုပ်နေပါတယ်။ ဒုက္ခသည်တွေ လက်ရှိရောက်နေတဲ့ နိုင်ငံတွေနဲ့ကျွန်တော်တို့ဆွေးနွေးနေပါတယ်။ အဲဒီနေရာတွေမှာလည်း သမ္မတရွေးကောက်ပွဲအတွက်မဲပေးဖို့ကျွန်တော်တို့စုစည်းစီစဉ်နိုင်အောင်လို့ပေါ့လေ။

*—Ref: Mali's Traore' Promises to spend donor euros well. Euronews.16th May*




KHALED ABDULLAH/REUTERS

# ဆီးရီးယားသပွတ်အူဇာတ်လမ်းတွဲ မစ္စတာအာဆတ်အထက်စီးရနေသလား

**ကြည်နေမင်းဝင်း**

ရှုပ်ထွေးပွေလီမှု၊ တစ်ဖက်နှင့်တစ်ဖက်အငြင်းပွားမှု၊ လူသူကယ်သူမဲ့မှု၊ အလိုမကျမှု၊စိတ်ပျက်အားငယ်မှုစသော စကားလုံးများဖြင့် လက်ရှိဆီးရီးယား သူပုန်တပ်ဖွဲ့များ၏ အခြေအနေကိုဖော်ပြနိုင်သည်သာမက ဆီးရီးယားအကျပ်အတည်းအတွက် လွယ်ကူသောအဖြေတစ်ရပ်ရှာဖွေနေသည့် စူပါပါဝါနိုင်ငံကြီးများ၏ အခြေအနေကိုလည်း ဖော်ပြနိုင် ပါသည်။

ယင်းဖြေရှင်းချက်မှာ စူပါပါဝါနိုင်ငံကြီးများက စစ်ရေးအရကြားဝင်ဖြေရှင်းရန်မလိုသောဖြေရှင်းချက်ဖြစ်ရပါမည်။ ဆီးရီးယားတွင် အားလုံးကသဘောတူသော၊ ဥပဒေအရအကျုံးဝင်သော၊ အစိုးရအုပ်ချုပ်သော ဖြေရှင်းချက်ဖြစ်ရပါမည်။ ထို့အပြင်အီရန်ကိုဒေသဆိုင်ရာ ကစားသမားဖြစ်လာခြင်းမှ တားဆီးသောဖြေရှင်းချက်၊ အကျပ်အတည်းကြောင့် ဂျော်ဒန်နိုင်ငံကို လှုပ်ရမ်းမသွားစေနိုင်သော ဖြေရှင်းချက်၊ လက်ဘနွန်တွင် ဒိုမီနိုသက်ရောက်မှုမရှိစေသော ဖြေရှင်းချက်ဖြစ်ရပါမည်။ ယင်းမှာ အစ္စရေးနှင့် တူရကီအမဲလိုက်ခွေးများကို လွှတ်ပေးစရာမလိုသော ဖြေရှင်းချက်လည်း ဖြစ်ရပါမည်။

မည်သည့်အမေရိကန်၊ ရုရှားနှင့် တရုတ်မျက်လှည့်ပညာရှင်ကမျှ ဤမျှရှုပ်ထွေးသော မျက်လှည့်ကွက်ကို မပြနိုင်သေးပေ။ လတ်တလော အရှေ့အလယ်ပိုင်းဒေသသို့ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီလည်း ယင်းစိန်ခေါ်မှုဖြေရှင်းနိုင်မည့်ပုံမပေါ်။

မစ္စတာကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့တို့ ရှာဖွေတွေ့ရှိခဲ့သော အသစ်နှင့် အဟောင်းပေါင်းစပ်ထားသည့် အဖြေမှာ ၂၀၁၂ခုနှစ် ဇွန်လကကဲ့သို့ နိုင်ငံတကာထိပ်သီးဆွေးနွေးပွဲ ကျင်းပရေးဖြစ် သည်။ ၂၀၁၂ခုနှစ်ဆွေးနွေးပွဲမှာ ကျင်းပပြီး မကြာမီမှာပင် ပြိုကွဲသွားခဲ့ပါသည်။ စိတ်ကူးမှာ ဆီးရီးယားအတိုက်အခံအဖွဲ့နှင့် အစိုးရကိုယ်စားလှယ်များကို အတူတကွခေါ်ဆောင်လာပြီး ဆွေးနွေးပွဲတက်ရောက်သူအားလုံးအတွက် အဆင်ပြေမည့် ဆုံးဖြတ်ချက်ရှာဖွေရန်ဖြစ်သည်။ သီအိုရီအရ ကြည့်လျှင် မည်သည့်ဘက်ကမျှ စစ်ရေးအရ အောင်ပွဲမခံနိုင်၍ တွေ့ဆုံဆွေးနွေးမှုမှာ အဖြေတစ်ရပ်ထွက်နိုင်ပါသည်။

သို့သော် ဆွေးနွေးပွဲသို့ မည်သူ့ကိုဖိတ်ကြားမည်နည်းဟူသော ကနဦးပြဿနာများကပင် ဆွေးနွေးပွဲ ဖြစ်ပေါ်ရေးကြိုးပမ်းမှုတစ်ရပ်လုံး၏ ကံကြမ္မာကို ညွှန်ပြနိုင်သည်။ အီရန်နိုင်ငံပါဝင်ရမည်ဟု ရုရှားကတောင်းဆိုနေသည်။ ယင်းကို အမေရိကန်က သဘောတူခဲ့လျှင်သော်မှ အခြားအုပ်စုများက ကန့်ကွက်ကြပါလိမ့်မည်။ ဆီးရီးယားအရပ်သားများကို သတ်ဖြတ်မှုတွင် အားပေးကူညီနေသော နိုင်ငံတစ်နိုင်ငံအတွက် ဆွေးနွေးပွဲတွင် နေရာမရှိဟုအကြောင်းပြကြပါလိမ့်မည်။

ဆီးရီးယားအစိုးရ၏ မည်သည့် ကိုယ်စားလှယ်များတက်ရောက်မည်ဆိုသည့်အပေါ်လည်း သဘောတူညီမှု မရှိသေးပါ။ အတည်မပြုနိုင်သော သတင်းများအရ ဆီးရီးယားသမ္မတဘာရှားအယ်လ်အာဆတ်က ရုရှားနိုင်ငံအား တက်ရောက်မည့်သူစာရင်းပေးထား ပြီးဖြစ်သော်လည်း အမေရိကန်နှင့် ဆီးရီးယားအတိုက်အခံများက ယင်းစာရင်းကို သဘောမတူဟု ဆိုသည်။ ယခုရက်သတ္တပတ်နှင့် ရှေ့လာမည့်ရက်သတ္တပတ်အတွင်း အစည်းဝေးတွင်ပါဝင်မည့် အကြောင်းအရာများသတ်မှတ်ရေး အစည်းအဝေးအများအပြားပြုလုပ်ရန် စီစဉ်ထားပါသည်။ ယင်းတို့တွင် ရုရှား၊ အမေရိကန်နှင့် ဗြိတိန်တို့ကြားကအစည်းအဝေး၊ အင်အားကြီးငါးနိုင်ငံကြားအစည်းအဝေး၊ တူရကီနှင့် အာရပ်နိုင်ငံများအပါအဝင် ဆီးရီးယား၏ မိတ်ဆွေနိုင်ငံများဟုခေါ်သောနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများကြားက အစည်းအဝေးစသဖြင့်။ အစည်းအဝေးများ များပြားရှုပ်ထွေးမှုက သဘောတူညီချက်မရှိသလောက် အခြေအနေကိုညွှန်ပြနေပါသည်။

ဆွေးနွေးပွဲတက်ရောက်မည့်နိုင်ငံများက တက်ရောက်မည့်လူစာရင်းကို သဘောတူကြပြီး ဆီးရီးယားအတိုက်အခံဘက်ကလည်း အစိုးရ၏ ကိုယ်စားလှယ်များကို လက်သင့်ခံသည်ဆိုလျှင်သော်မှ မဖြေရှင်းဘဲ ကျန်ရှိနေသည့် ကိစ္စသေးသေးလေးတစ်ခုရှိပါသေးသည်။ ထိပ်သီးဆွေးနွေးပွဲ၌ပါဝင်မည့် အစီအစဉ်များနှင့် အကောင်အထည်ဖော်ရမည့်ကိစ္စဖြစ်သည်။ ၂၀၁၄ခုနှစ်ရွေးကောက်ပွဲအထိ အာဏာဆက်လက်ဆွဲကိုင်ထားရန် မစ္စတာအာဆတ်ကအခိုင်အမာပြောနေပါသည်။ သို့သော် အမေရိကန်က အစည်းအဝေးမှ ပေါ်ထွက်လာဖွယ်ရှိသော မည်သည့်ကြားဖြတ်အစိုးရမျိုးတွင်မှ မစ္စတာအာဆတ်အတွက် နေရာမရှိဟု ဆိုနေပါသည်။ ဝါရှင်တန်တွင် တူရကီဝန်ကြီးချုပ် မစ္စတာအာဒိုဂန်နှင့် တွေ့ဆုံချိန်မှာ ပင်ယင်းကိစ္စ ထပ်မံပြောခဲ့ပါသေးသည်။ ရုရှားနိုင်ငံက "ဆီးရီးယားပြည်သူများဆုံးဖြတ်ပါစေ" ဟု ပြောရင်း မစ္စတာအာဆတ်၏ အနေအထားကို ထောက်ခံပါသည်။

အီရန်နိုင်ငံက မစ္စတာအာဆတ်အုပ်ချုပ်မှု ဆက်လက်တည်ရှိနေခြင်းအား အရှေ့အလယ်ပိုင်းဒေသအပေါ် ၎င်း၏ချုပ်ကိုင်မှုအတွက် အခြေခံကျသည်ဟု ရှုမြင်ပြီး ၎င်းဆက်လက်ရှင်သန်ရေးမှာ အီရန်အမျိုးသားအကျိုးစီးပွားဟု မှတ်ယူထားပါသည်။ တူရကီနိုင်ငံက မစ္စတာအာဆတ်ကို ရာထူးမှ ဖယ်ရှားရမည့်အရေးအခိုင်အမာပြောနေသော်လည်း ရုရှား၊ အမေရိကန်နှင့် အတိုက်အခံများကြား သဘောတူညီချက်တစ်ရပ်ရရှိခဲ့လျှင်ဆန့်ကျင်လိမ့်မည်မဟုတ်ပေ။

အာရပ်နိုင်ငံများကြားတွင်လည်း သဘောထားမတူညီမှုများရှိနေပါသည်။ အထူးသဖြင့် ဆီးရီးယားအတိုက်အခံများကို ဘဏ္ဍာရေး အဓိကပံ့ပိုးပေးနေသော ဆော်ဒီအာရေဗီးယားနှင့် ကာတာ။ ကာတာနိုင်ငံက နိုင်ငံရေးအတိုက်အခံအများစုပါဝင်ပြီး သူပုန်အဖွဲ့များ၏ အရေးပါသောအစိတ်အပိုင်းဖြစ်သည့် မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ကို အားပေးသည်။ ဆော်ဒီအာရေဗီးယားနိုင်ငံကမူ ဆီးရီးယားနိုင်ငံသည် အီဂျစ်နှင့် တူနီးရှားကဲ့သို့ မွတ်ဆလင်ဘရာသားဟုဒ်တိုင်းပြည်ဖြစ်လာပြီး အီရန်နှင့်မဟာမိတ်ပြုသွားမည်ကို စိုးရိမ်သည်။

ယင်းသို့ ကွဲပြားသော သဘောထားအမျိုးမျိုးနှင့် လွန်ဆွဲနေသော အကျိုးစီးပွားကြား ဆီးရီးယားအရေးထိပ်သီးဆွေးနွေးပွဲအတွက် ဘုံသဘောတူညီချက်နယ်ပယ်ငယ်တစ်ခု ရှာဖွေနိုင်ရန်ပင် မလွယ်ကူလှ။ တစ်ချိန်တည်းမှာပင် စစ်ရေးအရ ကြားဝင်ကိုင်တွယ်ရေးကိစ္စမှာ အဝေးသို့ တဖြည်းဖြည်း မှေးမှိန်သွားပုံပေါ်နေသည်။ မစ္စတာ အိုဘားမားမှာလည်း စစ်ရေးအရ ကြားဝင်ဖြေရှင်းမှုလိုလားသော စီအိုင်အေ၏ အနေအထားကို လက်ခံရမည်လားသို့မဟုတ်ပါက စစ်ရေးကြားဝင်ဖြေရှင်းမှုဆန့်ကျင်သော ကာကွယ်ရေးဝန်ကြီးဌာန၏ ရပ်တည်ချက်ကို ယူရမည်လား မဆုံးဖြတ်ရသေး။ ထို့အပြင် ဇွန် ၁ ရက်မှစ၍ သူပုန်များအား လက်နက်များထောက်ပံ့ရေး ဗြိတိန်၊ ပြင်သစ်နှင့် လက်တွဲမလား၊ သို့မဟုတ်ပါက ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဆက်လက်နှစ်ပါးသွားရမလားဆိုသည်ကိုလည်း မစ္စတာအိုဘားမားဆုံးဖြတ်ရပါဦးမည်။

တူရကီကလည်း နိုင်ငံတကာသဘောတူညီချက်မရှိလျှင် စစ်ရေးအရ ကြားဝင်လိမ့်မည်မဟုတ်ပါ။ အင်အားကြီးနိုင်ငံများကသော်လည်းကောင်း၊ သူပုန်များကသော်လည်းကောင်း အစ္စရေးနိုင်ငံက စစ်ရေးအရကြားဝင်မည့်ကိစ္စကို မြင်တွေ့လိုမည် မဟုတ်ကြ။ စစ်ရေးအရကြားဝင်မှုအလားအလာယိမ်းယိုင်လာလေ၊ မစ္စတာအာဆတ်၏ ဖဲချပ်များ အားကောင်းလေပင်ဖြစ်သည်။ ယခုပင် ဆီးရီးယားပြည်တွင်း၌သာမက ဒေသတစ်ခုလုံးတွင် ချုပ်ထိန်းထားနိုင်ပုံပေါ်နေသည်။ တူရကီနှင့် လက်ဘနွန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ပြီး သလို ဂျော်ဒန်နိုင်ငံမှာ နောင်လာမည့် ပစ်မှတ်ဖြစ်နိုင်ပါသည်။

ယင်းအမည်မသိတိုက်ခိုက်မှုများမှာ သမ္မတအာဆတ်အား တိုက်ရိုက် အကျိုးအမြတ်ထွက်စေမည်မဟုတ်သော်လည်း ယင်းနိုင်ငံများအ ကြား တစ်ဖက်နှင့်တစ်ဖက်တိုက် ခိုက်မှုများကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ လောလောဆယ်တွင် ယင်းမှာ မစ္စတာအာဆတ်၏ အားသာချက်ပင်ဖြစ်ပါသည်။ —*Ref: Haaretz*

7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# ဟောင်ကောင်တွင် ပထမဆုံး လျှပ်စစ်တက္ကစီများ ပြေးဆွဲ

**ဟောင်ကောင်၊မေ-၁၈**

ဟောင်ကောင်တွင် လောင်စာဆီ အသုံးပြုသည့် ယာဉ်များကြောင့် လေထုညစ်ညမ်းမှု လျှော့ချရန် ပထမဆုံး လျှပ်စစ်သုံး တက္ကစီ ၄၅ စီး စတင်ပြေးဆွဲခဲ့သည်။

ယင်းလျှပ်စစ်စွမ်းအင်သုံး အနီရောင်တက္ကစီ ၄၅ စီးကို အမေရိကန် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ ဝါရင်းဘတ်ဖတ်က တစ်စိတ်တစ်ပိုင်း ကျောထောက်နောက်ခံ ပြုထားသည့် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီ BYD က ထုတ်လုပ်ခြင်းဖြစ်သည်။ BYD e6 ဟုခေါ်သော ယင်းလျှပ်စစ်စွမ်းအင်သုံး တံခါးငါးပေါက်ပါ ဆီဒင်ကားများသည် အိုင်းရင်းဖော့စဖိတ် ဘက်ထရီများ အသုံးပြုထား၍ အားသွင်းရန် အချိန်နှစ်နာရီကြာမြင့်မည်ဖြစ်ကြောင်း၊ ကီလိုမီတာ ၃၀၀ အထိ မောင်းနှင်နိုင်ကြောင်း BYD ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။ ထိုကားများကို ဟောင်ကောင်အငှားယာဉ်နှင့် အများသုံး ဘတ်စ်ကားအဖွဲ့အစည်းသို့ ငှားရမ်းထားပြီး ခြောက်လခန့် အထိ စမ်းသပ် မောင်းနှင်သွားမည်ဖြစ်သည်။



PHILIPPE LOPEZ/AFP

*ဟောင်ကောင်လမ်းပေါ်ရှိ လျှပ်စစ်တက္ကစီကားတစ်စီး။ ဟောင်ကောင်သည် မြို့တော်၏ လေထုညစ်ညမ်းမှုကိုလျှော့ချရန် ရည်ရွယ်ချက်ဖြင့် မေ ၁၇ ရက်တွင် ပထမဆုံးသော လျှပ်စစ်တက္ကစီများကို စတင်ပြေးဆွဲခဲ့သည်။*

လောင်စာဆီ သုံးစွဲသည့် ရိုးရိုးအငှားယာဉ်တစ်စီးသည် တစ်ကီလိုမီတာ မောင်းနှင်ရန် ဟောင်ကောင်ဒေါ်လာ ၀ ဒသမ ၈ ကုန်ကျမည်ဖြစ်ပြီး လျှပ်စစ်စွမ်းအင်သုံး ကားများမှာ တစ်ကီလိုမီတာ မောင်းနှင်ရန် ဟောင်ကောင်ဒေါ်လာ ၀ ဒသမ ၂ သာ ကုန်ကျမည်ဖြစ်၍ လျှပ်စစ်စွမ်းအင်သုံး တက္ကစီယာဉ်မောင်းများ ဝင်ငွေပိုကောင်းလာမည်ဖြစ်ကြောင်း ထိုအဖွဲ့အစည်းဥက္ကဋ္ဌ ဝန်ချွမ်းကျောင်က ပြောသည်။

ကားရပ်နားရာနေရာများအနီး အားသွင်းမည့်နေရာကိုးခုတွင် အားသွင်းစက် ၄၇ ခု စီမံပေးသွားမည်ဖြစ်ကြောင်း BYD ကုမ္ပဏီက ပြောသည်။ ဟောင်ကောင်ဘဏ္ဍာရေး အတွင်းဝန် ဂျွန်တီဆန်းက BYD ကုမ္ပဏီ၏ လျှပ်စစ်စွမ်းအင်သုံး ကားထုတ်လုပ်မှုကို ကြိုဆိုလိုက်ကြောင်း သတင်း၌ ဖော်ပြထားသည်။ *—Ref: AFP*

# တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်သစ်ကြောင့် သေဆုံးသူ ၃၆ ဦးထိ ရှိလာ

**လန်ဒန်၊မေ-၁၈**

တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လူလေးဦး ထပ်မံသေဆုံးပြီး $H_7N_9$ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၁၃၁ ဦးအနက် ၃၆ ဦး သေဆုံးသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေလ ၁၇ ရက်တွင် ပြောကြားသည်။

ရောဂါပိုးကူးစက်ခံရသူများထဲမှ လေးဦး ထပ်မံသေဆုံးသွားပြီဖြစ်ကြောင်းနှင့် မေလ ၈ ရက်ကတည်းက $H_7N_9$ ဗိုင်းရပ်စ်ပိုး ထပ်မံကူးစက်ခံရသူမရှိကြောင်း ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

မတ်လတွင် တရုတ်နိုင်ငံရှိ လူနာများ၌ ပထမဦးဆုံး စစ်ဆေးတွေ့ရှိခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါသစ်သည် လူတစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာ ကူးစက်သည်ဟူသော သက်သေအထောက်အထားမရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထပ်လောင်းပြောကြားသည်။

သို့ရာတွင် ရောဂါဖြစ်ပွားရသည့် အကြောင်းရင်းကို ဖော်ထုတ်၍ ထိန်းချုပ်နိုင်ခြင်းမပြုလုပ်နိုင်ပါက $H_7N_9$ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသော လူနာသစ်များ ထပ်မံရှိလာနိုင်သည်ဟု သတိပေးခဲ့သည်။

ပြီးခဲ့သော သီတင်းပတ်က ရောဂါဖြစ်သူအရေအတွက်မှာ တစ်စထက်တစ်စ လျော့ပါးလာပြီဖြစ်၍ အချို့ပြည်နယ်များတွင် အရေးပေါ်အခြေအနေကို စတင်ရုပ်သိမ်းနေပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

တရုတ်ကျန်းမာရေးအာဏာပိုင်များကလည်း စောင့်ကြည့်မှုများ တိုးမြှင့်ခြင်း၊ ရောဂါဗေဒအရ စုံစမ်းစစ်ဆေးခြင်း၊ လူအချင်းချင်း ထိတွေ့မှု ကူးစက်ခြင်းကို ခြေရာခံခြင်း၊ ဆေးရုံဆေးခန်း စီမံခန့်ခွဲမှု စောင့်ကြည့်ခြင်း၊ ဓာတ်ခွဲစမ်းသပ်ခန်း၌ စမ်းသပ်ခြင်း၊ ရောဂါနမူနာများ မျှဝေလေ့လာခြင်းများနှင့်အတူ ရောဂါတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

*—Ref: Reuters*



7DAY NEWS JOURNAL

# Entertainment

Vol.12, No.11 • MAY 22 , 2013



အဆိုတော်ရဲလေးနှင့် သမ္မတရုံးဝန်ကြီး ဦးအောင်မင်း၏ သမီး မအေးမြအောင်တို့၏ မင်္ဂလာဦးဆွမ်းကျွေးကို မေ၁၈ရက်က မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပခဲ့ရာ နှစ်ဖက်မိဘများနှင့်အတူ မင်္ဂလာမောင်နှံကိုတွေ့ရစဉ်


ဓာတ်ပုံ-နစ်ကီ

## ကျွန်တော် တစ်ယောက်တည်းရှိလည်း ကျွန်တော့်နောက်မှာ အမှန်တရားရှိတဲ့အတွက် ဘာကိုမှမကြောက်ပါဘူး

ဒါရိုက်တာဝိုင်းနှင့် အင်တာဗျူး

အေးသူစံ

**ရုပ်ရှင်လောကအတွင်း ဆင်ဆာဖြေလျှော့မှုခေတ်လွန်မှာ ဒါရိုက်တာဝိုင်းရေးသားတဲ့ "ကျွန်မက နှင်းဆီပါမောင်" ဇာတ်ညွှန်းဟာ မြန်မာရုပ်ရှင်လောကမှာ အတော်ဂယက်ရိုက်သွားခဲ့ပါတယ်။ ပါဝင်တဲ့ဇာတ်ဝင်ခန်းအပေါ် နှစ်ဦးနှစ်ဖက် ဖြေရှင်းချက်တွေလုပ်ခဲ့ရပြီး မင်းသမီးအပြောင်းအလဲဖြစ်ပြီးနောက် ယခုမေလဆန်းမှာ အပြီးသတ်ရိုက်ကူးနိုင်ခဲ့ပါတယ်။ ၎င်းရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကား ဆယ်ကားရှိနေပြီ ဆိုပေမယ့် လက်ရှိမှာ ရုံတင်ပြသပြီးတာ နှစ်ကားတည်း ရှိပါသေးတယ်။ ရိုက်ကူးသမျှ ရုပ်ရှင်ကားအများစုမှာ ပါဝင်သူအချို့နဲ့ မပြေလည်မှုတွေဖြစ်တတ်တဲ့ ဒါရိုက်တာဝိုင်းက သူ့သဘာထားနဲ့ ခံယူချက်တွေကို ယခုအင်တာဗျူးမှာ ပွင့်ပွင့်လင်းလင်း ပြောကြားထားပါတယ်။**



**'ကျွန်မကနှင်းဆီပါမောင်'ဇာတ်ကားကို ကျေနပ်အားရစွာနဲ့ အပြီးသတ်ရိုက်ကူးနိုင်ခဲ့တာလား။**

အဘက်ဘက်က ကျေနပ်ပါတယ်။ သရုပ်ဆောင်တွေရော။ ပရိုဂျူဆာရဲ့ပံ့ပိုးမှုတွေရောပေါ့။ နိုင်ငံတကာရုပ်ရှင်ဈေးကွက်မှာ သုံးတဲ့တကယ့်အဆင့်မီတဲ့ကင်မရာနဲ့ရိုက်ခွင့် ရတဲ့ အတွက် ကျွန်တော့်စိတ်ကူးတွေကို အကောင်အထည်ဖော်ခွင့်ရခဲ့တယ်။

**ဒီကင်မရာနဲ့ ရိုက်ခွင့်ရဖို့ ဘယ်လိုညှိနှိုင်းခဲ့လဲ။**

ပရိုဂျူဆာကိုက စိတ်အားထက်သန်တာ။ သူက နိုင်ငံခြားဈေးကွက်မှာ ပြချင်တယ်။ နိုင်ငံခြားဈေးကွက်ပြချင်ရင် အရုပ်နဲ့ အသံကိုနိုင်ငံတကာ အရည်အသွေးမီအောင် လုပ်ရမယ်။ နိုင်ငံတကာက မြန်မာဇာတ်လမ်းအကြောင်းထက် အရုပ်နဲ့အသံအဆင့်အတန်းကိုပဲ သိတာ။ ထိုင်းမှာ ကျွန်တော့်ကားတစ်ကား သွားပြတုန်းက ရှေ့ကကားတွေကို သူတို့ကြည့်သွားတယ်။ ကျွန်တော့်ကားကျတော့ လေးဆယ့်ငါးမိနစ်လောက်ကြည့်ပြီး ထပြန်သွားတယ်။ ဒါ အသံနဲ့ အရုပ်ကြောင့်ပဲ။

**ဇာတ်ကားရိုက်ကူးပြီးစီးသွားပေမယ့် ရုံတင်ဖို့ကတော့ နှစ်ပေါက်အောင် စောင့်ရဦးမှာဆိုတော့ ရုံတင်စနစ်ကြီးကို ပြင်ဖို့ အစ်ကို့ အနေနဲ့ စိတ်ကူးမရှိဘူးလား။**

ရုံတင်တဲ့ အပိုင်းကတော့ ကျွန်တော်မတတ်နိုင်တဲ့ အပိုင်းပဲ။ အခု ဖြစ်နေတဲ့ ရုပ်ရှင်ရုံစနစ်က ဦးစီးချုပ်ကိုင်တဲ့စနစ် ဖြစ်နေတယ်။

စာ(၄၁)သို့

## လာမည့်နှစ်မှာ ကမ္ဘာလှည့်ဖျော်ဖြေမယ့် One Direction

**လန်ဒန်၊ မေ-၁၈**

One Direction အဖွဲ့သည် ၎င်းတို့၏ ၂၀၁၄ ခုနှစ် ပထမဦးဆုံး ကမ္ဘာလှည့်ဖျော်ဖြေရေး ခရီးစဉ်အကြောင်းကို ကြေညာခဲ့သည်။

'Where We Are' ဖျော်ဖြေရေးခရီးစဉ်ကို လာမည့် နှစ်ဧပြီတွင် အမေရိကန်နိုင်ငံ၌ စတင်မည်ဖြစ်ပြီး မေလတွင်မှ ယူကေနှင့် အိုင်ယာလန်နိုင်ငံများတွင် ဖျော်ဖြေမည်ဖြစ်သည်။ ၎င်း ၂၀၁၄ခုနှစ် ခရီးစဉ်သစ်တွင် သီချင်းသစ်များနှင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

One Directionအဖွဲ့သည် ၎င်းတို့ဖျော်ဖြေပွဲနှင့်ပတ်သက်၍ အသိပေးပြောကြားရန် ကမ္ဘာနေရာအနှံ့မှ သတင်းသမားများကို ဖိတ်ကြားခဲ့သည်။ သီချင်းခွေအသစ်တစ်ခွေလည်း ထွက်ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

One Direction အဖွဲ့သား လီယန်က "ကျွန်တော်တို့တွေ နားထောင်လို့ပိုကောင်းမယ့်သီချင်းတွေအများကြီးရေးထားပြီးပါပြီ" ဟု ပြောကြားခဲ့သည်။ အဖွဲ့သားများ အားလုံးသည် ၂၀၁၄ ကမ္ဘာလှည့်ဖျော်ဖြေရေး ခရီးစဉ်နှင့်ပတ်သက်၍ အလွန်တက်ကြွနေခဲ့ကြသည်။

—Ref: BBC





7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013



မကြာမီက မင်္ဂလာပွဲဆင်နွှဲခဲ့သော တောင်ကိုရီးယားသရုပ်ဆောင်စုံတွဲတစ်တွဲ

## တောင်ကိုရီးယားစတားတွေ မင်္ဂလာနှစ်ဖြစ်လာတဲ့ ၂၀၁၃

**ဆိုးလ်၊ မေ-၁၈**

ကိုရီးယားနာမည်ကြီးစုံတွဲများ၏ မင်္ဂလာဆောင်သတင်းများ ၂၀၁၃ ခုနှစ်တွင် ဆက်တိုက်ထွက်ပေါ်လာခဲ့သည်။ မေလ ၁၀ ရက်တွင် မင်းသမီး ဟန်ဟီဂျင်းနှင့် ဘောလုံးသမားကီဆန်ယန်းတို့သည် ဇူလိုင်လတွင် လက်ထပ်တော့မည့်သတင်း ထွက်ပေါ်လာခဲ့သည်။ ဘေဂျီယန်းနှင့် ဂျန်းဆုဝမ်၊ ဂျန်ယွန်ဂျန်းနှင့် ဒိုကွန်ဝမ်း၊ ရှင်ဟွန်ဂျွန်းနှင့် ဂျီအင်းစသည့် ကိုရီးယားနာမည်ကြီးစုံတွဲများသည်လည်း လာမည့်နွေရာသီတွင် လက်ထပ်တော့မည်ဟူသော မင်္ဂလာသတင်းများပေါ်ထွက်ခဲ့သည်။

Ref: Kpop Starz

## နှစ်သန်းငါးရာက မျိုးသုဉ်းပျောက်ကွယ်ခဲ့သည့် သတ္တဝါကိုဂျွန်နီဒပ်အမည်ပေး

**လော့စ်အန်ဂျလိစ်၊မေ-၁၈**



လွန်ခဲ့သည့်နှစ်ပေါင်း သန်းငါးရာခန့်က ရှင်သန်ခဲ့ပြီး မျိုးသုဉ်းပျောက်ကွယ်သွားသည့်သတ္တဝါတစ်မျိုး၏ အမည်ကို ဟောလိဝုဒ် မင်းသား ဂျွန်နီဒပ်၏အမည်ကို အစွဲပြုကာ Kooteninchela deppi 'ကူတင်နင်ချီလာဒပ်ပီ'ဟု မှည့်ခေါ်လိုက်ကြောင်း သိရသည်။

သက်တမ်းနှစ်သန်းပေါင်း ၅၀၅ရှိ အဆိုပါ ရှေးခေတ်သတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဒပ်၏အမည်အစွဲပြု၍ ပေးရခြင်းမှာ သတ္တဝါတွင် ကတ်ကြေးကဲ့သို့ ခြေသည်းများရှိပြီး ၁၉၉၀ က ဂျွန်နီဒပ်၏ ရုပ်ရှင်ကား၌ ၎င်းသရုပ်ဆောင်သည့် ဇာတ်ရုပ် Edward Scissorhandsနှင့်တူညီကာ အမှတ်ရစေသောကြောင့်ဖြစ်သည်။

ယင်းသတ္တဝါ၏အမည်ကို ပေးခဲ့သည့် သိပ္ပံပညာရှင် ဒေးဗစ်လက်ဂ်က "ဒီကျောက်ဖြစ်ရုပ်ကြွင်း သတ္တဝါရဲ့ ခြေသည်း၊ လက်သည်းတွေကို ကျွန်တော်မြင်လိုက်တဲ့အခါ Edward Scissorhands ကိုပဲ သတိရမိပါတယ်။ မျိုးရိုးဗီဇအမည် သိပ္ပံနာမည် Kootenichela မှာလည်း ဒီရုပ်ရှင်ကို ညွှန်းတာပါသလို Chela ဆိုတာလည်း လက်တင်စကားမှာ ခြေသည်း၊ လက်သည်း (သို့မဟုတ်) ကတ်ကြေးလို့ အမည်ရပါတယ်"ဟု ပြောသည်။ ဂျွန်နီဒပ်၏ ပရိသတ်တစ်ဦးလည်းဖြစ်သည့် လက်ဂ်၏ ယခုကဲ့သို့ အမည်ပေးမှုကို မင်းသားကိုယ်တိုင်ဘက်က မှုမည်သည့်မှတ်ချက်မှ မပေးသေးကြောင်း People မဂ္ဂဇင်းတွင် ဖော်ပြသည်။

Kooteninchela deppi သတ္တဝါမှ ဆင်းသက်လာသော သတ္တဝါများမှာ ပင့်ကူများ၊ ဂဏန်းများ၊ ခြေတံရှည်သည့် အင်းဆက်သတ္တဝါများဖြစ်သော centipedes နှင့် millipedes သတ္တဝါများလည်း ပါဝင်သည်။ Ref: People






# Sports

7DAY NEWS JOURNAL

Vol.12, No.11 • MAY 22 , 2013




TAL COHEN/EPA



PETER POWEL/ EPA

# ချယ်လ်ဆီး၊ လီဗာပူးပွဲစဉ်များသို့ မြန်မာမှ ပရိသတ်များသွားရောက်အားပေးမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မေ-၂၀**

လာမည့်ဇူလိုင်လအတွင်း အာဆီယံနိုင်ငံများသို့ ခြေစမ်းပွဲများလာရောက်ကစားမည့် အင်္ဂလိပ်ပရီးမီးယားလိဂ်ချယ်လ်ဆီးနှင့် လီဗာပူးအသင်းပွဲစဉ်များသို့ မြန်မာပရိသတ်များ သွားရောက်ကြည့်ရှုအားပေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌အဆိုပါဘောလုံးကလပ်နှစ်သင်းမှ တရားဝင်အသိအမှတ် ပြုထားသည့်(Official Supporters Fans Club)များရှိနေပြီဖြစ်သည်။ ဖန်ကလပ်အသင်းဝင်များသည် ထိုင်းနိုင်ငံတွင် ထိုင်းလက်ရွေးစင်အသင်းနှင့် လာရောက်ခြေစမ်းမည့်အင်္ဂလိပ်ပရီးမီးယားလိဂ်ကလပ်အသင်းနှစ်သင်း၏ပွဲစဉ်များအား သွားရောက်ကြည့်ရှုကြရန် စီစဉ်နေကြကြောင်း အဆိုပါအဖွဲ့များမှ သိရှိရသည်။

“တရားဝင်အသိအမှတ်ပြု (Fan Club) အဖွဲ့ဝင်ဖြစ်လာတဲ့အတွက် ရရှိတဲ့ခံစားခွင့်တချို့ကတော့ လက်မှတ်တွေကို အားလုံးမရောင်းချခင်မှာ အစ်ကိုတို့လိုအဖွဲ့ဝင်တွေကို ကြိုတင်အကြောင်းကြားတယ်။ လက်မှတ်ရောင်းတယ်ပေါ့။ ပွဲကြည့်စင်နေရာအနေအထားကိုလည်း ကြိုတင်ရွေးချယ်ထားခွင့်စတဲ့ အခွင့်အရေးတွေရရှိပါတယ်။ ဘန်ကောက်မှာကစားမယ့် လီဗာပူးပွဲစဉ်ကိုတော့ မြန်မာနိုင်ငံက လီဗာပူးပရိသတ်အဖွဲ့ဝင်တွေ သွားရောက်ကြည့်ရှုမှာဖြစ်ပြီး အင်ဒိုနီးရှားမှာကစားမယ့် ပွဲစဉ်ကိုတော့ စင်ကာပူရောက် မြန်မာနိုင်ငံက လီဗာပူးပရိသတ်အဖွဲ့ဝင်တွေသွားရောက်ကြည့်ရှုဖို့စီစဉ်နေပါတယ်”ဟု(Myanmar Reds)ဟုအမည်ပေးထားသည့် လီဗာပူးအသင်း၏တရားဝင်အသိအမှတ်ပြုဖန်ကလပ်အဖွဲ့ဥက္ကဋ္ဌကို မြတ်လွင်ကပြောသည်။

လီဗာပူးအသင်းသည် လာမည့် ဇူလိုင် ၂၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ဇူလိုင် ၂၈ ရက်တွင် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများလာရောက်ကစားမည်ဖြစ်ပြီး ချယ်လ်ဆီးအသင်းသည်လည်း ဇူလိုင်လအတွင်း၌ အာဆီယံနိုင်ငံများဖြစ်သည့် ထိုင်း၊မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများတွင် ခြေစမ်းပွဲများ လာရောက်ကစားမည်ဖြစ်သည်။

“ဘန်ကောက်မှာကစားမယ့် ချယ်လ်ဆီးအသင်းပွဲစဉ်ကိုမြန်မာနိုင်ငံက ချယ်လ်ဆီးပရိသတ်တွေ သွားရောက်ကြည့်ရှုဖို့ စီစဉ်နေပါတယ်။ တရားဝင်အသိအမှတ်ပြုဖန်ကလပ်ဝင်ဖြစ်တဲ့အတွက် စင်ကာပူမှာရှိတဲ့ ချယ်လ်ဆီးအာရှရုံးခွဲကနေ လက်မှတ် ၁၀စောင်ကမ်းလှမ်းထားတာလည်းရှိပါတယ်”ဟု ချယ်လ်ဆီးအသင်း၏ တရားဝင်အသိအမှတ်ပြုဖန်ကလပ်အဖွဲ့အတွင်းရေးမှူးကိုမျိုးဇော်ဦးက ပြောသည်။ တရားဝင်အသိအမှတ်ပြုထားသည့် ဖန်ကလပ်ဝင်များဖြစ်သည့်အတွက် အသင်းတာဝန်ရှိသူများနှင့်လည်းတွေ့ဆုံစကားပြောခွင့်စသည့် အခွင့်အရေးများလည်း ရရှိမည်ဖြစ်ကြောင်း ကိုမြတ်လွင်ကပြောသည်။

မြန်မာနိုင်ငံမှ ချယ်လ်ဆီးပရိသတ်များအဖွဲ့အား လန်ဒန်မြို့ခံချယ်လ်ဆီးဘောလုံးကလပ်အသင်း က ၂၀၁၂ခုနှစ် နိုဝင်ဘာအတွင်းက တရားဝင်အသိအမှတ်ပြုလက်ခံခဲ့ပြီး လီဗာပူးအသင်းအနေဖြင့် ယခုနှစ်ဖေဖော်ဝါရီ၁၅ ရက်က မြန်မာနိုင်ငံမှ လီဗာပူးပရိသတ်များအဖွဲ့အား တရားဝင်အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

## မြန်မာလိဂ်အမှတ်ပေးဇယား ကမ္ဘောဇဆက်လက်ဦးဆောင်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မေ-၁၉**

၂၀၁၃မြန်မာနေရှင်နယ်လိဂ်ဒုတိယအကျော့ပထမပွဲစဉ်တွင် အမှတ်ပေးဇယားထိပ်ဆုံးမှ အသင်းကြီးများ နိုင်ပွဲဆက်လက်ရရှိခဲ့ပြီး ကမ္ဘောဇအသင်းကထိပ်ဆုံးမှဆက်လက်ဦးဆောင်နေဆဲ ဖြစ်သည်။

ပထမကျော့ပွဲစဉ်များ အပြီးတွင် ကမ္ဘောဇ၊ ဇေယျာရွှေမြေနှင့် နေပြည်တော်အသင်းသုံးသင်းသည် ရမှတ်တူ(ဂိုးကွာခြားချက်အရ) အစဉ်လိုက်ရပ်တည်နေပြီး ယခုတစ်ပတ်ပွဲစဉ်များတွင်လည်း နိုင်ပွဲ ဆက်လက်ရရှိခဲ့သည့်အတွက် အမှတ်ပေးဇယားထိပ်ပိုင်းနေရာ ပြောင်းလဲမှု မရှိခဲ့ပေ။

ကမ္ဘောဇအသင်းက ရခိုင်ယူနိုက်တက်အသင်းကို ၃-၁ ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်အသင်းကလည်း ဆောက်သမ်းမြန်မာအသင်းအား ၃-၀ ဂိုးဖြင့်လည်းကောင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ခုနစ်ပွဲဆက်တိုက် ရှုံးပွဲမရှိသေးသည် ရောဝတီယူနိုက်တက်အသင်းမှာမူ ဇေယျာရွှေမြေအသင်းအား ၁-၂ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ချန်ပီယံဟောင်းရတနာပုံအသင်းနှင့် မနောမြေအသင်းတို့ပွဲစဉ် တစ်ဖက်တစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်မှာ ဟံသာဝတီအသင်းကို ၃-၀ ဂိုးဖြင့် အနိုင်ယူကာ ပထမနေရာနှင့် တစ်မှတ်အကွာဖြင့် ဖိအားပေးလျက်ရှိသည်။ မကွေးအသင်းမှာ ဇွဲကပင်အသင်းနှင့် ဂိုးမရှိ သရေရလဒ်ပေါ်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် အသင်း၏ရှုံးပွဲမရှိစံချိန်အား ဆက်လက်ထိန်းထားဆဲဖြစ်သည်။

လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မည့် လက်ရွေးစင် ယူ-၂၃ အသင်း၏ စုစည်းလေ့ကျင့်မှုနှင့် နိုင်ငံတကာပွဲစဉ်များရှိသည့်အတွက် မြန်မာလိဂ်-၁၂ (ဒုတိယအကျော့ပွဲစဉ်-၁)အပြီးတွင် လိဂ်ပွဲစဉ်များအား တစ်လခန့်ရပ်နားထားမည်ဖြစ်ကာ ပွဲစဉ် ၁၃ အား ဇွန်လ ၁၅ ရက်တွင် ပြန်လည်စတင်မည်ဖြစ်သည်။

## အရှေ့တောင်အာရှ ဗိုဗီနမ်ပြိုင်ပွဲ မြန်မာဝင်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မေ-၂၀**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှချန်ပီယံရှစ် ဗိုဗီနမ်(ဗီယက်နမ်ရိုးရာကိုယ်ခံပညာ)ပြိုင်ပွဲသို့ မြန်မာဗိုဗီနမ်အားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို မေလ ၂၈ ရက်မှ ၃၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ကျင်းပမည်ဖြစ်ပြီး လာမည့်ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသော မြန်မာဗိုဗီနမ်အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအားကစားသမားများသည် နိုင်ငံတကာဗိုဗီနမ်အားကစားပြိုင်ပွဲသို့ယခင်ကဝင်ရောက်ယှဉ်ပြိုင်ဖူးခြင်းမရှိခဲ့ဘဲ ယခုပြိုင်ပွဲသည် ပထမဆုံးနိုင်ငံတကာ ပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

“မြန်မာဗိုဗီနမ်အားကစားသမားတွေအနေနဲ့ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲကို အားကစားသမား ၃၅ ဦးနဲ့ သွားရောက်ယှဉ်ပြိုင်မှာပါ။ ဒီပြိုင်ပွဲက မြန်မာအားကစားသမားတွေအတွက် အတွေ့အကြုံကောင်းတွေရရှိစေမှာဖြစ်ပြီး အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာပါ”ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

ပြိုင်ပွဲတွင် အတိုက်နှင့် အပြပြိုင်ပွဲအမျိုးအစားနှစ်မျိုးအတွက် အတန်း ၁၈ တန်းတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆီးဂိမ်းအတွက် ရွေးချယ်ထားသည့် ပဏာမလက်ရွေးစင်အားလုံးကို ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်မှ သိရှိရသည်။






ယုံကြည်စိတ်ချနေ့စဉ်အာဟာရ
အရပ်ပိုရှည်
ဉာဏ်ပိုကောင်း*
အားပိုရှိ**
Horlicks
"Taller, Sharper, Stronger" Claim based on Study at a famous boarding school in India using 2 servings per day of micronutrient enriched beverage v/s placebo over 14 months (Year 1999) in 869 school children. Horlicks is a nourishing beverage which when consumed as a part of regular diet can help meet nutritional requirements.
Sharper* - Improved Attention & Concentration, Stronger** - More muscles

7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013




# ချန်ပီယံလိဂ်သမိုင်းရဲ့ ပထမဆုံးဂျာမန် ဖိုင်နယ်မှာ အောင်ပွဲခံမှာဘယ်သူလဲ

MARC [illegible]LLER EPA

**ကိုအေးမြတ်**

ဒီနှစ်ချန်ပီယံလိဂ်ကတော့ မထင်တာတွေ ဖြစ်ခဲ့တာပါ။ ကျွမ်းကျင်သူအများစုက တစ်ပေးခဲ့တဲ့ စပိန်ထိပ်သီး ဘာစီလိုနာနဲ့ ရီးရဲလ်တို့ဟာ ခြေစွမ်းကောင်းမွန်တဲ့ ဂျာမန်နှစ်သင်းနဲ့တွေ့ပြီး ဆီမီးမှာ ကျန်ခဲ့ရပါတယ်။ ဒါကြောင့် ဒီနှစ်ချန်ပီယံလိဂ်ဟာ All German ဖိုင်နယ်ဖြစ်လာခဲ့ပြီး ပြည်တွင်းမှာလည်း အကြိတ်အနယ် ကစားလေ့ရှိတဲ့ နှစ်သင်းရဲ့ သရဖူလုပွဲကို အင်္ဂလန်မြေဝင်ဘလေမှာ ပြန်ကြည့်ရမယ့်သဘောပါပဲ။

"ဟောလိဝုဒ်ဘောလုံးကလပ်"ရယ်လို့ လူသိများတဲ့ ဘိုင်ယန်ဟာ ကွင်းတွင်းမှာရောပြင်ပမှာပါ အသင်းရဲ့ စူပါစတားတွေကြောင့် ကျော်ကြားလှပါတယ်။ ရော်ဘင်၊ ရီဘာရီတို့လိုထိပ်သီးကစားသမားတွေရှိနေတဲ့ ဘိုင်ယန်ဟာ နောက်ဆုံး ချန်ပီယံလိဂ်ဖလားကို ၂၀၀၀ ပြည့်နှစ်မှာ ဗလင်စီယာကိုနိုင်ပြီး ရရှိခဲ့ပါတယ်။ ဒေါ့မွန်ရဲ့ လူငယ်နည်းပြ ယာဂန်ကလော့ပ်ကတော့ ပရီးမီးယားလိဂ်မှာ တန်းဆင်းသွားပြီဖြစ်တဲ့ ကျူပီအာအသင်းက ပေးတာထက်နည်းတဲ့လစာနဲ့ ဒေါ့မွန်လိုအသင်းမျိုးကို ဘွန်ဒက်စ်လီဂါ ဒုတိယ၊ ချန်ပီယံလိဂ်ဖိုင်နယ် ရောက်အောင် ဆွဲတင်နိုင်ခဲ့သူပါ။ ဗိုလ်လုပွဲမတိုင်ခင် ဘွန်ဒက်စ်လီဂါမှာ နောက်ဆုံးတွေ့ဆုံစဉ် ၁-၁ ဂိုးစီနဲ့ သရေဖြစ်ခဲ့တဲ့ အကြောင်းသိဒီနှစ်သင်းဟာ ချန်ပီယံလိဂ်မှာလည်း ဂိုးပြတ်နိုင်ကြဖို့ မလွယ်လှပါဘူး။ ဘိုင်ယန်မှာ ရီဘာရီ၊ ရှဝိန်းစတိုင်ဂါ၊ ရော်ဘင်၊ မာတီနက်ဇ်တို့လို သိပ်သည်းတဲ့ အလယ်တန်းရှိနေပြီး ဒေါ့မွန်ကတော့ ဆာဟင်၊ ခါးလ်၊ ဘန်ဒါ၊ ရှူးယက်စ်တို့လို့ အလယ်တန်းတွေရှိနေကာ ရီးရဲလ်ကို အနိုင်ရတဲ့ပွဲမှာ ဂေါ့ဇီ၊ ဘန်ဒါ၊ ဂန်ဒိုဂင်တို့ရဲ့ အလယ်တန်းနဲ့ နိုင်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်ကတော့ လီဝမ်ဒေါ်စကီးကို အထောင်ထားပြီး ပွဲထွက်လာနိုင်တယ်။ အခု ဂေါ့ဇီ ပြန်ကစားနိုင်ဖွယ်ရှိတယ်လို့ သတင်းထွက်လာတာကြောင့် တိုက်စစ်မှာလည်း ပိုကောင်းလာဖို့ ရှိနေပါတယ်။

နှစ်သင်းယှဉ်ရင် ဘိုင်ယန်ကသာတာကတော့ ဂိုးသွင်းနိုင်စွမ်းရှိတဲ့ အလယ်တန်းကို ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။ ရော်ဘင်၊ ရီဘာရီ၊ တိုနီခရူးစ်၊ ဇာဒန်ရှာကီရီနဲ့ တောမတ်စ်မူလာတို့ဟာ အချိန်မရွေး ဂိုးသွင်းနိုင်စွမ်းရှိတာကြောင့် သတိထားရပါမယ်။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ဘိုင်ယန်နှစ်ကြိမ်နိုင်ပြီး ဒေါ့မွန်တစ်ကြိမ်နိုင်ကာ သရေနှစ်ပွဲကျထားပါတယ်။ ဥရောပအကောင်းဆုံး ကစားသမားတွေပါဝင်နေတဲ့ ဘိုင်ယန်ဟာ ဒီပွဲမှာ လျင်မြန်တဲ့ ကစားဟန်ကို ဖျော်ဖြေမှုရှိရှိနဲ့ ပြသသွားနိုင်ပါတယ်။ ဂိုးရရှိမှု မကွာနိုင်တဲ့ ဒီပွဲမှာ ဘိုင်ယန်ဟာ အနည်းငယ်သာနေတယ်လို့ ဆိုချင်ပါတယ်။

| ဒေါ့မွန်နောက်ဆုံးငါးပွဲရလဒ် | | | |
|---|---|---|---|
| - ၂၅. ၄. ၁၃ (ချန်ပီယံလိဂ်) | ဒေါ့မွန် | ၄-၁ | ရီးရဲလ် |
| - ၂၈. ၄. ၁၃ (ဘွန်ဒက်စ်လီဂါ) | ဒူဆယ်ဒေါ့ | ၁-၂ | ဒေါ့မွန် |
| - ၁. ၅. ၁၃ (ချန်ပီယံလိဂ်) | ရီးရဲလ် | ၂-၀ | ဒေါ့မွန် |
| - ၅. ၅. ၁၃ (ဘွန်ဒက်စ်လီဂါ) | ဒေါ့မွန် | ၁-၁ | ဘိုင်ယန် |
| - ၁၁. ၅. ၁၃ (ဘွန်ဒက်စ်လီဂါ) | ဝုလ်စဘတ် | ၃-၃ | ဒေါ့မွန် |
| **ဘိုင်ယန်နောက်ဆုံးငါးပွဲရလဒ်** | | | |
| - ၂၄. ၄. ၁၃ (ချန်ပီယံလိဂ်) | ဘိုင်ယန် | ၄-၀ | ဘာစီလိုနာ |
| - ၂၇. ၄. ၁၃ (ဘွန်ဒက်စ်လီဂါ) | ဘိုင်ယန် | ၁-၀ | ဖရိုင်းဘတ် |
| - ၂. ၅. ၁၃ (ချန်ပီယံလိဂ်) | ဘာစီလိုနာ | ၀-၃ | ဘိုင်ယန် |
| - ၅. ၅. ၁၃ (ဘွန်ဒက်စ်လီဂါ) | ဒေါ့မွန် | ၁-၁ | ဘိုင်ယန် |
| - ၁၁. ၅. ၁၃ (ဘွန်ဒက်စ်လီဂါ) | ဘိုင်ယန် | ၃-၀ | အော့စ်ဘတ် |
| **နှစ်သင်း နောက်ဆုံးငါးပွဲ ထိပ်တိုက်တွေ့ဆုံမှုရလဒ်** | | | |
| - ၅. ၅. ၁၃ (ဘွန်ဒက်စ်လီဂါ) | ဒေါ့မွန် | ၁-၁ | ဘိုင်ယန် |
| - ၂၈. ၂. ၁၃ (ဂျာမန်ဖလား) | ဘိုင်ယန် | ၁-၀ | ဒေါ့မွန် |
| - ၂. ၁၂. ၁၂ (ဘွန်ဒက်စ်လီဂါ) | ဘိုင်ယန် | ၁-၁ | ဒေါ့မွန် |
| - ၁၃. ၈. ၁၂ (ဂျာမန်စူပါဖလား) | ဘိုင်ယန် | ၂-၁ | ဘိုင်ယန် |
| - ၁၃. ၅. ၁၃ (ဂျာမန်ဖလား) | ဒေါ့မွန် | ၅-၂ | ဘိုင်ယန် |

# ၂၀၁၅ ဆီးဂိမ်းရည်ရွယ်၍ အား/ကာသိပ္ပံ (ရန်ကုန်)တွင် အားကစားသမားများ ကြိုတင်စခန်းသွင်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၁၈**

ပြီးခဲ့သည့် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲမှ (B)အဆင့်သတ်မှတ်ခြင်းခံရသည့် အားကစားလူငယ်များအား အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၌ ဆက်လက်စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပြီးခဲ့တဲ့ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲမှာ (B)အဆင့်သတ်မှတ်ခံရတဲ့ မျိုးဆက်သစ်လူငယ်အားကစားသမားတွေကို အား/ကာသိပ္ပံ(ရန်ကုန်)မှာ လာမယ့် ဇွန်လဆန်းကစပြီး စခန်းသွင်းလေ့ကျင့်ပေးသွားဖို့ စီစဉ်နေပါတယ်။ အားကစားသမားတွေ စခန်းသွင်း နေထိုင်ဖို့အတွက်လည်း အဆောက်အအုံတွေ ပြင်ဆင်ဆောက်လုပ်နေပါတယ်။ ၂၀၁၅ စင်ကာပူဆီးဂိမ်းအတွက် အဓိကရည်ရွယ်ပါတယ်" ဟု အား/ကာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးကျော်ဆန်းဦးက ပြောကြားသည်။

မတ်လအတွင်းက နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲတွင်ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနအသင်းများနှင့် အား/ကာသိပ္ပံများမှ အားကစားသမားများအပါအဝင် နိုင်ငံတစ်ဝန်းလုံးမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကာ အားကစားသမားများ၏ အရည်အချင်းအား အဆင့် (၃)ဆင့်ခွဲခြားသတ်မှတ်ခဲ့သည်။

အား/ကာသိပ္ပံ(ရန်ကုန်)တွင် စခန်းသွင်းလေ့ကျင့်ရန် အားကစားသမား စုစုပေါင်း ၂၀၀ ဝန်းကျင်ရှိမည်ဖြစ်ကာ ပြည်တွင်းနည်းပြများအပြင် ထိုင်းနိုင်ငံမှ နည်းပြဆရာများဖြင့် လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လောလောဆယ်တော့ အားကစားနည်းရှစ်မျိုးဝန်းကျင်လောက်ရှိပါတယ်။ ပြေးခုန်ပစ်အားကစားသမားတွေအများဆုံးပါဝင်ပါတယ်။ ရွှေအားကစားစခန်း (B)လို့ အမှတ်ပေးထားပါတယ်"ဟု ၎င်းက ပြောသည်။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲမှ (A)အဆင့်သတ်မှတ်ခြင်းခံရသည့် အားကစားသမားများသည် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲဆင်နွှဲရန်အတွက် နေပြည်တော်ရွှေအားကစားစခန်းတွင် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။ (B)အဆင့် အားကစားသမားများအား အား/ကာသိပ္ပံ(ရန်ကုန်)၌ ဆက်လက်စခန်းသွင်းလေ့ကျင့်မည်ဖြစ်ကာ (C)အဆင့်သတ်မှတ်ခံရသည့် အားကစားသမားများကိုမူ ပြန်လည်စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။



*နေပြည်တော်ရှိ ရွှေအားကစားစခန်းတွင် လေ့ကျင့်နေသော အားကစားသမားများ* ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း






7DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013



# လိင်တူထိမ်းမြားခွင့်ဥပဒေ ပြင်သစ်သမ္မတ ဟော်လန်ဒီ လက်မှတ်ထိုး

**ပါရီ၊မေ-၁၈**

ပြင်သစ်နိုင်ငံ အခြေခံဖွဲ့စည်းပုံကောင်စီက လက်ယာယိမ်းအတိုက်အခံအဖွဲ့အစည်း၏ တရားဝင် စိန်ခေါ်မှုကို ပယ်ချလိုက်ပြီးနောက် ပြင်သစ်နိုင်ငံတွင် အငြင်းပွားဖွယ်ရာ လိင်တူထိမ်းမြားခွင့်ဥပဒေကို သမ္မတဟော်လန်ဒီက မေလ ၁၈ ရက်တွင် သဘောတူခွင့်ပြုကြောင်း လက်မှတ်ရေးထိုးလိုက်သည်။

နိုင်ငံရေးအငြင်းပွားမှုများ လအတန်ကြာဖြစ်ပွားခဲ့သည့်လိင်တူထိမ်းမြားခွင့်ဥပဒေကို သမ္မတဟော်လန်ဒီက သဘောတူခွင့်ပြုလိုက်ပြီးနောက် ပြင်သစ်နိုင်ငံသည်ကမ္ဘာပေါ်တွင် လိင်တူထိမ်းမြားခွင့်အား တရားဝင်ခွင့်ပြုသည့် ၁၄ နိုင်ငံမြောက်ဖြစ်လာသည်။ ပြင်သစ်နိုင်ငံတွင် ပထမဆုံး လိင်တူထိမ်းမြားခြင်းများ ဇွန်လ စောစောပိုင်းတွင် ကျင်းပနိုင်လိမ့်မည်ဟုပြင်သစ်တရားရေးဝန်ကြီး ခရစ်စတိန်းတော်ဘီရာက ပြောသည်။ ၎င်းဥပဒေတွင် မိန်းမစိတ်ပေါက်နေသူ အမျိုးသားများ ကလေးမွေးစားခွင့်လည်း ပါဝင်သည်။



ANATOLY MALTSEV/EPA

*စိန့်ပီတာစဘတ်မြို့တွင် မေ ၁၇ ရက်က လိင်တူဆက်ဆံသူများကို ခွဲခြားဆက်ဆံမှုပပျောက်ရေး နိုင်ငံတကာနေ့ ချီတက်ပွဲကျင်းပစဉ်။ အလားတူချီတက်ပွဲကို ဂျော်ဂျီယာတွင် ပြုလုပ်ခဲ့ရာ ဆန္ဒပြသူများက နှောင့်ယှက်ခဲ့ပြီး မော်စကိုတွင်လည်း မိန်းမလျာအခွင့်အရေးတောင်းဆိုချီတက်ပွဲကို တာဝန်ရှိသူများက ပိတ်ပင်ခဲ့သည်။*

လူတန်းစားအားလုံး၏ ထိမ်းမြားလက်ထပ်ခွင့်ဆိုင်ရာ သမ္မတဟော်လန်ဒီ၏ အမြင်အပေါ် ပြင်သစ်နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းက ထောက်ခံခဲ့ကြကြောင်း စစ်တမ်း ကောက်ချက်များအရ သိရသည်။

လိင်တူ ပေါင်းသင်းလက်ထပ်ခြင်းကို အခြားသော ဥရောပနိုင်ငံရှစ်နိုင်ငံ၌ တရားဝင်ခွင့်ပြုထားပြီး ၎င်းနိုင်ငံများမှာ နယ်သာလန်၊ ဘယ်လ်ဂျီယမ်၊ စပိန်၊ နော်ဝေး၊ ဆွီဒင်၊ ပေါ်တူဂီ၊ အိုက်စလန်နှင့် ဒိန်းမတ်နိုင်ငံတို့ ဖြစ်ကြောင်း သိရသည်။ *—Ref: France.24*

# ဗြိတိသျှပါလီမန်အမတ်အချို့ အရက်အလွန်အကျွံသောက်

**လန်ဒန်၊မေ-၁၈**

ဗြိတိသျှပါလီမန်တွင် အရက်အလွန်အကျွံသောက်သည့် မကောင်းသော ပြုမူမှုတစ်ရပ်ရှိသည်ဟု ပါလီမန်အမတ်လေးပုံတစ်ပုံခန့်က ယုံကြည်ကြကြောင်း စစ်တမ်းကောက်ယူမှု အသစ်တစ်ရပ်တွင် ဖော်ပြသည်။

ဗြိတိန်ပါလီမန်အမတ်များကြားအရက်သောက်သည့်အလေ့အထမှာမြင်တွေ့နေကျဖြစ်သော်လည်း ၎င်းတို့အနက် အချို့က အရက်အလွန်အကျွံသောက်သုံးခြင်းမှာ မကောင်းသည့် အလေ့အထအဖြစ် ယူဆကြသည်။ Alcohol Concern အဖွဲ့၏စစ်တမ်းကောက်ယူမှုအား ပြန်လည်ဖြေကြားခဲ့သည့် အမတ် ၁၅၀ ဦးအနက် ၂၆ ရာခိုင်နှုန်းက ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များမှာ အရက်အလွန်အကျွံ သောက်နေကြသည်ဟု ယူဆကြသည်။ ၂၀၁၁ခုနှစ်မတ်လအတွင်း အောက်လွှတ်တော်ရှိ အရက်ဘားကိုးခုတွင် စတာလင်ပေါင် ၁ ဒသမ ၃၃ သန်း သုံးစွဲခဲ့ကြောင်းလည်း ၎င်းစစ်တမ်းကောက်ယူမှုအရ သိရှိရသည်။

အောက်လွှတ်တော် ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးကမူ အရက်အလွန်အကျွံ သောက်သုံးမှုကို ၂၀၁၂ ခုနှစ်မှစတင်၍ အရေးယူခဲ့ကြောင်း ပြောသည်။

အခြားသော အဖွဲ့အစည်းများတွင် အလုပ်သမား လေးပုံတစ်ပုံခန့်က အရက်အလွန်အကျွံသောက်သုံးသော အလေ့အထရှိနေကြောင်း ပြောကြားလျှင် ၎င်းတို့၏ အထက်အရာရှိများက ချက်ချင်းအရေးယူဆောင်ရွက်ကြမည်ဖြစ်ပြီး ပါလီမန်အမတ်များ အရက်သောက်သည့် အလေ့အထအား ပြန်လည်စဉ်းစားရန် အချိန်ကျပြီဖြစ်ကြောင်း ယင်းအဖွဲ့ အမှုဆောင်အရာရှိချုပ် အဲရစ်အပ်ပဲဘီက ပြောသည်။ ယခုနှစ်စောစောပိုင်းတွင် လွှတ်တော်အမတ် အဲရစ်ဂျိုစီသည် အောက်လွှတ်တော် အရက်ဘားတစ်ခုတွင် အရက်မူးပြီး ရန်ဖြစ်ခဲ့ခြင်းကြောင့် ၎င်းအား ပါလီမန်၌ အရက်ဝယ်ယူခွင့် တားမြစ်ခဲ့ရကြောင်း သတင်းတွင် ဖော်ပြထားသည်။ *—Ref: PTI*

# သတိပေးချက်ထုတ်ပြန်ခဲ့သော်လည်း အမေရိကန်သူလျှိုများဆက်လက်လှုပ်ရှားနေကြဟု ရုရှားပြော

**မော်စကို၊ မေ-၁၈**

ရုရှားနိုင်ငံလုံခြုံရေးအရာရှိများအား အမေရိကန်က သူလျှိုလုပ်ပေးရန်စည်းရုံးနေခြင်းအား ရပ်တန့်ရန် ရုရှားနိုင်ငံက ၂၀၁၁ခုနှစ်တွင် သတိပေးခဲ့ပြီး ယင်းသတိပေးချက်အား အမေရိကန်က ဥပေက္ခာပြုထားကာ ဆက်လက်စည်းရုံးနေခြင်းကြောင့် ယခုနှစ်ဇန်နဝါရီလတွင် စီအိုင်အေ စုံထောက်တစ်ဦးအား နှင်ထုတ်လိုက်ကြောင်း ရုရှားဖက်ဒရယ်လုံခြုံရေးဌာန (FSB) က မေ ၁၆ရက်တွင်ပြောသည်။

ဇန်နဝါရီလအတွင်းဖြစ်ပွားခဲ့သည့် ကိစ္စအား ရုရှားနိုင်ငံက လျှို့ဝှက်ထားခဲ့သော်လည်း ယခုသီတင်းပတ်တွင် အမေရိကန်သံရုံးမှ ရိုင်ယန်ဖိုဂဲလ်အား ထိန်းသိမ်းလိုက်ပြီးနောက်ထိုကိစ္စမှာ လူသိရှင်ကြားဖြစ်သွားသည်။ စီအိုင်အေက သတ်မှတ်ဘောင်ကျော်လွန်ခဲ့သောကြောင့် တုံ့ပြန်ခဲ့ရခြင်းဖြစ်ကြောင်း FSB ပြောရေးဆိုခွင့်ရှိသူ ဇာဟာရော့ဗ်က ရိုက်တာသတင်းဌာနသို့ပြောသည်။

ရုရှားနိုင်ငံ၏လုံခြုံရေးအရာရှိတစ်ဦးကို ဖိုဂဲလ်ကသူလျှိုလုပ်ပေးရန်စည်းရုံးနေစဉ် လက်ပူးလက်ကြပ်ဖမ်းမိခဲ့ပြီး ရုရှားနိုင်ငံက ၎င်းအား နှင်ထုတ်လိုက်ကြောင်း FSB ကပြောသည်။ FSB ၏ ဖမ်းဆီးမှုကို ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသရာတွင် ရွှေရောင်ဆံပင်တုဖြင့် ရုပ်ဖျက်ရိုက်ကူးထားသောပုံများ၊ ငွေသားအမြောက်အမြားနှင့် သူလျှိုလုပ်ပေးလျှင် တစ်နှစ်ကို ယူရိုငွေ တစ်သန်းပေးမည်ဟု ရေးသားထားသည့် စာတစ်စောင်အားထိန်းသိမ်းရရှိခဲ့ကြောင်းသိရသည်။

ဆီးရီးယားပြည်တွင်း စစ်ပွဲအား အဆုံးသတ်ရန်နှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရာတွင် အမေရိကန်နှင့် ရုရှားပူးပေါင်းဆောင်ရွက်ရန် ကတိပြုထားပြီးရက်အတော်ကြာတွင် ရုရှားက ထိုကဲ့သို့ အမိန့်ချမှတ်ခဲ့သည်။

ဇန်နဝါရီအတွင်းက အမေရိကန်သံရုံးမှ ဝန်ထမ်းတစ်ဦးနှင်ထုတ်ခံခဲ့ရခြင်းကို ကန်သံရုံးက အတည်ပြုပြောကြားခြင်းမရှိပေ။ ၂၀၁၁ခုနှစ်ဧပြီလတွင် မစ္စတာဖိုဂဲလ်ရောက်ရှိလာချိန်မှာပင် သူသည် စီအိုင်အေမှဖြစ်ကြောင်း ဖော်ပြသည့် သတင်းအချက်အလက်များအား FSB က ရရှိထားခဲ့သည်ဟု ပြောသည်။

*—Ref: Reuters*






GS Medical Center
ALL -40% 2013.5.1~6.30 discount!
Facebook : http://www.facebook.com/GSMCinM
တိုက်(A)၊No (4,5)

7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

နောက်ကျောဖုံးမှ

## ဘင်္ဂလားဒေ့ရှ် အထည်ချုပ် လုပ်သားများ ဆန္ဒပြ ရဲတပ်ဖွဲ့နှိမ်နင်း

နှစ်ပတ်ခန့် ရပ်နားထားခဲ့ပြီး မေလ ၁၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဇုန်မှ လုပ်သားများ၏လစာမှာ ၂၀၁၀ နိုဝင်ဘာလတွင် သတ်မှတ်ခဲ့သည့် တစ်လ ၃၈ ဒေါ်လာအတိုင်းသာရှိနေ၍ အလုပ်သမားများနှင့် သမဂ္ဂများက တစ်လလုပ်ခ ဒေါ်လာ ၁၀၀ ခန့်ပေးရန် တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပြီးခဲ့သောအပတ်မှစ၍ နိုင်ငံ၏ အထည်ချုပ်လုပ်သား သုံးသန်းကျော်၏ လစာများကို တိုးမြှင့်ရေးနှင့် သမဂ္ဂများဖွဲ့စည်းရာတွင် ပိုမိုအဆင်ပြေစေရန် အလုပ်သမား ဥပဒေများပြင်ဆင်ရေးတို့အတွက် အကြံပေးအဖွဲ့တစ်ခု ဖွဲ့စည်းခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာတွင် တရုတ်ပြီးနောက် ဒုတိယအကြီးဆုံးအထည်ချုပ်လုပ်ငန်း နိုင်ငံဖြစ်ကာ နှစ်စဉ်ပြည်ပပို့ကုန်၏ ၈၀ ရာခိုင်နှုန်းမှာ အထည်အလိပ်လုပ်ငန်းမှရရှိသည်။

—*Ref: AFP*



အမေရိကန်အလယ်ပိုင်း အိုကလာဟိုးမား ပြည်နယ်တွင် တော်နေဒိုးလေဆင်နှာမောင်း မုန်တိုင်းတစ်ခု ရှော်နီးမြို့ မြောက်ဘက် အဝေးပြေးလမ်းအမှတ် ၁၇၇ အနီးတိုက်ခတ်ပြီးနောက် တွေ့ရသော ထရပ်ကားများ။ မုန်တိုင်းကြောင့် အနည်းဆုံး လူတစ်ဦးသေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

BILL WAUGH /REUTERS

နောက်ကျောဖုံးမှ

## မီဒီယာဥပဒေသစ်ကြောင့် ပြည်ပရုပ်သံလိုင်းများ ထုတ်လွှင့်မှု ဗီယက်နမ် ရုပ်သံလိုင်း ရပ်ဆိုင်း

ဗီယက်နမ်တွင် လူကြိုက်များသည့် ကြိုးသွယ်ကေဘယ်ရုပ်သံလိုင်းတစ်ခုဖြစ်သော VTV CAB သည်လည်း CNN နှင့် BBC အပါအဝင် နိုင်ငံခြားရုပ်သံလိုင်းများ နည်းတူ မီဒီယာဥပဒေသစ် ထုတ်ပြန်ပြီးနောက် ရပ်ဆိုင်းခဲ့ပြီးဖြစ်သည်။ အဆိုပါဥပဒေမှာ "ဆုံးဖြတ်ချက် ၂၀"ဟု လူသိများပြီး ရုပ်သံဌာနများသည် နိုင်ငံခြားရုပ်သံလိုင်းများကို ပြသရာတွင် မထုတ်လွှင့်မီ၌ တည်းဖြတ်မှုများ လုပ်ရမည်ဟု ကန့်သတ်ထားသည်။ ဥပဒေသည် မေလ ၁၉ ရက်က စတင်အသက်ဝင်ခဲ့သည်။ ဥပဒေတွင် ရုပ်သံဌာနများသည် အစိုးရခွင့်ပြုထားသောဌာနတစ်ခုကသာ တင်ဆက်သည့် အစီအစဉ်များကို တည်းဖြတ်ရန်၊ ဘာသာပြန်တင်ပြရန်နှင့် အစီအစဉ်များသည် လူထုလိုအပ်ချက်များနှင့် ကိုက်ညီရေး၊ မီဒီယာဥပဒေကို မချိုးဖောက်ရေးတို့ကိုပြဋ္ဌာန်းထားသည်။ ထို့အပြင် ဥပဒေက နိုင်ငံခြားရုပ်သံလိုင်းများတွင် ထုတ်လွှင့်သောကြော်ငြာများသည်လည်း ဗီယက်နမ်တွင် ရိုက်ကူးရမည်ဖြစ်ကြောင်း ကန့်သတ်ထားသည်။

နိုင်ငံခြားအစိုးရများနှင့် အခပေးရုပ်သံလိုင်းများကမူ ဗီယက်နမ်အစိုးရအား ဥပဒေကိုပြန်ပြင်ပေးရန်နှင့် ဥပဒေမှာ ဆင်ဆာ၏ လုပ်ပိုင်ခွင့်များကို တရားလွန်ပေးထားကြောင်းဆိုသည်။ ဘီဘီစီသတင်းဌာနကမူ ၎င်းတို့သည် အစိုးရနှင့် ညှိနှိုင်းသွားမည်ဟု ပြောကြားထားသည်။ ဗီယက်နမ်နိုင်ငံတွင် ပြင်သစ်၏ Canal+ ရုပ်သံဌာနနှင့် ဖက်စပ်လုပ်ကိုင်နေသော K+ ရုပ်သံသည် ပြီးခဲ့သည့်အပတ်ကပင် အစိုးရ၏ မီဒီယာဥပဒေသစ် အသက်ဝင်လာပါက ၎င်းတို့ထုတ်လွှင့်နေသော နိုင်ငံခြားရုပ်သံလိုင်း ၂၀ လိုင်းကို ရပ်ဆိုင်းတော့မည်ဟု ကြည့်ရှုသူများအား ကြိုတင်အကြောင်းကြားထားခဲ့သည်။

—*Ref: AP*

## ယာဉ်စည်းကမ်းချိုးဖောက်သူ နိုင်ငံခြားသား ရာပေါင်းများစွာကို ကူဝိတ်အိမ်ပြန်ပို့

**ကူဝိတ်စီးတီး၊မေ-၂၀**

ကူဝိတ်နိုင်ငံတွင် နိုင်ငံခြားမှ လာရောက် အလုပ်လုပ်နေသူ ရာပေါင်းများစွာကို ယာဉ်စည်းကမ်းချိုးဖောက်မှုကြောင့် ၎င်းတို့ နိုင်ငံအသီးသီးသို့ ပြီးခဲ့သည့်လအတွင်း ပြန်ပို့ခဲ့ကြောင်း မေလ ၁၉ ရက်က ထုတ်ပြန်သည့်သတင်းတစ်ရပ်၌ ဖော်ပြသည်။ လူ့အခွင့်အရေးစောင့်ကြည့်သူ အုပ်စုများက ကူဝိတ်အစိုးရ၏ လုပ်ရပ်အား ရှုတ်ချလိုက်သည်။

လွန်ခဲ့သော တစ်လမှစတင်၍ ယာဉ်စည်းကမ်း ချိုးဖောက်သူများအား အရေးယူဆောင်ရွက်ခဲ့ပြီး နိုင်ငံခြားသား ၁,၂၅၈ ဦးအား ပြန်ပို့ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောကြားသည်ကို ကိုးကား၍ အယ်လ်အန်ဘာသတင်းစာတွင် ဖော်ပြသည်။ ကူဝိတ်နိုင်ငံတွင် ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်သူများ၊ မိမိတို့၏ ကားပေါ်တွင် အခကြေးငွေယူ၍ ခရီးသည်တင်ဆောင်သူများ၊ မီးနီဒုတိယအကြိမ်ဖြတ်မောင်းသူများ (သို့မဟုတ်) သတ်မှတ်မိုင်နှုန်း တစ်နာရီ ၂၅ မိုင်နှုန်းအား ကျော်လွန်၍ မောင်းနှင်သူနိုင်ငံခြားသားများကို ရုံးတင်စစ်ဆေးရန် မလိုအပ်ဘဲ ၎င်းတို့၏ နိုင်ငံသို့ ပြန်ပို့နိုင်သည်။

ကူဝိတ်နိုင်ငံရှိ လူ့အခွင့်အရေး စောင့်ကြည့်သူများက အစိုးရ၏ လုပ်ရပ်မှာ ဖိနှိပ်မှုအဖြစ် ဖော်ပြလိုက်ပြီး ထိုကဲ့သို့ နိုင်ငံခြားသားများ ပြန်ပို့နေခြင်းကို ရပ်တန့်ရန် တိုက်တွန်း ပြောကြားသည်။ ကူဝိတ်နိုင်ငံ၏ လူ့အခွင့်အရေး လိုက်နာမှုများကို စိစစ်နေစဉ်ယင်းအပြုအမူကြောင့် နိုင်ငံရပ်ခြားတွင် ကူဝိတ်နိုင်ငံ၏ ဂုဏ်သိက္ခာ ပျက်ပြားစေနိုင်ကြောင်း ၎င်းအဖွဲ့က ပြောသည်။

ကူဝိတ်နိုင်ငံ၌ နိုင်ငံတကာမှ လာရောက်အလုပ်လုပ်နေသူ ၂ ဒသမ ၆ သန်းရှိပြီး နိုင်ငံလူဦးရေ ၃ ဒသမ ၈ သန်း၏ ၆၈ ရာခိုင်နှုန်း ရှိသည်။

အဆိုပါ ပြစ်မှုများ ကျူးလွန်သူ ကူဝိတ်နိုင်ငံသားများ၏ ယာဉ်များကို ဖမ်းဆီးပြီး လူကိုလည်း တရားရုံးသို့ ပို့နိုင်ကြောင်း သိရှိရသည်။

—*Ref:AFP*



7 DAY NEWS JOURNAL
Vol.12, No.11 • MAY 22 , 2013

# ဆီးရီးယားဆွေးနွေးပွဲ အလျင်အမြန် လုပ်ဆောင်ကြရန် ကုလသမဂ္ဂနှင့် ရုရှားတိုက်တွန်း



AFP

**မော်စကို၊မေ-၁၈**

ဆီးရီးယားနိုင်ငံအရေးနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးကွန်ဖရင့်တစ်ရပ်ကို အမြန်ဆုံးကျင်းပသင့်ကြောင်း ကုလသမဂ္ဂနှင့် ရုရှားနိုင်ငံတို့က မေလ ၁၇ ရက်က သဘောတူလိုက်ကြသည်။

စစ်တိုက်နေကြသော ဆီးရီးယားအစိုးရနှင့် အတိုက်အခံများဘက်မှ ကိုယ်စားလှယ်များ ပထမဆုံးအကြိမ် ပါဝင်လာဖွယ်ရှိသော ဆီးရီးယားအရေး နိုင်ငံတကာ အစည်းအဝေးကျင်းပရေးနှင့်ပတ်သက်၍ ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့တို့ တွေ့ဆုံခဲ့ကြသည်။

"အဲဒီအစည်းအဝေးကို အတတ်နိုင်ဆုံး မြန်မြန်ကျင်းပကြလိမ့်မယ်လို့ မျှော်လင့်နေကြပါတယ်။ ကွန်ဖရင့် မြန်မြန်လုပ်နိုင်လေ ကောင်းလေပါပဲ"ဟု မစ္စတာလက်ဗ်ရော့နှင့်အတူ ဘန်ကီမွန်းက သတင်းထောက်များအား ပြောကြားသည်။

သို့သော် မစ္စတာလက်ဗ်ရော့က ဂျီနီဗာမြို့တွင် ပြုလုပ်မည့် အစည်းအဝေးအတွက် ရက်သတ်မှတ်ချိန် စောလွန်းနေသေးကြောင်း သတိပေးပြောကြားသည်။ လောလောဆယ်တွင် ယင်းအစည်းအဝေးကို ဇွန်လပထမပတ်၌ ကျင်းပမည်ဟု မျှော်လင့်ထားသည်။ ယင်းမှာ ဆီးရီးယားကိုယ်စားလှယ်အဖွဲ့တွင် မည်သူမည်ဝါ ပါဝင်မည်ကို မဆုံးဖြတ်ရသေးသောကြောင့်ဟု မစ္စတာလက်ဗ်ရော့က ပြောကြားသည်။

ယင်းအစည်းအဝေး၌ ရုရှားနိုင်ငံ၏ ကုန်သွယ်ဖက် အီရန်နိုင်ငံနှင့် အမေရိကန် မဟာမိတ် ဆော်ဒီအာရေးဗီးယားနိုင်ငံလည်း ပါဝင်သင့်သည်ဟု ရုရှားနိုင်ငံက တောင်းဆိုထားသည်။

ယင်းမတိုင်မီတွင်အမေရိကန် သမ္မတ ဘားရက် အိုဘားမားသည် တူရကီဝန်ကြီးချုပ် တေရစ်အာဒိုဂန်နှင့် ဝါရှင်တန်မြို့၌ တွေ့ဆုံခဲ့ကြပြီးနောက်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် မစ္စတာအာဆတ်အနေဖြင့် ရာထူးမှဆင်းပေးရမည်ဖြစ်ကြောင်း မစ္စတာအိုဘားမားက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ မေလ ၇ ရက်၌ မော်စကိုမြို့သို့ လာရောက်စဉ် ဂျီနီဗာဆွေးနွေးပွဲ ပြုလုပ်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ ယင်းမှာ ၂၆ လကြာမြင့်လာပြီဖြစ်သော ဆီးရီးယားစစ်ပွဲ အဆုံးသတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် စစ်အေးခေတ် ပြိုင်ဘက်နှစ်ဦး၏ တွန်းအားပေးမှုဟု ရှုမြင်ကြသည်။

*—Ref: AFP*

# အကျဉ်းကျခံရသူ အတိုက်အခံ နိုင်ငံရေးသမားတစ်ဦးအား ဗင်နီဇွဲလားလွှတ်ပေး

**ကာရာကတ်စ်၊မေ-၁၈**

ဗင်နီဇွဲလားနိုင်ငံတွင် ဧပြီလအတွင်းက ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲ၌ သမ္မတနီကိုလက်မာဒူရိုအနိုင်ရလိုက်ချိန်တွင် သွေးထွက်သံယိုမှုများဖြစ်ပွားအောင် လှုံ့ဆော်မှုဖြင့် ဖမ်းဆီးခံထားရသည့်အတိုက်အခံနိုင်ငံရေးသမားတစ်ဦးအား ဗင်နီဇွဲလားအစိုးရက ၁၇ ရက်တွင်လွှတ်ပေးလိုက်သည်။

အငြိမ်းစားဗိုလ်ချုပ်ကြီး အန်ထိုနီယိုရီဗာရိုသည်ထောင်ထဲတွင် ရက်သတ္တပတ်သုံးပတ်ကြာ အကျဉ်းချခံခဲ့ရပြီးနောက် လွတ်မြောက်လာပြီဖြစ်ကြောင်း ပြည်တွင်းရုပ်သံဌာနတစ်ခုအား ၎င်းကပြောကြားသည်။

ဖမ်းဆီးခံထားရစဉ်တွင် အစာငတ်ခံဆန္ဒပြခဲ့သည့် ရီဗာရိုသည်ယခုအချိန်တွင်၎င်း၏ကျန်းမာရေးအား အလေးထားရတော့မည်ဖြစ်ကြောင်း ဂလိုဘိုဗီးရှင်းရုပ်သံဌာနသို့ပြောကြားခဲ့သည်။

ဧပြီ ၁၄ ရက် ရွေးကောက်ပွဲကျင်းပစဉ် လူ ၁၁ ဦး သေဆုံးခဲ့ရသည့် အကြမ်းဖက်မှုဖြစ်ပွားရာတွင် ဆန္ဒပြသူများအား ရီဗာရိုက ကူညီပေးနေသည့်ဗီဒီယိုခွေကို အာဏာပိုင်များက ပြသပြီးနောက် ၎င်းအား လျှို့ဝှက်ကြံစည်မှုနှင့် အများပြည်သူအားသွေးထိုးလှုံ့ဆော်မှုဖြင့် တရားရုံးက ၎င်းအား အမိန့်ချခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် မာဒူရိုအား မဲအရေအတွက် ၁ ဒသမ ၅ ရာခိုင်နှုန်းကပ်၍ရှုံးနိမ့်ခဲ့သူ အတိုက်အခံခေါင်းဆောင် ဟင်နရစ်ကာပရီလက်စ်သည် နိုင်ငံအာဏာသိမ်းပိုက်ရန် အကြမ်းဖက်မှုများဖြစ်ပွားအောင်လှုံ့ဆော်နေကြောင်း သမ္မတမာဒူရိုနှင့် အပေါင်းအပါများက ပြောသည်။

ဗင်နီဇွဲလားလွှတ်တော်က ၎င်းအကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးရန် အစိုးရထောက်ခံသူ ဥပဒေပြုအမတ်များသာ ပါဝင်သည့် အထူးကော်မရှင်တစ်ရပ် ဖွဲ့စည်းထားသည်။

—Ref: Reuters



7 DAY NEWS JOURNAL

# International

Vol.12, No.11 • MAY 22 , 2013

## အမေရိကန်နှင့်သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် ဗင်နီဇွဲလားဖော်ဆောင်

**ကာရာတ်စ်၊ မေ-၁၉**

အမေရိကန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် ဗင်နီဇွဲလားနိုင်ငံ၏ လတ်တလော ဆောင်ရွက်နေမှုများမှာ အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ သံတမန်ရေးရာ ပြန်လည်ထူထောင်လိုသည့်ဆန္ဒကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း မေ ၁၉ ရက်တွင် ပြုလုပ်သည့် ရုပ်သံတွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ဗင်နီဇွဲလားနိုင်ငံကို ဆိုရှယ်လစ်ခေါင်းဆောင် ဟူဂိုချားဗက်အုပ်ချုပ်ခဲ့သည့်၁၄နှစ်ကြာကာလအတွင်း ဗင်နီဇွဲလားနှင့် အမေရိကန်နိုင်ငံကြား အငြင်းပွားမှုများ မကြာခဏ ဖြစ်ပွားခဲ့ပြီး နှစ်နိုင်ငံလုံးမှ မိမိတို့သံအမတ်များအား ပြန်လည်ခေါ်ယူခဲ့သည်။

ဝါရှင်တန်အရေးကိစ္စများတာဝန်ခံအဖြစ် ကာလစ်တိုအော်တီဂါအား အစိုးရ၏ကိုယ်စားလှယ်အဖြစ် သတ်မှတ်ခြင်းသည် နှစ်နိုင်ငံသံတမန်များပြန်လည်ခန့်အပ်ရန် အစပျိုးခြင်းဖြစ်နိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အီးလီးယတ်စ်ဂျိုအာက ရုပ်သံမှထုတ်လွှင့်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောသည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလတ်စ်မာဒူရိုက အမေရိကန်နိုင်ငံနှင့်ဆက်ဆံရေးမှာ လေးစားဖွယ်ဖြစ်နေသရွေ့ ကောင်းမွန်စွာဆက်ဆံလိုကြောင်း လွန်ခဲ့သော လအနည်းငယ်က ပြောကြားခဲ့သော်လည်း အမေရိကန်နိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံအား မတည်မငြိမ်ဖြစ်စေရန် ကြိုးပမ်းနေကြောင်း ၎င်းက စွပ်စွဲခဲ့သည်။

၂၀၀၈ ခုနှစ်က ဘိုလီးဗီးယားနိုင်ငံတွင် ဖြစ်ပွားသော အကြမ်းဖက်ဆန္ဒပြပွဲများ၌ အမေရိကန်ပါဝင်သည်ဟု အငြင်းပွားပြီး အမေရိကန်သံအမတ် ပက်ထရစ်ဒူဒီအား ဗင်နီဇွဲလားနိုင်ငံမှ နှင်ထုတ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်သံအမတ်အဖြစ် ရွေးချယ်ခန့်အပ်သည့် လာရီပေါ်မာက ချားဗက်အစိုးရနှင့် လက်ဝဲဝါဒီ ကမ္ဘောဒီးယားသူပုန်များ အချိတ်အဆက်ရှိကြောင်း မှတ်ချက်ပြုခဲ့၍ ၎င်းအား ပိတ်ပင်ခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဗင်နီဇွဲလားနိုင်ငံ သံအမတ်၏ ပြည်ဝင်ခွင့်အား ရုပ်သိမ်းခြင်းဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်။

*—Ref: Reuters*



*ဆီးရီးယားနယ်စပ်အနီး ဂျော်ဒန်မှ မာဖရက်မြို့တွင်ရှိသည့် အယ်လ်ဇာထရီဒုက္ခသည်စခန်းသို့ Oxfam အဖွဲ့အမှုဆောင်အရာရှိချုပ် မာ့က်ဂိုးလ်ရင်းနှင့်အဖွဲ့ကို ကြည့်နေသော ဆီးရီးယားဒုက္ခသည်များ* MAJED JABER /REUTERS

## ဆီးရီးယားဒုက္ခသည်များ ကျန်းမာရေး ကူညီရေးအဖွဲ့ သတိပေး

**အမန်၊မေ-၂၀**

ပူနွေးသော ရာသီသည် ဂျော်ဒန်နှင့် လက်ဘနွန်နိုင်ငံများရှိ ဆီးရီးယားဒုက္ခသည် သိန်းပေါင်းများစွာအတွက် ကျန်းမာရေးနှင့်ဆက်စပ်သော အန္တရာယ်များကို တိုးစေလိမ့်မည်ဟု Oxfam အကူအညီပေးရေးအဖွဲ့က မေလ ၂၀ ရက်တွင် သတိပေးပြောကြားပြီး အရေးပေါ်ဘဏ္ဍာငွေ တောင်းဆိုခဲ့သည်။

အပူချိန်သည်၄၀ ဒီဂရီစင်တီဂရိတ်အထိ တစ်ဟုန်ထိုးမြင့်တက်ခဲ့ပြီး ဂျော်ဒန်နှင့် လက်ဘနွန်နိုင်ငံသို့ ဆီးရီးယားဒုက္ခသည်များ ဆက်လက်ဝင်ရောက်နေသောကြောင့် ကျန်းမာရေး အန္တရာယ်များ အရေးတကြီး ကိုင်တွယ်ရမည်ဟု ထိုအဖွဲ့က ပြောကြားသည်။

ဒုက္ခသည်စခန်းများ၌ ဝမ်းလျှောခြင်း၊ အရေပြားရောဂါပိုးကူးစက်ခြင်းကဲ့သို့ ပြည်သူ့ကျန်းမာရေးနှင့်ဆိုင်သည့် ရောဂါများဖြစ်ပွားမှု များလာကြောင်း ပြောကြားခဲ့သည်။

"ဒုက္ခသည်တွေကို အမိုးအကာ၊ ရေသန့်နဲ့ ယင်လုံအိမ်သာတွေ ထောက်ပံ့ပေးနိုင်ဖို့ ရန်ပုံငွေရှိဖို့က သေရေးရှင်ရေး ဖြစ်နေပါတယ်"ဟု၎င်းအဖွဲ့က ထပ်လောင်းပြောကြားသည်။ ယခု အချိန်အထိ အောက်စ်ဖမ်းအဖွဲ့သည် ၎င်းတို့တောင်းဆိုခဲ့သော ရန်ပုံငွေ၏ ၂၃ ရာခိုင်နှုန်းသာ ရရှိသေးကြောင်း သိရသည်။

ဂျော်ဒန်နိုင်ငံရှိ ဒုက္ခသည်ဦးရေသည် ယခုနှစ်ကုန်ပိုင်းခန့်တွင် ၁ ဒသမ ၂ သန်းအထိ ရောက်ရှိနိုင်ပြီး ၎င်းဒုက္ခသည်ဦးရေမှာ ဂျော်ဒန်လူဦးရေ၏ ငါးပုံတစ်ပုံနှင့်ညီမျှသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

"ဒုက္ခသည်တွေကို သန့်ရှင်းတဲ့ရေ၊ သင့်တင့်ကောင်းမွန်တဲ့ မိလ္လာစနစ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးဖို့ဆိုတာ ကုန်ကျစရိတ်ကြီးပါတယ်။ အခု အဓိကလျှုဒါန်းဖို့ အချိန်ရောက်နေပါပြီ"ဟု အောက်စ်ဖမ်းအဖွဲ့၏ ဒေသတွင်း လူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းဆောင်ရွက်သူ ရစ်ခ်ဘာရာက ပြောကြားသည်။

"ဝမ်းနည်းစရာ အမှန်တရားကတော့ ဆီးရီးယားဒုက္ခသည်တွေဟာ သူတို့နေရပ်ကို ပြန်နိုင်ကြဦးမှာမဟုတ်ပါဘူး။ အဲဒီတော့ လက်ဘနွန်နဲ့ ဂျော်ဒန်နိုင်ငံတွေမှာရှိတဲ့ ဒုက္ခသည်စခန်းတွေဟာ အရေးပေါ် အကူအညီတွေ လိုအပ်နေပါတယ်။ အောက်စ်ဖမ်းအဖွဲ့ဟာ ဆီးရီးယားဒုက္ခသည်တွေရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး တကယ် စိုးရိမ်နေပါတယ်"ဟု မစ္စတာရစ်ခ်က ပြောကြားသည်။

ပြီးခဲ့သောလကလည်း လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပိုမိုပေးအပ်ရန် အောက်စ်ဖမ်းအဖွဲ့က ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား တိုက်တွန်းခဲ့သည်။

*—Ref: AFP*

## မီဒီယာဥပဒေသစ်ကြောင့် ပြည်ပ ရုပ်သံလိုင်းများ ထုတ်လွှင့်မှု ဗီယက်နမ် ရုပ်သံလိုင်း ရပ်ဆိုင်း

**ဟန္နွိုင်း၊မေ-၂၀**

ဗီယက်နမ်ပြည်တွင်း ဂြိုဟ်တုရုပ်သံဌာနတစ်ခုဖြစ်သော K+ သည် နိုင်ငံ၏ အသစ်ပြဋ္ဌာန်းလိုက်သော မီဒီယာဥပဒေနှင့် အညီဖြစ်ရန် ပြည်ပရုပ်သံလိုင်းများဖြစ်သော CNN, BBC နှင့် Star World ရုပ်သံလိုင်းများကို ထုတ်လွှင့်ခြင်းအား ရပ်ဆိုင်းလိုက်သည်။

**စာမျက်နှာ(၄၆)သို့**

စာမျက်နှာ(၄၆)သို့

## ဘင်္ဂလားဒေ့ရှ် အထည်ချုပ် လုပ်သားများ ဆန္ဒပြ ရဲတပ်ဖွဲ့ နှိမ်နင်း

**ဒါကာ၊မေ-၂၀**

ဘင်္ဂလားဒေ့ရှ်မြို့တော် ဒါကာတွင် မေလ ၂၀ ရက် နံနက်ပိုင်း၌ လုပ်ခလစာ တိုးပေးရေးအတွက် အထည်ချုပ်လုပ်သားများ ထောင်နှင့်ချီ၍ ဆန္ဒပြပွဲတစ်ခုကို ကျင်းပခဲ့ရာ ရဲတပ်ဖွဲ့က ရာဘာကျည်ဆန်များ၊ မျက်ရည်ယိုဗုံးများသုံး၍ နှိမ်နင်းခဲ့သည်။

ဆန္ဒပြသူများသည် မြို့တော်ပြင်ပရှိ အရှုလီယာစက်မှုဇုန်တွင် အဓိကအဝေးပြေးလမ်းမကြီးတစ်ခုကို ပိတ်ဆို့ရန် ကြိုးစားခဲ့ရာမှ ရဲတပ်ဖွဲ့က နှိမ်နင်းခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။ ထိုနေရာမှာ ဝေါလ်မတ်ကဲ့သို့သော အနောက်တိုင်းအထည်ကုမ္ပဏီကြီးများအတွက် အဝတ်အထည်များ ချုပ်လုပ်ရာစက်ရုံအများအပြားရှိသောနေရာလည်း ဖြစ်သည်။ အရှုလီယာ ရဲတပ်ဖွဲ့အကြီးအကဲ ဘတ်ဒရူအလမ်က "အလုပ်သမားတွေက လုပ်ခလစာမြှင့်ပေးဖို့ တောင်းကြတာပါ။ သူတို့ ဆန္ဒပြရင်း အကြမ်းဖက်လာပြီး လမ်းမကို ပိတ်ဖို့ကြိုးစားချိန်မှာ ကျွန်တော်တို့က ရာဘာကျည်တွေ၊ မျက်ရည်ယိုဗုံးတွေနဲ့ ပစ်ပြီး လူစုခွဲဖို့ကြိုးစားခဲ့ပါတယ်" ဟု ပြောသည်။ အချို့သော ဆန္ဒပြသူများသည် ရဲများကို ကျောက်ခဲများဖြင့် ပစ်ခတ်ခဲ့ပြီး ကားများကိုလည်း တိုက်ခိုက်ခဲ့ကြောင်း ၎င်းက ဆိုသည်။ ဆန္ဒပြမှုတွင် အလုပ်သမားနှစ်သောင်းခန့်ပါဝင်မည်ဟု ရဲကခန့်မှန်းပြီး ဒေသခံရုပ်သံလိုင်းတစ်ခုကမူ ထိပ်တိုက်ရင်ဆိုင်မှုများအတွင်း ဆန္ဒပြသူ ၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ပြောသည်။

အရှုလီယာစက်မှုဇုန်ရှိ စက်မှုဇုန်များသည် ရာနာပလာဇာရှစ်ထပ်တိုက် ပြိုကျပြီးနောက် ဖြစ်ပေါ်လာခဲ့သော အလုပ်သမားဆန္ဒပြမှုများကြောင့်

စာမျက်နှာ(၄၆)သို့

